The Commerce Journal

http://www.commercejournal.com.mm

စီးပွားရေးအောင်မြင်ရန်သတင်းအချက်အလက်ကိုအခြေခံ

စီးပွားရေးသတင်းဂျာနယ်

VOL.23, NO. 7 | တနင်္လာနေ့တိုင်းထုတ်ဝေသည် | March 27, 2023







ကောမတ်စ် ပုံနှိပ်လုပ်ငန်း

အောက်ပါလုပ်ငန်းများကိုလက်ခံဆောင်ရွက်ပေးနေပါသည်။

Pamphlets, Calendar(Table/Wall)
Visiting Card, Company Letter Head
File Holder, Business Cards
Certificates Labels, Voucher, Book,
Catalouges, Postcards, Envelopes, Journal

No.240(A), Upper Pazundaung Road, Setsan, Mingala Taung Nyunt Tsp: | Ph:09 43034879, 09 795679800, 09 420119709

# Mottama
Trading Co., Ltd.

## Flat & Coil Products




Pre-painted galvalume steel coils | Hot dipped galvanized steel coils | Cold rolled steel sheets



Hot rolled steel sheets | Hot rolled steel coils | Chequered plates

## Long Products



Steel sheet piles | H beams | MS Circular Hollow Sections



GI Hollow Sections | Wire rods | Deformed bars

**YGN Office :**
No 106, Bayint Naung Rd., Shwe Pyi Thar Industrial Zone 4, Insein Tsp., Yangon, Myanmar. +959765454314, +013618432

**MDY Office :**
No. Wa Wa-31, 2 (B), 62nd Rd., Bet Ast & Bst Nat Yae Kan Village Tract, Amarapura Tsp, Mandalay, Myanmar. +959765454304

info@mottamatrading.com www.mottamatrading.com

# Mottama
Logistics Hub Co., Ltd.

## Port Services



## ICD



## Transportation



## Warehousing Services



**Head Office :** 124, Seik Kan Thar St., Industrial Zone 2, Shwe Pyi Thar Tsp., Yangon, Myanmar.


**Office 2 :** 121, Seik Kan Thar St., Industrial Zone 7, Hlaing Thar Yar Tsp., Yangon, Myanmar.

**Contact No :** +959765484668, +959765484669, +959765484670, +959765484674

info@mottamalogistichub.com www.mottamalogistichub.com

# EXCELLENT

## Value-Added Steel Structure Products



## Office & Home Furniture



No. 106, Bayint Naung Rd., Industrial Zone 4, Shwe Pyi Thar Tsp., Yangon, 11411, Myanmar

09-765473545, 09-765454328
www.facebook.com/excellentfurniture
info@excellent.com.mm

# မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်နှင့် မြန်မာနိုင်ငံ သစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်း အလုပ်အမှုဆောင်များနှင့်တွေ့ဆုံ

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးသည် မတ် ၁၈ ရက် နံနက် ၉ နာရီခွဲတွင် ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်ရှိ ကုန်ပစ္စည်း စမ်းသပ်စစ်ဆေးရေးနှင့် အရည်အသွေး စီမံခန့်ခွဲမှုဌာနစု (Commodity Testing and Quality Management - CTQM) သို့ ရောက်ရှိပြီး အဆိုပါဌာနစုအတွင်း သီးနှံများ အရည်အသွေး စစ်ဆေးခြင်း၊ စားသုံးဆီများ အရည်အသွေး စစ်ဆေးခြင်းလုပ်ငန်း ဆောင်ရွက်မှု အခြေအနေများနှင့် ဓာတ်ခွဲခန်းသုံးပစ္စည်းများ၏ အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဝန်ထမ်းများနှင့် တွေ့ဆုံ၍ ပိုမိုအရည်အသွေးမြင့်မားသည့် ဌာနစုဖြစ်လာရေး၊ ဝန်ထမ်းတစ်ဦးချင်းစီ၏ စွမ်းဆောင်ရည် မြှင့်တင်ရေးနှင့် ကောက်ပဲသီးနှံ ပြည်ပပို့ကုန် မြှင့်တင်ရေးအတွက် အရေးပါသည့် ကုန်ပစ္စည်းစမ်းသပ်စစ်ဆေးမှု လုပ်ငန်းများ ပိုမိုအဆင့်မြှင့်ဆောင်ရွက်နိုင်ရေးဆိုင်ရာ ကိစ္စများကို မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မြန်မာနိုင်ငံ သစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်း၏ ညီနောင်အသင်းဖြစ်သော မြန်မာနိုင်ငံ ထောပတ်သီး စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းမှ အလုပ်အမှု ဆောင်များနှင့် တွေ့ဆုံ၍ မြန်မာ့ထောပတ်သီးများ အရည်အသွေးမီ စိုက်ပျိုးထုတ်လုပ်နိုင်ရေး၊ ဈေးကွက်တိုးချဲ့၍ ပြည်ပသို့ ပိုမိုတင်ပို့နိုင်ရေးနှင့် ပြည်ပသို့ တင်ပို့ရာတွင် ဈေးကွက်နိုင်ငံ၏ လိုလားချက်နှင့်အညီ တင်ပို့နိုင်ရေးအတွက် လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးရေးကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်၏ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ ဆန်စပါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်တွင်း ဆန်စပါးဈေးနှုန်း တည်ငြိမ်စေရေးနှင့် ပြည်တွင်းဈေးကွက်ကို ထိခိုက်မှုမရှိစေဘဲ ပြည်ပသို့ ပုံမှန်တိုးမြှင့်တင်ပို့နိုင်ရေးနှင့် ကုန်ပစ္စည်းစမ်းသပ်စစ်ဆေးရေးနှင့် အရည်အသွေး စီမံခန့်ခွဲမှုဌာနစု (Commodity Testing and Quality Management - CTQM) နှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စများကို ဆွေးနွေးညှိနှိုင်းခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် အဆိုပါဌာနစုဝင်းအတွင်း ဆန်ကြိတ်ခွဲမှုသင်တန်း ဖွင့်လှစ်ရန်အတွက် သင်တန်းသား သင်တန်းခန်းမနှင့် အိပ်ဆောင်များအား ကြိုတင်ပြင်ဆင်ရေးအတွက် လှည့်လည်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**MOC(IR)**

# စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး စားသုံးသူရေးရာဦးစီးဌာန၊ စစ်ကိုင်းတိုင်းဒေသကြီးဦးစီးမှူးရုံးသို့ ကြည့်ရှုစစ်ဆေး

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးသည် မတ် ၁၉ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူးရုံးသို့ သွားရောက်စစ်ဆေးခဲ့ကြောင်း သိရှိရသည်။

ပြည်ထောင်စုဝန်ကြီးသည် စားသုံးသူရေးရာဦးစီးဌာန စစ်ကိုင်းတိုင်းဒေသကြီး တိုင်းဒေသကြီးဦးစီးမှူးရုံးအား စစ်ဆေးရာတွင် ရုံးစာကြည့်တိုက်တွင် စာအုပ်များထားရှိမှု အခြေအနေ၊ မှတ်တမ်းများထားရှိမှု အခြေအနေများကို လည်းကောင်း၊ ဌာနခွဲများတွင် လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကိုလည်းကောင်း၊ ရုံးနှင့် ရုံးပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ထားရှိမှု အခြေအနေများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ဝန်ထမ်းများ တွေ့ဆုံပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ စားသုံးသူရေးရာဦးစီးဌာန၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တိုင်းဒေသကြီးဦးစီးမှူး ဦးကျော်ကျော်လွင်က မိမိတို့တိုင်းဒေသကြီးအနေဖြင့် လုပ်ငန်းဆောင်ရွက်မှုများ၊ ဝန်ထမ်း သက်သာချောင်ချိရေး ဆောင်ရွက်မှုများ၊ လုပ်ငန်းခွင်ပျော်ရွှင်စေရေး ဆောင်ရွက်မှုများ၊ ကြုံတွေ့ရသည့် အခက်အခဲများအား power points များဖြင့် အသေးစိတ်ရှင်းလင်းတင်ပြခဲ့ရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက စစ်ကိုင်းတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှ ဝန်ထမ်းများအား စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ မျှော်မှန်းချက်၊ ရည်မှန်းချက်များအပေါ် မည်သို့ အကောင်အထည်ဖော်ဆောင်ရွက်ရမည်ကို လမ်းညွှန်မှာကြားခဲ့ပြီး လုပ်ငန်းများကို ကြိုးစားဆောင်ရွက်ကြရန်၊ စဉ်ဆက်မပြတ် လေ့လာသင်ယူကြရန်နှင့် စာဖတ်သည့် အလေ့အထကောင်းကို ပြုစုပျိုးထောင်ကြရန် လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

**နိုင်မျိုးထွန်း (DOCA)**

# စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်ရေးဦးစီးဌာနနှင့် တရုတ်နိုင်ငံ လင်ချမ်းမြို့တော်ဝန် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့တို့အကြား စီးပွားရေးနှင့် ကုန်သွယ်ရေးကိစ္စရပ်များ ပိုမိုမြှင့်တင်နိုင်ရေးအတွက် ဆွေးနွေး

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်သူရနှင့် တရုတ်နိုင်ငံ လင်ချမ်းမြို့ မြို့တော်ဝန် Mr. Du Jianhui တို့ ဦးဆောင်၍ စီးပွားရေးနှင့် ကုန်သွယ်ရေးကိစ္စရပ်များ ပိုမိုမြှင့်တင်နိုင်ရေး ညှိနှိုင်းအစည်းအဝေးအား မတ် ၂၁ ရက် မွန်းလွဲပိုင်းက ရုံးအမှတ်(၃) နေပြည်တော်၌ ကျင်းပခဲ့သည်။

အစည်းအဝေးကို မြန်မာ-တရုတ် နှစ်နိုင်ငံအကြား စီးပွားရေးနှင့် ကုန်သွယ်ရေးကိစ္စရပ်များ ပိုမိုမြှင့်တင်ဆောင်ရွက်ရန် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ပြီး လေးကြိမ်မြောက် မြန်မာ(နေပြည်တော်)- တရုတ် (လင်ချမ်း) နယ်စပ်စီးပွားကုန်စည်ပြပွဲ၊ မြန်မာ-တရုတ် နှစ်နိုင်ငံအကြား တစ်ဆင့်ဖြတ်သန်းကုန်သွယ်မှုဆိုင်ရာ သဘောတူညီချက် ရေးထိုးနိုင်ရေးအတွက် နှစ်ဦးနှစ်ဖက်မှ တွန်းအားပေး ဆောင်ရွက်သွားရေး၊ မြန်မာ-တရုတ်နယ်စပ် ချင်းရွှေဟော်ဂိတ်မှ ဖြတ်ကျော်သည့် တတိယနိုင်ငံ၏ ကုန်ပစ္စည်းကုန်သွယ်မှုများ အဆင်ပြေချောမွေ့စေရေး၊ နယ်စပ်ဂိတ် ကုန်သွယ်မှုများ တိုးမြှင့်နိုင်ရေး ကိစ္စရပ်များအပြင် မြန်မာ-တရုတ် နှစ်နိုင်ငံအကြား စီးပွားရေးနှင့် ကုန်သွယ်ရေးကိစ္စရပ်များ ပိုမိုမြှင့်တင်နိုင်ရေး ကိစ္စရပ်များအား ဆွေးနွေးခဲ့ကြပြီး အစည်းအဝေးကို ညနေ ၄ နာရီတွင် ရုပ်သိမ်းခဲ့သည်။

အစည်းအဝေးသို့ မြန်မာနိုင်ငံဘက်မှ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဒေါ်နော်မူတာကပေါ၊ ကုန်သွယ်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ဘာသာရပ်တာဝန်ခံများနှင့် တရုတ်နိုင်ငံဘက်မှ ကိုယ်စားလှယ်ရှစ်ဦးတို့ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**MOC(IR)**

## ကောမတ်စ်ဂျာနယ် ထုတ်ဝေမှု ခေတ္တရပ်နားမည်

ကောမတ်စ်ဂျာနယ် ထုတ်ဝေမှုကို သင်္ကြန်ကာလ ရုံးပိတ်ရက်များတွင် “ခေတ္တ” ရပ်နားမည်ဖြစ်ပြီး ဧပြီ ၂၄ ရက်မှစ၍ ပုံမှန်အတိုင်း ပြန်လည်ထုတ်ဝေမည်ဖြစ်ကြောင်း စာဖတ်ပရိသတ်များအား အသိပေးအပ်ပါသည်။

**အယ်ဒီတာ**

Commerce
JOURNAL

**အတိုင်ပင်ခံစာတည်း**
ဝင်းလွင်
အောင်သွင်ဦး
ဒေါက်တာထိန်လင်း

**စာတည်းမှူးချုပ်**
ရန်နိုင်လွင်

**အုပ်ချုပ်ရေးမှူး**
မြမြစိန်

**တာဝန်ခံစာတည်း**
စိန်သံ

**စာတည်းအဖွဲ့**
ရဲမင်းနိုင်

**လက်ထောက်စာတည်း**
ယဉ်ယဉ်အေး

**သတင်းထောက်များ**
ရီလင်းထွဋ်(မုံရွာ)၊
ကြည်နိုင်ဦး(အင်းတော်)၊ မင်းဇော်မွန်(ဖျာပုံ)၊
မြင့်ဦး(ပခုက္ကူ)၊ ခင်ဆွေဝင်း(ပြည်)၊
ဝေဝေမင်း(ပြည်)
မင်းမင်းဦး(ပုသိမ်)
ဝင်းဝင်းခိုင်(ပြည်)
သန်းသန်းတင်(မုံရွာ)
စန္ဒာစိုးလွင်(မကွေး)

**Proof & Layout Design ကြီးကြပ်**
အိမ့်သဇင်ခိုင်

**ကြော်ငြာတာဝန်ခံ**
ထွန်းထွန်းဝင်း (၀၉ ၇၇၇ ၁၂၇၂၇၂)

**ထုတ်ဝေသူ**
ဦးမျိုးခိုင်ဝင်း (၀၁၀၅၅)
အမှတ်-၂၂၈/၂၄၀၊
ကမ်းနားလမ်း၊
ပန်းဘဲတန်းမြို့နယ်။
ဖုန်း-၂၅၁၁၉၇၊ ၃၇၁၀၂၃

**ဖြန့်ချိရေးတာဝန်ခံ**
ဇော်ဝင်း

**ဖြန့်ချိရေး**
အုန်းခင်(၀၉-၄၃၀၄၁၇၄၉)

**ကွန်ပျူတာ**
ခြူးခြူးနိုင်၊ မေသန္တာမိုး

**Layout Design & Graphic Design**
CJ Design Group

**ပုံနှိပ်သူ**
ကောမတ်စ်ဂျာနယ်ပုံနှိပ်တိုက်(၀၀၉၇၇)
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

**Email Address**
commercejournal.editor@gmail.com

# မိတ္ထီလာခရိုင်အတွင်း အရောင်းအဝယ်ဖြစ်နေသော ဈေးနှုန်းများ

**ဆန်/စပါး**

မိတ္ထီလာခရိုင်တွင် စပါးကို မိတ္ထီလာ၊ မလှိုင်၊ ဝမ်းတွင်း၊ သာစည်မြို့နယ်များတွင် စိုက်ပျိုးကြပြီး ၂၀၂၂-၂၀၂၃ ခုနှစ်တွင် စိုက်ဧက ၁၀၀၇၃၃၊ ရိတ်ဧက ၈၁၇၉၃ နှင့် အထွက် ၅၄၃၈၇၈၅ တင်း ထွက်ရှိကြောင်း၊ ထွက်ရှိသော စပါးများကို ဒေသတွင်း စားသုံးမှုအတွက် ကြိတ်ခွဲထုတ်လုပ်ရောင်းချကြောင်း သိရသည်။

မိတ္ထီလာခရိုင်အတွင်း မတ်လတတိယပတ်တွင် ဈေးကွက်အတွင်း ဖြစ်ပေါ်နေသော စပါး/ဆန် ဈေးနှုန်းများမှာ မနောသုခ စပါးတင်း ၁၀၀ လျှင် ကျပ် ၁၇ သိန်း၊ ဧရာပဒေသာ စပါးတင်း ၁၀၀ လျှင် ကျပ် ၁၉ သိန်းခန့်ရှိပြီး၊ မနောသုခဆန်(သစ်)တစ်အိတ်လျှင် ကျပ် ၆၀၀၀၀၊ မနောသုခ ဆန် (ဟောင်း) တစ်အိတ်လျှင် ကျပ် ၇၀၀၀၀၊ ဧရာပဒေသာဆန်(သစ်) တစ်အိတ်လျှင် ကျပ် ၇၅၀၀၀၊ ဧရာပဒေသာဆန်(ဟောင်း) တစ်အိတ်လျှင် ကျပ် ၉၀၀၀၀၊ ရွှေဘိုပေါ်ဆန်း(သစ်) တစ်အိတ်လျှင် ကျပ် ၉၅၀၀၀၊ ရွှေဘိုပေါ်ဆန်း (ဟောင်း) တစ်အိတ်လျှင် ကျပ် ၁၀၀၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်ကြောင်း သိရှိရသည်။

**ဓာတ်မြေဩဇာ**

မိတ္ထီလာခရိုင်တွင် စိုက်ပျိုးသည့် ဆန်စပါး၊ ပဲမျိုးစုံ၊ ဆီထွက်သီးနှံ၊ စားဖိုဆောင်သီးနှံများတွင် အသုံးပြုသည့် သွင်းအားစု ဓာတ်မြေဩဇာဈေးနှုန်းများ ဈေးကွက်အနည်းငယ် အေးလျက်ရှိသည်။ ယခုမတ်လတွင် ဈေးကွက်အတွင်း ဖြစ်ပေါ်နေသော ဓာတ်မြေဩဇာ ဈေးနှုန်းများမှာ ရွှေတောင် (50) kg တစ်အိတ်လျှင် ကျပ် ၇၇၀၀၀၊ ပုလဲ (50) kg တစ်အိတ်လျှင် ကျပ် ၇၇၀၀၀၊ အမို(50) kg တစ်အိတ်လျှင် ကျပ် ၁၂၈၀၀၀၊ MC (50) kg တစ်အိတ်လျှင် ကျပ် ၁၂၈၀၀၀၊ ကွန်ပေါင်း (50) kg တစ်အိတ်လျှင် ကျပ် ၁၄၅၀၀၀၊ ပိုတက် (50) kg တစ်အိတ်လျှင် ကျပ် ၁၄၅၀၀၀ ဈေးဖြင့် ရောင်းချလျက်ရှိပြီး ယခင်လနှင့်နှိုင်းယှဉ်လျှင် ဓာတ်မြေဩဇာ ဈေးနှုန်းများ ကျဆင်းလျက်ရှိပြီးကြောင်း မိတ္ထီလာခရိုင်တွင်း ဓာတ်မြေဩဇာများကို ရန်ကုန်မှ အဓိကတင်သွင်း ရောင်းချကြောင်း ဓာတ်မြေဩဇာ အရောင်းဆိုင်မှ သိရှိရသည်။

**သက်ထူးအောင်၊ မြို့ရီ (မိတ္ထီလာ)**



## သထုံခရိုင်၏ ဆန်၊ စပါး ဈေးနှုန်းနှင့် စီးဝင်/စီးထွက်မှု အခြေအနေ

သထုံခရိုင်အတွင်းရှိ မြို့နယ်များ၌ မတ်လ ဒုတိယပတ်တွင် စပါး၊ ဆန်ဈေးနှုန်းမှာ တည်ငြိမ်လျက်ရှိပြီး ဆန်ဈေးအနည်းငယ်တက်ခဲ့ကြောင်း သိရှိရသည်။ သထုံခရိုင်အတွင်းမှ အခြားတိုင်းဒေသကြီးနှင့် အခြား ခရိုင်/မြို့နယ်များသို့ ဆန်စီးထွက်မှုနှုန်းမှာ မော်လမြိုင်သို့ အိတ် ၃၂၀၀ ခန့်၊ ကရင်ပြည်နယ်သို့ အိတ် ၃၃၀၀ ခန့် စုစုပေါင်း အိတ် ၆၅၀၀ ခန့်၊ တန်ချိန်အားဖြင့် ၃၁၀ တန်ခန့် စီးထွက်ခဲ့၍ ယခုမတ်လ၏ တတိယပတ်တွင် မော်လမြိုင်သို့ အိတ် ၃၃၀၀ ခန့်၊ ကရင်ပြည်နယ်သို့ အိတ် ၄၀၀၀ ခန့် စုစုပေါင်း အိတ် ၇၃၀၀ ခန့်၊ တန်ချိန်အားဖြင့် ၃၅၀ တန်ခန့် စီးထွက်ခဲ့ပြီး ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်ပါက အနည်းငယ်ပို၍ စီးထွက်ခဲ့သည်။

သထုံခရိုင်အတွင်းသို့ မတ်လ ဒုတိယပတ်တွင် ဆန်စီးဝင်မှုနှုန်းမှာ ရန်ကုန်တိုင်းဒေသကြီးမှ အိတ် ၂၃၀၀ ခန့်၊ ပဲခူးတိုင်းဒေသကြီးမှ အိတ် ၂၇၀၀ ခန့်၊ စုစုပေါင်း အိတ် ၅၀၀၀ ခန့် တန်ချိန်အားဖြင့် ၂၄၀ တန်ခန့် စီးဝင်ခဲ့ပြီး ယခုမတ်လ၏ တတိယပတ်တွင် ရန်ကုန်တိုင်းဒေသကြီးမှ ၁၈၀၀ အိတ်ခန့်၊ ပဲခူးတိုင်းဒေသကြီးမှ အိတ် ၂၆၀၀ ခန့်၊ စုစုပေါင်း အိတ် ၄၄၀၀ ခန့် တန်ချိန်အားဖြင့် ၂၁၀ တန်ခန့်စီးဝင်ခဲ့ပြီး ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်ပါက အနည်းငယ်လျော့၍ စီးဝင်ခဲ့သည်။

သထုံခရိုင်အတွင်းရှိ မြို့နယ်များ၌ ယခု မတ်လ တတိယပတ်၌ စပါး၊ ဆန်ဈေးနှုန်းများမှာ ၄၆ ပေါင်ကိုက် စပါးတင်း ၁၀၀ လျှင် ဒေသပေါက်ဈေး ကျားပျံဟိုတယ် ကျပ် ၁၉၀၀၀၀၀ ခန့်၊ ပေါ်ဆန်းဝါ ကျပ် ၁၈၀၀၀၀၀ ခန့်၊ ကမာကြည် ကျပ် ၁၆၀၀၀၀၀ ခန့်နှင့် ၂၄ ပြည်ဝင် ဆန်တစ်အိတ်လျှင် ကျားပျံဟိုတယ် ကျပ် ၇၃၀၀၀ ခန့်၊ ပေါ်ဆန်းဝါ ကျပ် ၇၁၀၀၀ ခန့်၊ ကမာကြည် ကျပ် ၆၅၀၀၀ ခန့်ရှိပြီး ဧည့်မထ ကျပ် ၅၃၀၀၀ ခန့်ရှိကြောင်းနှင့် ယခုတစ်ပတ်တွင် စပါး/ဆန်ဈေးနှုန်းမှာ တည်ငြိမ်လျက်ရှိပြီ ဆန်ဈေးအနည်းငယ် အတက်ဘက်သို့ ဦးတည်လျက်ရှိကြောင်း သိရှိရသည်။ **ထိန်လင်း(သထုံ)**

# ဆန်နှင့် ဆန်ကွဲ တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁၃ သန်းကျော်ရရှိ

**ဆန်**

မတ် ၁၁ ရက်မှ ၁၇ ရက်ထိကာလအတွင်း ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ ဆန်တန်ချိန် ၁၉၈၀၀ ကျော် တင်ပို့ခဲ့ပြီး အမေရိကန်ဒေါ်လာ ၈ ဒသမ ၆၁၆ သန်း ရရှိခဲ့သည်။

တင်ပို့မှုအနေဖြင့် အာရှနိုင်ငံများသို့ ဆန်တန်ချိန် ၁၀၀၉၀ ကျော်နှင့် အီးယူအဖွဲ့ဝင်နိုင်ငံများသို့ ဆန်တန်ချိန် ၉၇၇၀ ကျော်တင်ပို့ခဲ့သည်။ အာရှတွင် ဆန်တင်ပို့သော နိုင်ငံများမှာ ဖိလစ်ပိုင်နိုင်ငံသို့ ဆန်တန်ချိန် ၅၈၀၀ ကျော်၊ တရုတ်နိုင်ငံသို့ ဆန်တန်ချိန် ၃၂၉၀ ကျော်နှင့် မလေးရှားနိုင်ငံသို့ ဆန်တန်ချိန် ၁၀၀၀ ခန့်တင်ပို့သည်။ ဆန်အများဆုံးတင်ပို့သော အီးယူအဖွဲ့ဝင်နိုင်ငံများမှာ တူရကီနိုင်ငံသို့ ဆန်တန်ချိန် ၂၅၄၀ ကျော်၊ စပိန်နိုင်ငံသို့ ဆန်တန်ချိန် ၂၀၅၀ ခန့်၊ ပိုလန်နိုင်ငံသို့ ဆန်တန်ချိန် ၁၄၂၀ ကျော်၊ ဆလိုဗေးနီးယားနိုင်ငံသို့ ဆန်တန်ချိန် ၅၁၀ ခန့်၊ ဘူလ်ဂေးရီးယားနိုင်ငံသို့ ဆန်တန်ချိန် ၅၀၀ ခန့်၊ နယ်သာလန်သို့ ဆန်တန်ချိန် ၅၀၀ ခန့်၊ လစ်သူရေးနီးယားနိုင်ငံသို့ ဆန်တန်ချိန် ၅၀၀ ခန့်၊ လက်ဘန္ဓွန်နှင့် အီတလီသို့ ဆန် ၃၇၅ ခန့်စီ၊ ပေါ်တူဂီနိုင်ငံသို့ ဆန်တန်ချိန် ၂၅၀၊ ဘယ်လ်ဂျီယံနိုင်ငံသို့ ဆန်တန်ချိန် ၃၂၀ ကျော်၊ ချက်နိုင်ငံ၊ ဟန်ဂေရီနိုင်ငံ၊ ခရိုအေးရှားနိုင်ငံတို့သို့ ဆန်တန်ချိန် ၁၀၀ ကျော်စီနှင့် ပြင်သစ်နိုင်ငံသို့ အနည်းငယ် တင်ပို့ခဲ့သည်။ ယခင်တစ်ပတ် တင်ပို့မှုနှင့်နှိုင်းယှဉ်ပါက ဆန်တန်ချိန် ၁၂၀၀ ကျော် ပိုမိုတင်ပို့ခဲ့သည်။

**ဆန်ကွဲ**

မတ် ၁၁ ရက်မှ ၁၇ ရက်ထိကာလအတွင်း ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ ဆန်ကွဲတန်ချိန် ၁၁၉၉၀ ကျော် တင်ပို့ခဲ့ပြီး အမေရိကန်ဒေါ်လာ ၄ ဒသမ ၁၅၆ သန်း ရရှိခဲ့သည်။

တင်ပို့မှုအနေဖြင့် တရုတ်နိုင်ငံသို့ ဆန်ကွဲတန်ချိန် ၅၁၂၀ ကျော်နှင့် အီးယူအဖွဲ့ဝင်နိုင်ငံများဖြစ်သော ဘယ်လ်ဂျီယံနိုင်ငံသို့ ဆန်ကွဲတန်ချိန် ၃၄၀၀ ခန့် စပိန်နိုင်ငံသို့ ဆန်ကွဲတန်ချိန် ၈၀၀ ခန့်၊ အင်္ဂလန်နိုင်ငံသို့ ဆန်ကွဲတန်ချိန် ၃၇၀ ကျော်၊ ပိုလန်နိုင်ငံ ဆန်ကွဲတန်ချိန် ၃၇၀ ကျော်၊ အီတလီနိုင်ငံသို့ ဆန်ကွဲတန်ချိန် ၃၀၀ ကျော်၊ လစ်သူရေးနီးယားနိုင်ငံနှင့် ပြင်သစ်နိုင်ငံတို့သို့ ဆန်ကွဲတန်ချိန် ၂၅၀ စီနှင့် နယ်သာလန်နိုင်ငံသို့ ဆန်ကွဲတန်ချိန် ၁၀၀ကျော်တင်ပို့ခဲ့သည်။

ယခုတစ်ပတ် မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်မှုမှ ဆန်ကွဲတန်ချိန် ၁၄၆၀ ကျော် တင်ပို့ပြီး တန်ဖိုး အမေရိကန်ဒေါ်လာ သုညဒသမ ၅၁၇ သန်း ရရှိခဲ့သည်။ နည်းလမ်းနှစ်သွယ်မှ ဆန်ကွဲတန်ချိန် ၁၃၄၅၀ ကျော် တင်ပို့ခဲ့ပြီး တန်ဖိုး အမေရိကန်ဒေါ်လာ ၄ ဒသမ ၆၇၃ သန်းရရှိခဲ့သည်။ ယခုတပတ်တွင် ဆန်နှင့်ဆန်ကွဲ တင်ပို့မှုတန်ချိန် စုစုပေါင်း ၃၃၂၅၀ ကျော်ရှိပြီး တန်ဖိုး အမေရိကန်ဒေါ်လာ ၁၃ ဒသမ ၂၈၉ သန်း ရရှိခဲ့သည့်။

**အေးအေးသန့် (DOT)**

# ကသာခရိုင် ပဲပုပ်သီးနှံ စတင်ရိတ်သိမ်းချိန် ဈေးကောင်းရ

ကသာခရိုင်၌ ပဲပုပ်သီးနှံကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ခရိုင်စိုက်ဧကပေါင်း ၅၃၅၉ ဧကရှိသည်။ မတ်လပထမပတ်၌ ပဲပုပ်သီးနှံ စတင်ရိတ်သိမ်းကြပြီး ဒေသတွင်း ပဲပုပ်ခြောက်လုပ်ငန်းများမှ ဝယ်ယူသိုလှောင်မှုများရှိကာ မန္တလေးအဝယ်ဒိုင်များသို့ တင်ပို့ရောင်းချမှုများလည်းရှိကြောင်း သိရသည်။

ပဲပုပ်သီးနှံသည် အကြမ်းခံသော ဆီထွက်သီးနှံဖြစ်သည်။ တစ်ဧကစိုက်ပျိုးကုန်ကျစရိတ်မှာ အခြားပဲသီးနှံများထက် လျော့နည်းပြီး ကျပ်လေးသိန်းဝန်းကျင်ခန့်သာ ကုန်ကျသည်။ ပဲပုပ်သီးနှံကို စက်တင်ဘာလနှင့် နိုဝင်ဘာလများတွင် စတင်စိုက်ပျိုးကြပြီး မတ်လနှင့်ဧပြီလများတွင် ရိတ်သိမ်းကြသည်။ ယခုနှစ် ပဲပုပ်သီးနှံတစ်ဧကအထွက်နှုန်း ၁၅ တင်းရှိပြီး ဒေသတွင်းတစ်တင်းဈေး ကျပ် ၇၀၀၀၀ ဈေးရှိသောကြောင့် တစ်ဧက အကျိုးအမြတ် ကျပ် ၆၅၀၀၀၀ ရှိကြောင်း တောင်သူများထံမှသိရသည်။ ပဲပုပ်သီးနှံကို အများအားဖြင့် မန္တလေးအဝယ်ဒိုင်များသို့ တင်ပို့ရောင်းချကြပြီး ဒေသတွင်း ပဲပုပ်လုပ်ငန်းရှင်များကလည်း ဝယ်ယူသိုလှောင်မှုများရှိကြောင်း ကသာခရိုင် ပဲပြောင်းနှမ်းအသင်းဥက္ကဌ ဦးမြင့်သိန်းထံမှ သိရသည်။

**ကြည်နိုင်ဦး (အင်းတော်)**

ဆန်စပါးကုန်စည်ဒိုင် (ဝါးတန်း) ဆန်ဈေးနှုန်း (အိတ်/ကျပ်) (၂၄.၃.၂၀၂၃)

| စဉ် | လိုင်းအမည် | ပေါ်ဆန်း | | နှိုင်းယှဉ်ချက် | ကြားပျံ/ တောင်ပျံ | | နှိုင်းယှဉ်ချက် | ခွံနီ/ ပေါ်ကြွဲ | | နှိုင်းယှဉ်ချက် |
|---|---|---|---|---|---|---|---|---|---|---|
| | | ယခင်တစ်ပတ် | ယခုတစ်ပတ် | | ယခင်တစ်ပတ် | ယခုတစ်ပတ် | | ယခင်တစ်ပတ် | ယခုတစ်ပတ် | |
| ၁ | ဖျာပုံ | 72,000 | 75,000 | ↑ | 78,000 | 78,000 | — | 62,000 | 65,000 | ↑ |
| ၂ | မော်ကျွန်း | 72,000 | 72,000 | — | 70,000 | 74,000 | ↑ | 63,000 | 63,000 | — |
| ၃ | ဘိုကလေး | 67,500 | 70,000 | ↑ | 70,000 | 74,000 | ↑ | 60,000 | 63,500 | ↑ |
| ၄ | ဒေးဒရဲ/ ကွန်းခြံကုန်း | 74,000 | 75,000 | ↑ | 76,000 | 76,000 | — | | | |
| ၅ | ကော့မှူး/ တွံတေး | 70,000 | 72,000 | ↑ | 75,000 | 75,000 | — | 60,000 | 64,000 | ↑ |
| ၆ | ဝါးခယ်မ | | | | | | | | | |
| ၇ | မြောင်းမြ | 74,000 | 76,000 | ↑ | 76,000 | 76,000 | — | 61,000 | 65,000 | ↑ |
| ၈ | ကျိုက်လတ် | | | | | | | | | |
| ၉ | လပွတ္တာ | 72,000 | 74,000 | ↑ | 75,000 | 76,000 | ↑ | 62,000 | 65,000 | ↑ |
| ၁၀ | ရွှေဘို | 85,000 | 88,000 | ↑ | | | | | | |

Source: Myanmar Rice

# တိုးချဲ့စိုက်ပျိုးလာကြသော ပဲကြီးသီးနှံနှင့် နှစ်အလိုက်ဈေးနှုန်း

ပဲမျိုးစုံဈေးကွက်၌ ပြည်တွင်းစားသုံးမှုသာမက ပြည်ပသို့ပါ တင်ပို့နိုင်သော ပဲကြီးသီးနှံသည် ယခုနှစ်အတွင်း ပြည်ပဝယ်လိုအား များသော မတ်ပဲ၊ ပဲတီစိမ်းသီးနှံများထက်ပင် ဈေးကောင်းရလျက် ရှိနေခဲ့သည်။ နှစ်စဉ်လိုလို ပဲဈေးကွက်မှာ ဈေးအမြင့်ဖြင့် ရောင်းဝယ်ခဲ့သည်ဟု သိရှိရသည်။

၂၀၂၀ ပြည့်နှစ် မတ်လအတွင်း ရွှေကျွန်း တစ်တင်း ကျပ် ၃၁၀၀၀၊ ကမ်းနားတစ်တင်း ကျပ် ၂၉၀၀၀ ရရှိခဲ့သည့်အတွက် မတ်ပဲ၊ ပဲတီစိမ်းသီးနှံ များ၏ အဆိုပါနှစ် ပေါက်ဈေးမှာ ကျပ်သုံးသောင်းအထက် ရရှိခဲ့သည်။ ၂၀၂၁ခုနှစ် မတ်လအတွင်း ပဲကြီး(ရွှေကျွန်း) တစ်တင်း ကျပ် ၃၀၀၀၀၊ (ကမ်းနား)တစ်တင်း ကျပ် ၂၉၀၀၀ ဖြင့် ယခင်နှစ်အတိုင်း အရောင်းအဝယ် ဖြစ်ခဲ့သည်။

၂၀၂၂ ခုနှစ်နှင့် ၂၀၂၃ ခုနှစ်တွင် ပြည်ပဝယ်လိုအား ပဲသီးနှံအားလုံးလိုလို ဈေးမြင့်တက်လာခဲ့ကြသည့်အတွက် မတ်ပဲ၊ ပဲတီစိမ်း၊ ကုလားပဲသီးနှံများမှာ တစ်တင်းလျှင် ကျပ်ခြောက်သောင်းအထက် ထပ်မံမြင့်တက်လာပြီး ပဲကြီးသီးနှံမှာ တစ်တင်း ကျပ်ရှစ်သောင်းကျော်အထိ ဈေးကောင်းရလာခဲ့ကာ ပဲစိုက်တောင်သူများ အကျိုးအမြတ် ပိုရနိုင်မည့်နှစ်ဟု သိရှိရသည်။

ပဲကြီးသီးနှံသည် မိုးနှောင်းကာလတွင် စတင်စိုက်ပျိုးလာကြပြီး မြန်မာလအနေဖြင့် တော်သလင်းလမကုန်မီ အပြီးစိုက်ပျိုးကြသည်ဟု သိရသည်။ တော်သလင်းလကျော်မှ စိုက်ပျိုးသည့် ပဲကြီးသီးနှံသည် အောင်မြင်ဖြစ်ထွန်းမှု နည်းပါးပြီး အထွက်နှုန်းမကောင်းဟု တောင်သူများအနေဖြင့် သိရှိထားကြသည့်အတွက် တော်သလင်းအမီ စိုက်ပျိုးကြကြောင်း သိရသည်။ မိုးစပါးစိုက်ပျိုးသည့် ဒေသများတွင် မိုးစပါးစိုက်ပျိုးစဉ်ကာလ လယ်ကန်သင်းဘောင်များတွင် ပဲကြီးသီးနှံအား စိုက်ပျိုးကြသည်။ ပဲကြီးသီးနှံသည် မြေအမျိုးအစားအားလုံးတွင် စိုက်ပျိုးဖြစ်ထွန်းနိုင်သော်လည်း နုန်းမြေကိုပို၍ ကြိုက်နှစ်သက်ကြောင်း သိရသည်။

မိုးစပါး စိုက်ပျိုး၍ မရနိုင်သော ဒေသများတွင် ပဲကြီးသီးနှံကို ဇူလိုင်လတွင် စတင်စိုက်ပျိုးကြပြီး နိုဝင်ဘာလအတွင်း ပန်းပွင့်ကာ ဇန်နဝါရီလတွင် ပဲကြီးသီးနှံများ စတင်ခူးဆွတ်နိုင်ပြီဖြစ်သည်။ ထို့ကြောင့် ဈေးကွက်အတွင်းသို့ ပဲကြီးသီးနှံအသစ်များ နှစ်ဆန်းပိုင်းကာလမှစ၍ ဝင်ရောက်လာကာ ဖေဖော်ဝါရီ၊ မတ်လများတွင် ပဲအထွက် လှိုင်ချိန်ဖြစ်၍ ဈေးကွက်သို့လည်း ပဲကြီးသီးနှံများ ဝင်ရောက်မှုများပြားလာခဲ့ကြောင်း သိရသည်။ ပဲကြီးသီးနှံအား ပဲကြော်ဖိုလုပ်ငန်းသမားများ အဓိကထား ဝယ်ယူသိုလှောင်ကြသည်။ ပဲကြီးသီးနှံအစိုသည်လည်း ဈေးများအတွင်း ရောင်းချမှုများရှိခဲ့ကာ တစ်ပိဿာ ကျပ် ၅၀၀၀ မှ ကျပ် ၇၀၀၀ အထိ ရောင်းချကြောင်း သိရသည်။ ပဲကြီးသီးနှံအစိုအား ပဲကြီးနှပ်၊ ပဲကြီးဟင်းချို၊ ပဲကြီးနှင့် ဆူးပုပ်ခတ်၍ ပဲကြီးဟင်းများအား ရာသီစာအဖြစ် မရန်းသီးထောင်း၊ မရန်းသီးကြော်များနှင့် တွဲဖက်၍ စားသောက်ကြသည်။ ပဲကြီးသီးနှံ အခြောက်အား ပဲကြော်၊ ပဲကြီးလှော်၊ ပဲဖူးကြော်၊ နှစ်ပြန်ကြော်စသည်ဖြင့် ပဲကြော်ဖိုလုပ်ငန်းသမားများက ထုတ်လုပ်ရောင်းချကြသည်။

ပြည်ခရိုင်အတွင်း ပဲကြီးသီးနှံမှာ မတ်ပဲ၊ ပဲတီစိမ်း၊ ကုလားပဲ၊ ပဲစင်းငုံ စသည့်ပဲများကဲ့သို့ စိုက်ပျိုးမှုမများဘဲ ဧက ၇၀၀၀ ကျော်သာ စိုက်ပျိုးမှုရှိခဲ့သည်။ သို့သော်လည်း ပဲကြီးသီးနှံသည် နှစ်စဉ်ဈေးကောင်းရနေသည့်အတွက် စိုက်ပျိုးထုတ်လုပ်သူ တောင်သူများအနေဖြင့် တိုးချဲ့စိုက်ပျိုးသင့်သလို မိုးစပါးအပြီး မတ်ပဲစိုက်ပျိုးသည့် လယ်ကန်သင်းများတွင်လည်း နေရာလွတ်မပေးဘဲ စိုက်ပျိုးခြင်းဖြင့် မိုးစပါး၊ မတ်ပဲသီးနှံများမှ ဝင်ငွေရရှိသလို ပဲကြီးသီးနှံကလည်း ထပ်ဆောင်း၍ အပိုဝင်ငွေရရှိသော သီးနှံတစ်မျိုးဖြစ်ကြောင်း တင်ပြလိုက်ရသည်။ **ခင်ဆွေဝင်း(ပြည်)**

## အာရှနိုင်ငံများ၏ FOB ဆန်ဈေးနှုန်းများ

၂၅-၃-၂၀၂၃

ဒေါ်လာ/တန်

| | ထိုင်း | | | ဗီယက်နမ် | | | အိန္ဒိယ | | | ပါကစ္စတန် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၁၀၀ % | ၄၉၀ | ၄၉၂ | ↑ | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၅% | ၄၇၆ | ၄၇၇ | ↑ | ၄၅၂ | ၄၃၆ | ↓ | ၄၃၆ | ၄၃၆ | - | ၄၅၂ | ၄၅၇ | ↑ |
| ဆန်ဖြူ ၁၀% | - | - | - | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၁၅% | - | - | - | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၂၅% | ၄၆၈ | ၄၆၈ | - | ၄၃၂ | ၄၃၂ | - | ၄၂၀ | ၄၂၀ | - | ၄၃၅ | ၄၃၂ | ↓ |
| ပေါင်းဆန် | ၄၇၅ | ၄၇၆ | ↑ | - | - | - | - | - | - | - | - | - |

*Source: thairiceexporters*

# ပဲယင်း(နီ)သီးနှံ စိုက်ပျိုးခြင်းဖြင့် တောင်သူများ အကျိုးအမြတ်ရရှိနေ

ဆိပ်ဖြူမြို့နယ် ရွာသစ်ရပ်ကွက်ရှိ စိုက်တောင်သူများသည် နှစ်စဉ် ကိုင်းကျွန်းမြေများတွင် သီးနှံမျိုးစုံ စိုက်ပျိုးလျက်ရှိရာ ယခုနှစ်တွင် ဈေးကွက်ခိုင်မာလျက်ရှိသော ဂျပန်ပဲယင်း(နီ)ကို တောင်သူများ တစ်ပိုင်တစ်နိုင် စတင်စိုက်ပျိုးကြကြောင်း ဒေသခံတောင်သူတစ်ဦးက ပြောသည်။

သီးနှံ စိုက်ပျိုးမှုအခြေအနေအား သိရှိနိုင်ရန် ပဲယင်း(နီ) စိုက် တောင်သူ ဦးမြင့်ကိုနှင့် ဆက်သွယ်မေးမြန်းခဲ့ရာ ယခုနှစ်တွင် ဂျပန် ပဲယင်း(နီ) သုည ဒသမ ၅ ဧကခန့် စိုက်ပျိုးထားရှိကြောင်း၊ စိုက်ပျိုးရာတွင် လွယ်ကူပြီး ကုန်ကျစရိတ်သက်သာ၍ ပဲယင်း(နီ)ကို စိုက်ပျိုးကြောင်း၊ ယခင်နှစ်များက စိုက်ပျိုးခဲ့ခြင်းမရှိခဲ့ကြောင်း၊ ယခုနှစ်တွင် နယ်မြေဒေသ ရာသီဥတုနှင့် ကိုက်ညီမှုရှိခြင်းကြောင့် ပဲယင်း(နီ)ကို ကြက်သွန်နီသီးနှံအစားထိုး စိုက်ပျိုးကြောင်း သိရှိရသည်။

ဂျပန်ပဲယင်း(နီ)မျိုးများကို အောက်တိုဘာလတွင် စိုက်ပျိုးပြီး မတ်လတွင် ရိတ်သိမ်းကြောင်း၊ သုည ဒသမ ၅ ဧကလျှင် ပဲယင်း(နီ)နှစ်ပြည်ခန့် ကုန်ကျကြောင်း၊ မျိုးစေ့တစ်တင်းလျှင် ကျပ် ၁၂၀၀၀၀ ဖြင့်ဝယ်ယူရကြောင်း၊ စိုက်ပျိုးရာတွင်လွယ်ကူပြီး အလုပ်သမား ငှားရမ်းရမှုနည်းခြင်း၊ သွင်းအားစုနှင့် ပိုးသတ်ဆေးပက်ဖျန်းခြင်းများ မပြုလုပ်ရကြောင်း၊ ကုန်ကျစရိတ်နည်းကြောင်း ဒေသခံတောင်သူမှ ပြောသည်။

ဂျပန်ပဲယင်း(နီ) တစ်ဧက အထွက်နှုန်းမှာ တင်း ၃၀ မှ ၄၀ ထိ ထွက်ရှိကြောင်း၊ စိုက်တောင်သူ ဦးမြင့်ကိုမှာ ယခုနှစ်သုည ဒသမ ၅ ဧက စိုက်ပျိုးထားပြီး ရေမြေရာသီဥတုကောင်းမွန်ခြင်းကြောင့် ပဲယင်း တင်း ၂၀ ခန့်ထွက်ရှိကြောင်း၊ တစ်တင်းလျှင် သီးနှံပေါ်စ ဒေသပေါက်ဈေး ကျပ် ၇၀၀၀၀ ဖြင့် ရောင်းချခဲ့ရ၍ ကျပ် ၁၄ သိန်းခန့်ရရှိပြီး ကုန်ကျစရိတ်မှာ ကျပ် ၂၀၀၀၀၀ ခန့်ကုန်ကျခဲ့၍ ကျပ် ၁၂ သိန်းခန့် အကျိုး အမြတ်ရရှိခဲ့ကြောင်း၊ ယခုနှစ်တွင် ဂျပန်ပဲယင်း (နီ) စိုက်ပျိုး ခြင်းဖြင့် စိုက်တောင်သူများ အကျိုးအမြတ်ရရှိနေကြကြောင်း ဒေသခံတောင်သူများထံမှ သိရှိရသည်။

**မြင့်မြင့်သန်း (ပခုက္ကူ)**

# စလင်းမြို့နယ် ထူးပေါက်ကျေးရွာ ကုလားပဲစိုက်ပျိုးထုတ်လုပ်မှုနှင့် ဈေးနှုန်းဈေးကွက်

စားသုံးသူရေးရာ ဦးစီးဌာန၊ မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင် ဦးစီးမှူးရုံး၊ စလင်းမြို့နယ် တာဝန်ခံ ဦးဆန်းလင်းမောင်(ဦးစီးမှူး)နှင့် အဖွဲ့သည် မတ် ၁၂ ရက် နံနက် ၁၀ နာရီတွင် ထူးပေါက်ကျေးရွာရှိ ကုလားပဲစိုက်တောင်သူများနှင့် တွေ့ဆုံ၍ စိုက်ပျိုးထုတ်လုပ်မှု၊ ရောင်းဝယ်ဖြစ်မှု အခြေအနေများအား ကွင်းဆင်းလေ့လာဆွေးနွေးခဲ့သည်။

ထူးပေါက်ကျေးရွာသည် အိမ်ခြေ ၁၈၀ ခန့်ရှိပြီး လူဦးရေ ၄၀၀ ခန့်ရှိကြောင်း၊ တောင်သူများအနေဖြင့် နှစ်စဉ် စပါး၊ ကုလားပဲနှင့်နှမ်းသီးနှံများကို စိုက်ပျိုးကြကြောင်း၊ ယခင်နှစ်က ကုလားပဲကို စိုက်ပျိုးမှု နည်းခဲ့သော်လည်း ယခုနှစ်တွင် ထူးပေါက်ကျေးရွာ၌ တောင်သူ ၇၀ က စိုက်ဧက ၃၅၀ ဧကခန့် စိုက်ပျိုးခဲ့ရာ ပဲလုံးကြီး၊ ပဲလုံးသေးနှင့် 929 မျိုးများကို စိုက်ပျိုးကြကြောင်း၊ ကုလားပဲစိုက် တောင်သူဦးပေါက်အနေဖြင့် ယခုနှစ်တွင် ၁၀ ဧက စိုက်ပျိုးပြီး တင်း ၁၀၀ ခန့် ထွက်ရှိ၍ တစ်ဧကလျှင် ပျမ်းမျှ ၁၀ တင်း ထွက်ရှိကြောင်း၊ ယခုနှစ် ကုလားပဲစိုက်ပျိုးချိန်တွင် ရာသီဥတု ကောင်းမွန်ပြီး မိုးရွာသွန်းမှု နည်းပါးကာ အအေးဓာတ်ပိုသည့်အတွက် ကုလားပဲအထွက်နှုန်း ကောင်းမွန်ကြောင်း၊ ကုလားပဲကို မိုးစပါး ရိတ်သိမ်းပြီးချိန် ဒီဇင်ဘာလတွင် စတင်စိုက်ပျိုးကြပြီး တစ်ဧက စိုက်ပျိုးရန် မျိုးနှစ်တင်းခွဲ ကြဲပက်ရကြောင်း၊ မြေပြုပြင်ချိန်မှစ၍ စိုက်ပျိုးပြီးသည်အထိ ကျပ် ၂၅၀၀၀၀ ခန့် ကုန်ကျကာ အပင်အားဆေး၊ ပိုးသတ်ဆေးနှင့် ရေဖျန်းခြင်း လုပ်အားခနှင့် သွင်းအားစုအပါအဝင် တစ်ဧကလျှင် ကျပ် ၄၀၀၀၀၀ ခန့် ကုန်ကျကြောင်း၊ စိုက်ပျိုးပြီး သုံးလအကြာတွင် ရိတ်သိမ်းရပြီး တစ်ဧကလျှင် အထွက်နှုန်း ၁၀ တင်းနှုန်း ထွက်ရှိကာ သီးနှံပေါ်ချိန် ကုလားပဲ တစ်တင်းလျှင် ကျပ် ၆၀၀၀၀ ရရှိ၍ တစ်ဧကဝင်ငွေ ကျပ် ၆၀၀၀၀၀ ခန့်ရရှိပြီး အကျိုးအမြတ်အနေဖြင့် တစ်ဧကလျှင် ကျပ် ၂၀၀၀၀၀ ရရှိကြောင်း သိရှိရသည်။

စလင်းမြို့နယ်ရှိ ထူးပေါက်ကျေးရွာသည် လူဦးရေနည်းပါးပြီး ကုလားပဲစိုက်ဧကများသောကြောင့် စားသုံးပြီး ပိုလျှံသော ကုလားပဲများကို မြို့ပေါ်နှင့် နယ်အသီးသီးရှိ ပွဲရုံများသို့ တိုက်ရိုက်ရောင်းချကြသည်။ ၎င်းအပြင် ကုန်ချောအဖြစ် ဗရာကြော်၊ ပဲခွဲကြော်၊ ပဲချောင်း၊ အလှူမင်္ဂလာဆောင်တို့တွင်လည်း ပဲဟင်းအဖြစ် တွင်တွင်ကျယ်ကျယ် လုပ်ကိုင်ဆောင်ရွက်လျက်ရှိကြောင်း တောင်သူဦးပေါက်ထံမှ သိရှိရသည်။

ယခုနှစ် ကုလားပဲစိုက်ပျိုးချိန်တွင် ရာသီဥတု ကောင်းမွန်သောကြောင့် အမြစ်ပိုးစွဲမှုနည်းပါးခြင်း၊ မှိုကပ်ရောဂါနည်းပါးခြင်းတို့ကြောင့် အပင်အသေအပျောက် နည်းပါးကာ အထွက်နှုန်းကောင်းမွန်၍ ဈေးနှုန်းသင့်တင့်မျှတသောကြောင့် ကုလားပဲစိုက်တောင်သူများအနေဖြင့် အကျိုးအမြတ်ရရှိကြောင်း သိရှိရသည်။ **ဆန်းလင်းမောင်**

# ပြည်ကုန်စည်ဒိုင် ပဲဈေးကွက်၌ ဈေးနှုန်းများမြင့်တက်

ပြည်ကုန်စည်ဒိုင်တွင် ပြည်ပသို့ တင်ပို့မှုရှိသော ပဲများမှာ အရောင်းသွက်လျက်ရှိပြီး ပဲဈေးများမှာ မြင့်တက်လျက်ရှိကြောင်း သိရသည်။ မတ်လအစမှစ၍ ပြည်ပပို့ကုန်ဈေးများ မြင့်လျက်ရှိကြောင်း သိရှိရသည်။

ပြည်ကုန်စည်ဒိုင်၏ မတ်လဒုတိယပတ်တွင် မတ်ပဲဈေးမြင့်လာပြီး ပဲတစ်တင်းကို ကျပ် ၆၄၀၀၀-၆၅၀၀၀ ဈေးဖြင့် အရောင်းအဝယ်ဖြစ်ခဲ့သည်။ တတိယပတ်မှာ ထောပတ်ပဲဈေး ပိုတက်လာပြီး ပဲတစ်တင်းကို ကျပ် ၆၆၅၀၀-၆၇၀၀၀ ဖြင့် တစ်ရက်ကို အိတ် ၄၀၀ ခန့် ရန်ကုန်တင်ပို့မှု ရှိခဲ့သည်။

ပြည်ကုန်စည်ဒိုင်၌ မတ်လဒုတိယပတ်တွင် ပဲစင်းငုံတစ်တင်းကို ကျပ် ၇၁၅၀၀-၇၂၀၀၀ ဖြင့် တစ်ရက်ကို အိတ် ၃၀၀ ခန့် ရန်ကုန်အဝယ်ရှိခဲ့သည်။ မတ်လ တတိယပတ်တွင် ပဲစင်းငုံဈေးမြင့်တက်လာပြီး ပဲတစ်တင်းကို ကျပ် ၇၄၅၀၀-၇၅၀၀၀ ဈေးဖြင့် ရန်ကုန်အဝယ် တစ်ရက်ကို အိတ် ၃၀၀-၄၀၀ ခန့် ရှိခဲ့သည်။

မတ်လဒုတိယပတ်တွင် ကုလားပဲ(HL) တစ်တင်းကို ကျပ် ၇၃၀၀၀-၇၄၀၀၀၊ ကုလားပဲ (မြကြေးမှုံ)တစ်တင်းကို ကျပ် ၇၃၀၀၀-၇၃၅၀၀ ဖြင့် မြို့တွင်းအဝယ် တစ်ရက်ကို အိတ် ၂၀၀-၃၀၀ ခန့် အဝယ်ရှိခဲ့သည်။ မတ်လ တတိယပတ်တွင် ကုလားပဲ (HL) တစ်တင်းကို ကျပ် ၇၄၀၀၀၊ ကုလားပဲ(မြကြေးမှုံ) တစ်တင်းကို ကျပ် ၇၄၅၀၀-၇၅၀၀၀ ဖြင့် မြို့တွင်းခွဲစက်သမားများ အဝယ်တစ်ရက်ကို ၄၀၀-၅၀၀ ခန့် အဝယ်ရှိခဲ့သည်။

ပြည်ကုန်စည်ဒိုင်၏ မတ်လဒုတိယပတ်တွင် အရောင်းအဝယ် ဖြစ်လျက်ရှိသော ပဲကြီးတစ်တင်းလျှင် ကျပ် ၈၂၀၀၀-၈၃၀၀၀ ဖြင့် မြို့တွင်းပဲကြော်သမားများ အဝယ်ရှိခဲ့သည်။ မတ်လ တတိယပတ်တွင် ပဲကြီးဈေးမြင့်တက်လာပြီး ပဲကြီး (ကုန်းချော) တစ်တင်းလျှင် ကျပ် ၈၀၀၀၀-၈၂၀၀၀၊ ပဲကြီး (အာမဲ) တစ်တင်းကို ကျပ် ၇၈၀၀၀ ဈေးဖြင့် မြို့တွင်းအဝယ်နှင့် ရန်ကုန်အဝယ် တစ်ရက်ကိုအိတ် ၃၀၀-၄၀၀ ခန့် အဝယ်ရှိခဲ့သည်။

ပြည်ကုန်စည်ဒိုင်၏ မတ်လဒုတိယပတ်တွင် စားတော်ပဲ (ကျွန်း)တစ်တင်းကို ကျပ် ၁၁၀၀၀၀-၁၁၃၀၀၀ ဖြင့် မြို့တွင်း အဝယ် တစ်ရက်ကို အိတ် ၁၀၀ ခန့်ရှိခဲ့သည်။ မတ်လ တတိယပတ်တွင် စားတော်ပဲ(ကျွန်း) တစ်တင်းကို ယခင်တစ်ပတ်က အတိုင်း ဈေးအေးနေခဲ့ပြီး တစ်ရက်ကို အိတ် ၁၀၀ ခန့် အဝယ်ရှိသည်။ **မိမိအေး (ပြည်)**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန
ကုန်သွယ်ရေးဦးစီးဌာန
ပို့ကုန်၊ သွင်းကုန်နှင့်ပတ်သက်သည့်သတင်းလွှာ
သတင်းလွှာ (၆ /၂၀၂၃)

ရက်စွဲ၊ ၂၀၂၃ ခုနှစ်၊ မတ်လ ၂၂ ရက်

အကြောင်းအရာ။ **ပြည်ပသို့ ကုန်ပစ္စည်းများတင်ပို့ခြင်းအတွက် Myanmar Tradenet 2.0 စနစ်တွင် ပို့ကုန်လိုင်စင်လျှောက်ထားရန်ကိစ္စ အသိပေးအကြောင်းကြားခြင်း**

၁။ ကုန်သွယ်မှုလုပ်ငန်းများအတွက်လိုအပ်သော ပို့ကုန်၊ သွင်းကုန်လိုင်စင်များ လွယ်ကူချောမွေ့စွာထုတ်ပေးနိုင်ရေးနှင့် ပို့ကုန်သွင်းကုန်လုပ်ငန်းများ စနစ်တကျဆောင်ရွက်နိုင်စေရေးတို့အတွက် ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးမှတင်ပို့သော ကုန်စည်များအတွက် Myanmar Tradenet 2.0 စနစ်တွင်ပို့ကုန်လိုင်စင်လျှောက်ထားပြီးမှသာ တင်ပို့ခွင့်ပြုသွားမည်ဖြစ်ပါသည်။

၂။ ထိုသို့ဆောင်ရွက်ရာတွင် လုပ်ငန်းရှင်များအဆင်ပြေချောမွေ့စေရေး ယခင်က ပို့ကုန်လိုင်စင်လျှောက်ထားရန်မလိုသော ကုန်စည်လိုင်းများအတွက် ပို့ကုန်လိုင်စင်လျှောက်ထားမှုများကို Myanmar Tradenet 2.0 တွင်Automatic Licensing စနစ်ဖြင့် ခွင့်ပြုသွားမည်ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ မြန်မာ့အကောက်ခွန်နှုန်းစာရင်း ၂၀၂၂ အရ HS Code 10 digit ဖြင့် နောက်ဆက်တွဲပါ ကုန်စည်လိုင်းများကို တင်ပို့ရန်အတွက် ၂၀၂၃ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှစတင်၍ Myanmar Tradenet 2.0 စနစ်တွင် ဝင်ရောက်လျှောက်ထားနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ကုန်သွယ်ရေးဦးစီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန
ကုန်သွယ်ရေးဦးစီးဌာန
ပို့ကုန်၊ သွင်းကုန်နှင့်ပတ်သက်သည့်သတင်းလွှာ
သတင်းလွှာ (၇/၂၀၂၃)

ရက်စွဲ၊ ၂၀၂၃ ခုနှစ်၊ မတ်လ ၂၂ ရက်

အကြောင်းအရာ။ **သွင်းကုန်လိုင်စင်လျှောက်ထားရန်လိုအပ်သော ကုန်စည်များတင်သွင်းမှုနှင့် ပတ်သက်၍ စည်းကမ်းသတ်မှတ်ထားသည့်ကိစ္စအား ပြင်ဆင်ထုတ်ပြန်ခြင်း**

၁။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာအမှတ် ၆၈/၂၀၁၉ ဖြင့် ထုတ်ပြန်ထားသော အကောက်ခွန်သိုလှောင်ရုံဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့် လိုက်လျောညီထွေရှိစေရန်အတွက်ဤဦးစီးဌာနသည် အမိန့်ကြော်ငြာစာအမှတ် ၅၀/၂၀၂၀ ဖြင့် "**သွင်းကုန်လိုင်စင်ရယူတင်သွင်းရမည့် ကုန်ပစ္စည်းများအတွက် အကောက်ခွန်သိုလှောင်ရုံသို့ထည့်သွင်းရန် တင်သွင်းလာသည့် ကုန်စည်များမှအပ ကျန်ကုန်စည်များအား ခွင့်ပြုချက်မရမီ ဆိပ်ကမ်းသို့ ကြိုတင်ရောက်ရှိခြင်းမရှိစေရ**" ဟုထုတ်ပြန်ထားပါသည်။

၂။ ထို့ပြင် ပို့ကုန်သွင်းကုန်သတင်းလွှာအမှတ် ၆/၂၀၂၂ဖြင့် သက်ဆိုင်ရာဌာနများ၏ သွင်းကုန်လိုင်စင်၊ သွင်းကုန်ပါမစ်ခွင့်ပြုချက်မရမီ ကုန်စည်နှင့်ကုန်ပစ္စည်းများ ဆိပ်ကမ်းသို့ ကြိုတင်ရောက်ရှိကြောင်းစိစစ်တွေ့ရှိရပါက ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း အသိပေးကြေညာချက် ထပ်မံထုတ်ပြန်ကြေညာထားပါသည်။

၃။ ကုန်သွယ်မှုလုပ်ငန်းများကို ထိန်းကျောင်းဆောင်ရွက်နိုင်ရေးအတွက် လည်းကောင်း၊ အကောက်ခွန်သိုလှောင်ရုံတွင် ကာလကြာရှည်စွာ ထည့်သွင်းသိုလှောင်ခြင်းကြောင့် ကုန်စည်များ အရည်အသွေးထိခိုက်မှုမရှိစေရေးအတွက်လည်းကောင်း၊ အကောက်ခွန်သိုလှောင်ရုံသို့ ထည့်သွင်းမည့် ကုန်ပစ္စည်းများအပါအဝင်ပြည်ပမှ ကုန်ပစ္စည်းတင်သွင်းမှုအားလုံးအတွက် ဆိပ်ကမ်းသို့မရောက်မီ သွင်းကုန်လိုင်စင်ရရှိပြီးမှ တင်သွင်းခွင့်ပြုမည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ အမိန့်ကြော်ငြာစာအမှတ် ၅၀/၂၀၂၀ ပါ ထုတ်ပြန်ကြေညာချက်များအား ၂၀၂၃ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှစတင်၍ (၆)လတိတိ ယာယီဆိုင်းငံ့သွားမည်ဖြစ်ပြီး လိုအပ်ပါက သက်တမ်းတိုးမြှင့် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ကုန်သွယ်ရေးဦးစီးဌာန

## မြန်မာ့ဆိပ်ကမ်းတွင် ၂၄ .၃ . ၂၀၂၃ ရက် ကုန်တင်ကုန်ချသင်္ဘောများစာရင်း

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်းများတွင် ကုန်တင်/ကုန်ချဆဲနှင့် ရောက်ရှိမည့် ကုန်သင်္ဘောများ၊ ကုန်သေတ္တာသင်္ဘောများစာရင်းကို ကြည့်ရှုနိုင်ရန် ဖော်ပြလိုက်ပါတယ်။

### (က) ကုန်တင်ကုန်ချဆောင်ရွက်နေသောသင်္ဘောများ

| ဆိပ်ကမ်းအမည် | သင်္ဘောအမည် | ကုန်တင်/ကုန်ချအခြေအနေ |
|---|---|---|
| အေးရှားဝေါလ်ဆိပ်ကမ်းအမှတ်(၃) | UNI ACCORD | ကုန်သေတ္တာ ၆၁၅ တင် ၄၅၇ ချဆဲ |
| အလုံဆိပ်ကမ်းအမှတ်(၁) | HTK LUCKY | ပြောင်းဖူးတန်ချိန် ၂၅၀၀၀ တင်ဆဲ |
| Adani Yangon Int'l ဆိပ်ကမ်း | BIENDONG NAVIGATOR | ကုန်သေတ္တာ ၁၁၀ တင် ၁၃ ချဆဲ |
| ဆူးလေဆိပ်ကမ်းအမှတ်(၇) | OCEAN BRIGHT | Fertilizer ၆၄၂၀ ချဆဲ |
| ဗိုလ်အောင်ကျော်ဆိပ်ကမ်းအမှတ်(၃) | MV.MCL-8 | ပြောင်းဖူးတန်ချိန် ၂၇၀၀ တင်ဆဲ |
| သီလဝါအပြည်ပြည်ဆိုင်ရာဆိပ်ကမ်းအမှတ်(၅) | BRIGHT COMET | Steel D'Bar ၁၃၀၀၀ တန်ချဆဲ |
| WILMAR JETTY | MV.MCL-6 | ပြောင်းဖူး တန်ချိန် ၂၇၀၀ တန်တင်ဆဲ |
| IBTT ဆိပ်ကမ်း | BAMBOO STAR | ဂျုံ ၂၈၁၇၅ တန်ချဆဲ |

### (ခ) ကုန်တင်ကုန်ချရန် စောင့်နေသောသင်္ဘောများ

| သင်္ဘောအမည် | ကုန်အမျိုးအစား | လာ/သွားရောက်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| JIN XING LING | Steel&Equipment ၁၀၄၈၀ တန်ချရန် | CHINA | ၂၈.၃.၂၀၂၃ |
| YM SUMMIT | Wheat, ၁၅၄၀၀ တန်ချရန | USA&CANADA | ၃၀.၃.၂၀၂၃ |
| HAN REN | G/C (PRJECT CARGO) ၂၉၆ ချရန် | JAPAN | ၃၁.၃.၂၀၂၃ |
| MOMENTUN PHONIX | Steel Product Rebar, ၁၅၀၅၀ တန်ချရန် | OMAN | ၃၁.၃.၂၀၂၃ |
| WAN HE | D 'Bar & Wire Rod in Coil, ၁၇၉၅၀ တန်ချရန် | MALAYSIA | ၃၁.၃.၂၀၂၃ |
| JIN HANG FU ZHAN | Coal(In Bulk)၃၀၀၀၀ တန်တင်ရန် | RUSSIA | ၆.၄.၂၀၂၃ |

### (ဂ) ဝင်ရောက်မည့် ကုန်သေတ္တာ သင်္ဘောများစာရင်း

| သင်္ဘောအမည် | လာမည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| ISEACO WISDOM | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၂၅.၃.၂၀၂၃ |
| MSC FORTUNE F | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၂၆.၃.၂၀၂၃ |
| IAL 001 | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၂၆.၃.၂၀၂၃ |
| MITT SAISUNEE | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၂၆.၃.၂၀၂၃ |
| SEOUL GLOW | SINGAPORE | သီလဝါ/စက်မှုဆိပ်ကမ်း | ၂၆.၃.၂၀၂၃ |
| BF TROUT | SINGAPORE | သီလဝါ/စက်မှုဆိပ်ကမ်း | ၂၇.၃.၂၀၂၃ |
| HAIAN BELL | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၂၇.၃.၂၀၂၃ |
| NANTA BHUM | SINGAPORE | သီလဝါ/စက်မှုဆိပ်ကမ်း | ၂၇.၃.၂၀၂၃ |
| SINAR SOLO | SINGAPORE | စက်မှုဆိပ်ကမ်း | ၂၈.၃.၂၀၂၃ |
| CHERRY | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၂၈.၃.၂၀၂၃ |
| IMKE SCHEPEDRS | SINGAPORE | Adani Yangon Int'l ဆိပ်ကမ်း | ၂၈.၃.၂၀၂၃ |
| SITC RIZHAO | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၂၈.၃.၂၀၂၃ |
| BIENDONG STAR | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၂၉.၃.၂၀၂၃ |
| MAERSK KWANGYANG | SINGAPORE | သီလဝါဆိပ်ကမ်း | ၂၉.၃.၂၀၂၃ |
| ISEACO GENESIS | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၂၉.၃.၂၀၂၃ |

## ၉-၃-၂၀၂၃ မှ ၂၃-၃-၂၀၂၃ ရက်အထိ Online CO Application မှ CO / Product Card / CE လျှောက်ထားမှုစာရင်း

| No | Form Tpye | New | Amend | Extension | Cancel | True Copy | Total |
|---|---|---|---|---|---|---|---|
| 1. | Certificate of Origin (COs) | | | | | | |
| | Form A | 817 | 17 | - | - | - | 834 |
| | Form AANZ | 30 | 1 | - | - | - | 31 |
| | Form AHK | 1 | - | - | - | - | 1 |
| | Form AI | 322 | 5 | - | - | - | 327 |
| | Form AJ | 33- | - | - | - | - | 33 |
| | Form AK | 226 | 8 | - | - | - | 234 |
| | Form CHINA | - | - | - | - | - | 0 |
| | Form D | - | - | - | - | - | 0 |
| | Form DFTP | 47 | - | - | - | - | 47 |
| | Form E | 727 | 20 | - | - | - | 747 |
| | Form Korea | 49 | 2 | - | - | - | 51 |
| | E Form D | 548 | - | - | - | - | 548 |
| 2. | Product Card | - | - | - | - | - | 0 |
| 3. | Certified Exporter | - | - | - | - | - | 0 |
| | **Total** | **2800** | **53** | - | - | - | **2853** |

# နှမ်းဆီ၏ ဆေးဖက်ဝင်ပုံနှင့် ကျန်းမာရေး အကျိုးကျေးဇူးများ

မြန်မာနိုင်ငံတွင် မြန်မာလူမျိုးများ နေ့စဉ်စားသောက်ရာတွင် ဆန်သည် အဓိကဖြစ်သလို ထမင်းဖြင့်တွဲဖက်စားသောက်ရာတွင် ဟင်းချက်ရာ၌လည်း အိမ်တိုင်းတွင် စားသုံးဆီမှာ မရှိမဖြစ် ဒုတိယ အရေးကြီးဆုံးဖြစ်သည်။ ဆီအမျိုးမျိုးရှိသည့်အနက် မြေပဲဆီကို လူအတော်များများ အသုံးပြုကြပြီး နှမ်းဆီကို အသုံးပြုမှု နည်းကြသည်။ မြေပဲဆီနှင့် နှမ်းဆီကို နှိုင်းယှဉ်ကြည့်မည်ဆိုလျှင် နှမ်းဆီမှာ ဆေးဖက်ဝင်သော်လည်း ဟင်းချက်ရာတွင် ခါးသက်သက် အရသာရှိ၍ လူတို့စားသုံးမှု နည်းကြသည်။ နှမ်းဆီတွင် မပြည့်ဝဆီများစွာပါဝင်သည့်အတွက် ကျန်းမာရေးနှင့်ညီညွတ်သော ဆီ (Healthy Oil) တစ်မျိုးဖြစ်သည်။

ရှေးယခင်မြန်မာများသည် နှမ်းဆီကို ပိုမိုစားသုံးကြသဖြင့် ကျန်းမာရေးညီညွတ်ကြသည်။ ယခုနောက်ပိုင်းတွင် စီးပွားရေးအရ တွက်ခြေကိုက်ရာ ဆီအမျိုးမျိုးကို ဝယ်ယူစားသုံးလာကြသည့်အတွက် ကျန်းမာရေးအရလည်း ထိခိုက်လာကြသည်။ ယခင်က ဆိုလျှင် လူ့သက်တမ်းမှာ (၇၀-၈၀) အထိရှိကြပြီး နောက်ပိုင်းတွင် လူ့သက်တမ်းမှာ (၆၀-၇၀) လောက်သာရှိလာခဲ့သဖြင့် သက်တမ်းအရလည်း တိုလာကြသည်။ ကျန်းမာရေးချို့တဲ့ရခြင်း၏ အဓိက အကြောင်းရင်းမှာ အစားအသောက်ပဲဖြစ်သည်။ ထိုအစားအသောက်ထဲတွင် လူများ နေ့စဉ်စားသုံးကြသည့် ဆီလည်း တစ်ခု အပါအဝင်ဖြစ်သည်။ ဆီအမျိုးအစား မျိုးစုံရှိသည့်အထဲတွင် နှမ်းဆီသည် ဆေးဖက်ဝင်သော ဆီတစ်မျိုးဖြစ်သည့်အတွက် နှမ်းဆီသုံးစွဲလျှင် ရရှိနိုင်သော ကျန်းမားရေး အကျိုးကျေးဇူးများကို တင်ပြလိုက်ရသည်။

နှမ်းဆီကို စားသုံးခြင်းဖြင့် သွေးတွင်းအဆီကို ကျစေပြီး နှလုံးကျန်းမာရေးလည်း ကောင်းစေသည်။ နှမ်းစေ့တွင် ပါဝင်သော ဓာတ်တစ်မျိုးမှာ အသည်း၏ လုပ်ဆောင်ချက်ကို ကောင်းမွန်စေပြီး သွေးကြောများ၊ အရိုးများနှင့် အဆစ်များကို အားဖြည့်ပေးနိုင်သော ပရိုတိန်းဓာတ်တစ်မျိုးလည်း အပါအဝင်ဖြစ်သည်။ ထို့ကြောင့် အဆစ်အမြစ် ကိုက်ခဲနာကျင်လျှင် နှမ်းဆီကို လိမ်းပေးခြင်းဖြင့် နာကျင်မှုကို သက်သာစေသည်။ နှမ်းဆီကို သောက်ပေးခြင်းဖြင့်လည်း သွေးပေါင်ချိန်ကို ထိန်းညှိပေးနိုင်ပြီး သွေးတိုးကြောင့် နောက်ဆက်တွဲ ကျန်းမာရေးပြဿနာများကိုလည်း ကာကွယ်ပေးသည်။ နှမ်းဆီကို စားသုံးပေးလျှင် စိတ်ခံစားမှုကောင်းပြီး စိတ်ဖိစီးမှု၊ စိတ်ဓာတ်ကျမှု မဖြစ်အောင် ကာကွယ်ပေးသည်။ ခံတွင်းကျန်းမာရေးအတွက်လည်း နှမ်းဆီအနည်းငယ်ကို ငုံပေးထားလျှင် ခံတွင်းထဲရှိ ဘက်တီးရီးယားများကို တိုက်ဖျက်ပေးပြီး သွားချေးများကိုလည်း ဖယ်ရှားပေးသည့်အပြင် သွားဖုံးများကိုလည်း ကျန်းမာစေသည်။ နှမ်းဆီကို မနက်အိပ်ရာထလျှင် လက်ဖက်စားဇွန်း တစ်ဇွန်း သောက်ပေးပါက ကိုယ်တွင်းကအဆိပ်အတောက်များကို ဖယ်ရှားပေးနိုင်သည်။ နှမ်းဆီကို စားသုံးပေးခြင်းဖြင့် အသားနှင့်အရိုးကိုအားကောင်းစေပြီး ဆံပင်၏ကောင်းခြင်းကိုလည်း ပေးစွမ်းနိုင်သည်။ နှမ်းဆီတွင် (ဇင့်)ဓာတ် ပါဝင်မှုများသဖြင့် အသားအရေ တင်းရင်းမှုအတွက် အထောက်အကူပြုပြီး ဇင့်ဓာတ်က အရိုးသိပ်သည်းဆကိုလည်း အားကောင်းစေသည်။ ထို့ပြင် နှမ်းဆီတွင် ဗီတာမင်ဘီ၊ အီး၊ မဂ္ဂနီဆီယမ်၊ ကယ်လ်ဆီယမ်နှင့် ဖော့စ်ဖရပ်စ်ပါဝင်မှုကြောင့် ဆံပင်နှင့်ဦးရေပြားကိုလည်း အားကောင်းစေသည်။ ဝမ်းချုပ်လျှင်လည်း နှမ်းဆီ ထမင်းစားဇွန်းတစ်ဇွန်း သောက်ပေးခြင်းဖြင့် ဝမ်းမှန်စေသည်။ နှမ်ဆီကို ညအိပ်ခါနီးတွင် ခြေဖဝါးတွင် လိမ်း၍ နှိပ်ပေးပါက အိပ်မောကျစွာ အိမ်ပျော်နိုင်သည်။ နှမ်းဆီစစ်စစ်သည် အလွန်ဆေးဖက်ဝင်သည့်အတွက် အိမ်တိုင်းတွင် ဆောင်ထားသင့်သော အိမ်တွင်းသမားတော်ဖြစ်သည်။ နှမ်းဆီသည် အစာချေအားကောင်းသဖြင့် ကလေးငယ်များ အစာမကြေဖြစ်လျှင် ဗိုက်ကို လိမ်းပေးသဖြင့် ရောဂါများသက်သာစေသည်။

ထို့ကြောင့် နှမ်းဆီကို စားသုံးပေးခြင်းဖြင့် ကျန်းမာရေးအတွက် အထောက်အကူပြုသလို နှမ်းဆီကို ကြိတ်ခွဲ၍ ရောင်းချသူများအနေဖြင့် နှမ်းတစ်တင်းကို ဆီကြိတ်လျှင် ခြောက်ပိဿာခန့် ထွက်ရှိသည်။ ဆီစက်များတွင် နှမ်းဆီကြိတ်ခွဲရာ၌ နှမ်းနီကိုသာ ဦးစားပေး၍ ကြိတ်ခွဲကြပြီး နှမ်းနီမရှိလျှင် နှမ်းနက်ကို ကြိတ်ခွဲကြသည်။ နှမ်းနီမှာ ဆီကြိတ်နှမ်းနီဖြစ်သည့်အတွက် ဆီကြိတ်ရာတွင် ဆီအထွက်နှုန်း ကောင်းမွန်သည်။ မိုးနှမ်းနီမှာ ဆီထွက်နှုန်းကောင်းခြင်း၊ နှမ်းလှောင်လျှင်လည်း သင့်လျော်သဖြင့် ဆီစက်လုပ်ငန်းရှင်များနှင့် ပွဲရုံလုပ်ငန်းရှင်များက မိုးနှမ်းကို ကြိုက်နှစ်သက်ကြသည်။ နှမ်းနက်မှာ ဆီကြိတ်ရာတွင် ဆီအထွက်နှုန်းနည်းသဖြင့် ဆီစက်လုပ်ငန်းရှင်များက ကြိုက်နှစ်သက်မှုရှိ၍ နှမ်းနီမရှိမှ နှမ်းနက်ကို ဆီကြိတ်ကြသည်။ နှမ်းနက်ကို ကြိတ်သော နှမ်းနက်ဆီမှာ ဆေးဖော်ရာတွင် အသုံးပြုကြသည်။

ဆီစက်များတွင် သန့်စင်ပြီးသော နှမ်းများကို ဆီကြိတ်ခွဲရာ ပထမဦးစွာ ထွက်ရှိလာသော ဆီအကြည်များအား နှမ်းဦးဆီဟုခေါ်ပြီး နှမ်းဦးရေထွက်ပြီးသား နှမ်းဖတ်များကို ထပ်မံကြိတ်၍ စစ်ယူပြီးရရှိသော နှမ်းဆီကို(ရိုးရိုး)နှမ်းဆီဟုခေါ်ပြီး ဈေးကွက်အတွင်းသို့ ပိဿာဝင်ဘူးများဖြင့် လည်းကောင်း၊ ပေပါများတွင် ထည့်သွင်း၍ ပိဿာချိန်ဖြင့် ရောင်းချကြသည်။ ထို့အပြင် နှမ်းဆီ(ရိုးရိုး)အား စားအုန်းဆီနှင့်ရောနှောကာ နှမ်းဆီ(အရော) အဖြစ်ဈေးကွက်တွင် ရောင်းချကြသည်။ နှမ်းဆီဈေးနှုန်းများမှာ နှမ်းဦးဆီ တစ်ပိဿာလျှင် ကျပ် ၁၂၄၀၀၊ နှမ်းဆီ(ရိုးရိုး) တစ်ပိဿာလျှင် ကျပ် ၁၂၀၀၀၊ နှမ်းရောဆီ တစ်ပိဿာလျှင် ကျပ် ၁၀၅၀၀ ဖြင့် ပြည်ဈေးကွက်တွင် ရောင်းချလျက်ရှိသည်။ **ဝေဝေမင်း(ပြည်)**

# ကောင်းမှုတော်ဘုရားရိပ်က သနပ်ခါးဈေးကွက်

ဇေယျာစစ်ကိုင်းတောင်ရိုးသမိုင်းတွင် ဝါတွင်းဘုရားစဉ်များအရ မှတ်တမ်းပြုစုရာတွင် ပေါရာဏ လင်္ကာမင်္ဂလာ မှတ်တမ်းအရ - ပုံ-တောင်-ဇေ-ချမ်း-ဥ-နန်း-နံ-လေး-ပ-ထူ-ရှင်-အောင်-အမြှောင် ငါးထပ်ကြီး၊ အပြီးကောင်းမှုတော်ဟူ၍ စာဆိုပြုခဲ့ကြသည်။ နှစ်စဉ် မြန်မာပြက္ခဒိန်အရ ဝါဆိုလပြည့်နေ့မှစ၍ ပုံ-ပုညရှင်ဘုရား၊ တောင်-တောင်ဖီလာဘုရား၊ ဇေ- ဇေတဝန်ဘုရား၊ ချမ်း-ချမ်းသာကြီးဘုရား၊ ဥ- ဥမင်သုံးဆယ်ဘုရား၊ နန်း- ရှင်ပင်နန်းဦးဘုရား၊ နံ- ရှင်ပင်နံကိုင်းဘုရား၊ လေး-လေးကျွန်းမာန်အောင်ဘုရား၊ ပ-ပတ္တမြားစေတီဘုရား၊ ထူ-ထူပါရုံဘုရား၊ ရှင်- ရှင်ဖြူရှင်လှဘုရား၊ အောင်-အောင်မြေလောက ကျောက်စေတီဘုရား၊ -အမြှောင်ငါးထပ်ကြီး- သီတင်းပတ်များမှ အလွတ် သီတင်းကျွတ်လဆန်း ၅ ရက်တွင် မြှောင် ၍ပြုလုပ်သော ငါးထပ်ကြီးဘုရားနှင့် - အပြီးကောင်းမှုတော်- မှာ ဝါတွင်းဘုရားစဉ် ပွဲတော်များ အပြီးသတ် နောက်ဆုံးနေ့ သီတင်းကျွတ်လပြည့် ကောင်းမှုတော်ဘုရားဟူ၍ ဘုရားပွဲတော် ၁၄ ပွဲကို ကျင်းပကြသည်။ ကောင်းမှုတော်ဘုရားတွင် တန်ဆောင်မုန်းလပြည့်၌လည်း ဘုရားပွဲတော် တစ်ကြိမ် ထပ်မံကျင်းပသဖြင့် တစ်နှစ်လျှင် ပွဲတော် ခုနစ်ကြိမ်ကျင်းပသည့် စေတီတစ်ဆူဖြစ်သည်။

ဘုရားသမိုင်းကြောင်း မှတ်တမ်းများအရ ကောင်းမှုတော်ဘုရားကို သီရိသုဓမ္မရာဇာမဟာဓိပတိ သာလွန်မင်းတရားကြီးသည် မြန်မာသက္ကရာဇ် ၉၉၈ ခုနှစ် တော်သလင်းလဆန်း ၁၀ ရက်တွင် စေတီတော်မြတ်ကြီးတည်ရန် ပန္နက်အုတ်မြစ်ချခဲ့သည်။ သပိတ်တော်၊ စွယ်တော်၊ ဆံတော်နှင့် များစွာသောသရီရ ဓာတ်တော်မွေ တော်တို့ကို ပထမအကြိမ် ဌာပနာပွဲကျင်းပကာ အချိန် ၁၂ နှစ်ကြာ တည်တော်မူခဲ့ရသည်။ ဘုရား၏ဘွဲ့တော်မှာ ရာဇမဏိစူဠာ ကောင်းမှုတော် ဘုရားဟုခေါ် တွင်ကြောင်း သိရှိရသည်။

နှစ်စဉ်ကျင်းပသည့် ပွဲတော်ရက်များနှင့် နေ့စဉ်အနယ်နယ် အရပ်ရပ်မှ ဘုရားဖူးလာရောက်သည့် ပြည်သူများအား ကောင်းမှုတော်ဘုရားရိပ်ရှိ ဆိုင်ခန်းများမှ ဒေသထွက်ကုန် သနပ်ခါးများ ရောင်းချခြင်းဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။ ရောင်းချသည့် သနပ်ခါးများမှာ ပခုက္ကူ ရေစကြိုဒေသထွက်များ၊ အရာတော်၊ ကျောက်မှော်(ယင်းမာပင်)၊ မုံရွာ၊ စစ်ကိုင်း စသည့် ဒေသများမှ သနပ်ခါးများကို အပင်ပြတ်ဝယ်ယူ၍ ရောင်းတန်းဝင်အရွယ် သနပ်ခါးတုံးများ ဖြတ်တောက်ခြင်း၊ ဆေးကြောခြင်း၊ အရောင်တင်ခြင်းများပြုလုပ်၍ သနပ်ခါးထွက်ရှိသော ဒေသနာမည်၊ သနပ်ခါးဆိုင် နာမည်တို့ကို သနပ်ခါးတုံးတွင် တံဆိပ်ရိုက်နှိပ်ပြီး ရောင်းချကြသည်။ ကောင်းမှုတော် ဘုရားရိပ်တွင် သနပ်ခါးတုံးရောင်းသည့် ဆိုင်ခန်းပေါင်း ၅၀ ခန့်ရှိပြီး သနပ်ခါးဈေးနှုန်းများမှာ အရွယ်အစားနှင့် အရည်အသွေးပေါ် မူတည်၍ တစ်တုံးလျှင် အနိမ့်ဆုံး ကျပ် ၂၀၀၀-၃၀၀၀ မှ အမြင့်ဆုံးကျပ် ၁၅၀၀၀ - ၂၀၀၀၀ ထိ ဈေးအသီးသီးဖြင့် အရောင်းအဝယ်ပြုလုပ်ကြကြောင်း သိရသည်။ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးပြည်သူများ စစ်ကိုင်းမြို့ရှိ တန်ခိုးကြီး ကောင်းမှုတော်ဘုရား အပါအဝင် အခြားတန်ခိုးကြီး ဘုရားများစွာကို လာရောက် ဖူးမြော်ရင်း အရည်အသွေးစစ်မှန်သည့် ဒေသထွက်ကုန် သနပ်ခါးမျိုးစုံတို့ကို လာရောက်ဝယ်ယူနိုင်ပါကြောင်း ဇေယျာရွှေမြေ စစ်ကိုင်းမြို့မှ ဖိတ်ခေါ်လိုက်ရပါသည်။

**သန်းသန်းတင်(မုံရွာ)**

# ပိတ်စွယ်အသုံးဝင်မှုနှင့် ဈေးနှုန်း

ပိတ်စွယ်သည် အင်းအိုင်၊ ကန်၊ ချောင်းနားများတွင် သဘာဝအတိုင်း အလေ့ကျပေါက်ရောက်သော ယားတတ်သည့် ပိန်းယားပင်မှ ထွက်ရှိသောအရာဖြစ်ပြီး ပြည်မြို့ ဧရာဝတီမြစ်ကမ်းနားရှိ နဝင်းချောင်း၊ နဝင်းတာရိုးနှင့် ဝက်ထီးကန်ရှိ ကန်ကြီးအနားတစ်ဝိုက်နှင့် ရွှေတောင်မြို့နယ်ရှိ ကျီးသဲ၊ မြို့မနယ်ဘက်မှ အင်းအိုင်၊ မြစ်ကမ်းချောင်းနားများတွင် အလေ့ကျ ပေါက်ရောက်သည်။

ပိတ်စွယ်သည် နူးညံ့ပြီးအရသာမှာ မျှစ်နှင့်ခပ်ဆင်ဆင် တူပေမယ့် မျှစ်ထက်ပိုနူးညံ့ကာ မိုးဦးကျချိန် (မေလနှင့် ဇွန်လများ)တွင် လှိုင်လှိုင် ထွက်ပေါ်လေ့ရှိသည်။ ယခုကာလမှာ ပေါ်ဦးပေါ်ဖျား အချိန်ဖြစ်ပြီး ဈေးကောင်းရလျက်ရှိကာ တစ်ပိဿာလျှင် ကျပ် ၄၀၀၀-၅၀၀၀-၆၀၀၀ ခန့်ရှိပြီး လက်လီဈေးသည်များတွင် ခြောက်ချောင်း၊ ခုနစ်ချောင်း ပါဝင်သည့် အစည်းတစ်စည်းလျှင် ကျပ် ၄၀၀-၅၀၀ ခန့် ရောင်းချကြသည်။ ပိတ်စွယ်ကို မုန့်တီဟင်းချို၊ ကြာဆံဟင်းခါးထဲထည့်ပြီး စားကြသကဲ့သို့ မန္တလေးဘက်မှာဆိုလျှင် ခိုတောင်မုန့်တီနှင့် ပိတ်စွယ်ဟင်းချိုဆိုကာ တွဲဖက်ညီတဲ့ အစားအစာအဖြစ် လူသိများသည်။ ပိတ်စွယ်ကို ပုစွန်ခြောက်၊ ငရုတ်သီးစိမ်းတို့နှင့် ဆီသတ်ပြီးကျော်၍ လည်းကောင်း၊ ဆူးပုတ်ရွက်နှင့်ရောပြီး ကြော်စား၍သော်လည်းကောင်း၊ အသားနှင့် ရောချက်စားလျှင်လည်း နူးညံ့ပြီး ထမင်းမြိန်စေသည်။

ပိတ်စွယ်ကို အချဉ်ထည့်ထားပြီး ပိတ်စွယ်ချဉ်လုပ်ပြီးလည်း ရောင်းကြပါသည်။ ပိစွယ်ချဉ်ကို ကြက်သွန်နီ၊ ငါးပိ၊ ငရုတ်သီးစိမ်းတို့နဲ့ ကြော်စားကြသလို ကြက်သား၊ ဝက်သားနှင့်လည်းရောပြီး မျှစ်ချဉ်ချက်သကဲ့သို့ ချက်စားကြသည်။ ပိတ်စွယ်ချဉ်ကို တို့စရာအဖြစ်လည်း စားကြပြီး ရန်ကုန်ဘက်တွင် ဂုံမင်းနှင့်ရောပြီး မှားတတ်ကြသည့် ပိတ်စွယ်ကို တစ်ခါတစ်ရံ ရှင်မွေးလွန်းဟုလည်း ခေါ်ကြကြောင်း သိရသည်။ ရွှေတောင်မြို့နယ်ဘက်တွင် ပိတ်စွယ်ချဉ်ကို ဖန်ပုလင်းနှင့် ထည့်၍ ရောင်းချကြသလို ရေသန့်ဘူးများ၊ ပါကင်ထုပ်များနှင့်လည်း ရောင်းချကြပြီး ပါကင်ထုပ်တစ်ထုပ်ကို ၂၅ ကျပ်သား ဝင်ဆံ့ကာ ကျပ် ၃၅၀၀ ဖြင့် ရောင်းချကြသည်။ ဖန်ပုလင်း၊ ရေသန့်ဘူးများမှာ တစ်ပုလင်းကို ကျပ် ၁၅၀၀-၂၀၀၀ ခန့်ဖြင့် ရောင်းချကြသည်။

နူးနူးညံ့ညံ့ဖြင့် စား၍ကောင်းသည့် ပိတ်စွယ်အစိမ်း၊ ပိတ်စွယ်တစ်ရေပြုတ်၊ ပိတ်စွယ်ချဉ်လေးများမှာ ရောင်းအားကောင်းသည့်အတွက် Online တွင် Post တင်၍ရောင်းချခြင်းများလည်းရှိသည်။ ပိတ်စွယ်အချောင်းလေးများကို လက်ဖြင့် ဖျစ်ကြည့်ပါက တောင့်တောင့်လေးဆို ပိတ်စွယ်လတ်ဆတ်မှုရှိပြီး ပိတ်စွယ်မှာ အရောင်မဲခြင်း၊ ရေမြှုပ်ထနေခြင်း၊ လက်နှင့်ဖျစ်လျှင် မလတ်ဆတ်၍ စားသုံးရန် မသင့်ကြောင်း သိရသည်။ ပိတ်စွယ်ကို မစားဖြစ်သေးလျှင် ရေစိမ်ပြီး ထား၍ရသော်လည်း နှစ်ရက်ထက်ကျော်ပြီး ရေစိမ်ထား လျှင်လည်း ရိပျော့သွားတတ်သည်။ နှစ်ရက်အတွင်း ရေစိမ်ပါကလည်း ရေလဲလှယ်ပေးရန် လိုအပ်သည်။ တစ်ပတ်အထိ အထားခံအောင် ပိတ်စွယ်ကို ပလတ်စတစ်အိတ်ဖြင့် လေလုံအောင်ထုပ်ပြီး ရေခဲသေတ္တာ အခန်းထဲ ခဲထားခြင်းဖြင့်လည်း တစ်ပတ်အထိ အထားခံကြောင်း သိရသည်။ Online ရောင်းချခြင်းများတွင် နယ်ဝေးဂိတ် တင်ပို့မှုများအတွက် ပိတ်စွယ်များကို ရေစစ်ကာ လေစုပ်အိတ်ဖြင့် သေချာစွာ ပို့ဆောင်ပေးရသည့်အတွက် လေစုပ်အိတ်နှင့် ထည့်ရသဖြင့် ရေအကုန် စုပ်ထုတ်ရသောကြောင့် အလေးချိန် (ဥပမာ-၂ကျပ်သားခန့်) အနည်းငယ် လျော့နည်းမှုရှိကြောင်း သိရသည်။

**ဝင်းလဲ့ဝါ (ပြည်)**

# ဘက်စုံတိုးတက်သော ပစိဖိတ်ဖြတ်ကျော် ကုန်သွယ်ရေးစာချုပ်

သိန်းမြင့်ဝေ

ဘက်စုံတိုးတက်သော ပစိဖိတ်ဖြတ်ကျော် ပူးပေါင်းဆောင်ရွက်မှုစာချုပ် (Comprehensive and Progressive Agreement for Trans-Pacific Partnership-CPTPP) သည် လွတ်လပ်သော ကုန်သွယ်ရေးသဘောတူ စာချုပ်တစ်ခုဖြစ်သည်။ စာချုပ်သည် အာရှနှင့် ပစိဖိတ်ဒေသရှိ ၁၀ နိုင်ငံနှင့် ကနေဒါနိုင်ငံတို့ကြား ချုပ်ဆိုသော လွတ်လပ်သည့်ကုန်သွယ်ရေးသဘောတူစာချုပ် (Free Trade Agreement–FTA) ဖြစ်သည်။ ပူးပေါင်းဆောင်ရွက်ရာ၌ ကုန်သွယ်မှု အဟန့်အတားများ လျှော့ချပြီး ကုန်သွယ်မှုလွယ်ကူချောမွေ့ရေး (Trade facilitation) ကို ဦးစားပေး ဆောင်ရွက်သည်။

## ဈေးကွက်နှင့် အကျုံးဝင်သည့်နယ်ပယ်

သဘောတူစာချုပ်သည် လက်ရှိအချိန်တွင် အဖွဲ့ဝင် ၁၀ နိုင်ငံကြား ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ အဖွဲ့ဝင်နိုင်ငံများမှာ ကနေဒါ၊ ဩစတြေးလျ၊ ချီလီ၊ ဂျပန်၊ မလေးရှား၊ မက္ကဆီကို၊ နယူးဇီလန်၊ ပီရူး၊ စင်ကာပူနှင့် ဗီယက်နမ်တို့ဖြစ်သည်။ CPTPP သည် ၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၃၀ ရက်တွင် စတင်အာဏာသက်ဝင်ခဲ့သည်။ ပထမဆုံး ခြောက်နိုင်ငံဖြစ်သော ဩစတြေးလျ၊ ကနေဒါ၊ ဂျပန်၊ မက္ကဆီကို၊ နယူးဇီလန်၊ စင်ကာပူတို့က စာချုပ်ကို အတည်ပြုလက်မှတ်ရေးထိုးခဲ့သည်။ ဆက်လက်၍ ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၁၄ ရက်တွင် ဗီယက်နမ်၊ ၂၀၂၁ ခုနှစ် စက်တင်ဘာ ၁၉ ရက်နေ့တွင် ပီရူး၊ ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၂၉ ရက်တွင် မလေးရှားနှင့် ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၂၀ ရက်တွင် ချီလီနိုင်ငံတို့က စာချုပ်ကို အတည်ပြု လက်မှတ်ရေးထိုးခဲ့ကြသည်။ CPTPP ကို လက်မှတ်ရေးထိုးရန်ကျန်ရှိသော နိုင်ငံမှာ ဘရူနိုင်းဖြစ်သည်။ ဘရူနိုင်းသည် စာချုပ်ကို အတည်ပြုလက်မှတ်ရေးထိုးပြီး ရက်ပေါင်း ၆၀ ပြည့်မြောက်သည့်နေ့တွင် အဖွဲ့ဝင်နိုင်ငံ ဖြစ်လာပါမည်။

ကုန်သွယ်ရေး သဘောတူစာချုပ်သည် အလုပ်အကိုင်ဖန်တီးပေးခြင်း၊ စီးပွားဆက်ဆံရေး ပိုမိုအားကောင်းစေခြင်း၊ ကုန်သွယ်ဖက်နိုင်ငံများကြား ကုန်သွယ်မှုမြှင့်တင်ပေးခြင်း စသည့် ကောင်းကျိုးများ ဖြစ်ထွန်းစေနိုင်သည်။ ထို့ပြင် စားသုံးသူ သန်း ၅၀၀ ရှိသော လွတ်လပ်သည့် ဈေးကွက် သို့မဟုတ် ကမ္ဘာ့စုစုပေါင်းဝင်ငွေ (Global GDP) ၏ ၁၃ ဒသမ ၅ ရာခိုင်နှုန်းရှိသော ဈေးကွက်ကို ရရှိစေသည်။ အဖွဲ့ဝင်နိုင်ငံများအား အာရှနှင့် လက်တင်အမေရိကရှိ အကောက်ခွန်သက်သာသော ဈေးကွက်များကို ရရှိပိုင်ဆိုင်စေသည်။ CPTPP သည် ရည်မှန်းချက်ကြီးမားပြီး အဆင့်အတန်း မြင့်မားသော FTA ဖြစ်သည်။ CPTPP ၌ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုရှုထောင့် အားလုံးနီးပါး အကျုံးဝင်သည်။ စာချုပ်၌ ဈေးကွက်ရရှိရေး ကတိကဝတ်များ (Market-access commitments) ကျယ်ကျယ်ပြန့်ပြန့် ပါဝင်သည်။ အထူးသဖြင့် ကုန်စည်ကုန်သွယ်ရေး၊ ဝန်ဆောင်မှုကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှု၊ လုပ်သားပြောင်းရွှေ့မှုနှင့် အစိုးရ၏ ကုန်ပစ္စည်းဝယ်ယူမှု စသည့် နယ်ပယ်များ ပါဝင်သည်။

ထို့ပြင် သဘောတူစာချုပ်သည် ဈေးကွက်အတွင်း စီးပွားရေးလုပ်ငန်း လုပ်ကိုင်ရန်အတွက် ရှေ့နောက်ညီညွတ်သော၊ ပွင့်လင်းမြင်သာသော၊ မျှတသော ပတ်ဝန်းကျင်ကို ဖန်တီးနိုင်မည့် စည်း မျဉ်းစည်းကမ်းများ ပြဋ္ဌာန်းထားသည်။ သော့ချက်ကျသော ကိစ္စရပ်များဖြစ်သည့် ကုန်သွယ်မှုဆိုင်ရာ နည်းပညာ အဟန့်အတားများ၊ ပိုးမွှားကင်းစင်ရေး အစီအမံများ၊ အကောက်ခွန်လုပ်ထုံးလုပ်နည်းများ၊ ပွင့်လင်းမြင်သာမှုနှင့် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ စသည်တို့ကို ကဏ္ဍအလိုက် ခွဲခြားဖော်ပြထားသည်။ ထိုမျှသာမက CPTPP ၌ သဘာဝပတ်ဝန်းကျင် ကာကွယ်ရေးနှင့် အလုပ်သမားအခွင့်အရေးတို့ကိုလည်း ထည့်သွင်းထားသည်။

ဘက်စုံတိုးတက်သော ပစိဖိတ်ဖြတ်ကျော် ပူးပေါင်းရေးစာချုပ်၌ အဖွဲ့ဝင်နိုင်ငံသစ်များ တိုးချဲ့လက်ခံရေးအတွက် အဖွဲ့ဝင်သစ်လက်ခံသည့် လုပ်ငန်းစဉ်အဆင့်ဆင့်ကိုလည်း ထည့်သွင်းထားသည်။ CPTPP ၏ အဆင့်အတန်းမြင့်မားသော စည်းကမ်းနှင့် ဈေးကွက်ရရှိရေး ကတိကဝတ်များကို လိုက်နာနိုင်သည့် နိုင်ငံတိုင်း အဖွဲ့ဝင်အဖြစ် ပါဝင်နိုင်သည်။

## ပူးပေါင်းသောကဏ္ဍများ

CPTPP သည် လုပ်ငန်းကဏ္ဍ ၁၀ မျိုး၌ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ ပထမကဏ္ဍမှာ ကုန်စည်ကုန်သွယ်ရေးဖြစ်သည်။ ဤပူးပေါင်းမှုအရ CPTPP အဖွဲ့ဝင်နိုင်ငံများသို့ တင်ပို့သော ပို့ကုန်များ၏ အကောက်ခွန်လိုင်း ၉၈ ရာခိုင်နှုန်းအတွက် အကောက်ခွန်ဖယ်ရှားခြင်းနှင့် ကုန်သွယ်မှုအတားအဆီး လျှော့ချခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။ ဒုတိယကဏ္ဍမှာ ကုန်စည်ထုတ်လုပ်ရာနိုင်ငံ သတ်မှတ်သည့် စည်းကမ်းနှင့် လုပ်ထုံးလုပ်နည်းများ (Rules of origin and origin procedures) ဖြစ်သည်။ ကနေဒါ ပို့ကုန်လုပ်ငန်းရှင်နှင့် ထုတ်လုပ်သူများသည် ကုန်ပစ္စည်းထုတ်လုပ်သည့်နိုင်ငံ ဆုံးဖြတ်သည့် စည်းကမ်းချက်များကိုလည်းကောင်း၊ သွင်းကုန်လုပ်ငန်းရှင်က အကောက်ခွန်သက်သာခွင့် အထောက်အထားတောင်းဆိုပါက ပို့ကုန်လုပ်ငန်းရှင်၊ သွင်းကုန်လုပ်ငန်းရှင်နှင့် ထုတ် လုပ်သူများ လိုက်နာရမည့် လုပ်ထုံးလုပ်နည်းများကို လည်းကောင်း သတ်မှတ်ထားသည်။

တတိယအချက်မှာ အကောက်ခွန်နှင့် ကုန်သွယ်မှု လွယ်ကူချောမွေ့ရေး (Customs and trade facilitation) ဖြစ်သည်။ ကနေဒါနှင့် အခြားစာချုပ်ဝင်နိုင်ငံများသည် အကောက်ခွန် လုပ်ထုံးလုပ်နည်းများ လွယ်ကူ၊ ထိရောက်၊ ရှင်းလင်းပြီး ကြိုတင်ခန့်မှန်းနိုင်စေရန် ကြိုးပမ်းအားထုတ်လျက်ရှိသည်။ ဤကဲ့သို့ ကြိုးပမ်းအားထုတ်ခြင်းက နယ်စပ်၌ အကောက်ခွန်ရှင်းလင်းရေးအတွက် အဆင့်ဆင့်ဆောင်ရွက်ရသည့် အချိန်လျော့ကျစေပြီး နိုင်ငံများကြား ကုန်စည်စီးဆင်းမှုကို ပိုမိုလွယ်ကူစေသည်။ စတုတ္ထကဏ္ဍမှာ စည်းမျဉ်းစည်းကမ်းပူးပေါင်းဆောင်ရွက်ရေးနှင့် စည်းကမ်းလိုက်နာမှု ရှိ/မရှိ အကဲဖြတ်ခြင်းဖြစ်သည်။ အစိုးရ၏ ကုန်ပစ္စည်းဝယ်ယူမှုသည် ပဉ္စမမြောက်ပူးပေါင်းဆောင်ရွက်သည့် နယ်ပယ်ဖြစ်သည်။ အဖွဲ့ဝင်နိုင်ငံများကြား ဈေးပြိုင်စနစ်ဖြင့် အစိုးရအတွက် ကုန်ပစ္စည်း ဝယ်ယူရာတွင် ကနေဒါကုမ္ပဏီများသည် ပြည်တွင်းကုန်ပစ္စည်း ပေးသွင်းသူများ (Domestic suppliers) နှင့် တန်းတူအခွင့်အရေး ရရှိမည်ဖြစ်သည်။

နောက်ထပ်နယ်ပယ်တစ်ခုမှာ ဝန်ဆောင်မှုကုန်သွယ်ရေးနှင့် လုပ်သားပြောင်းရွှေ့မှုဖြစ်သည်။ အကျိုးဆက်အနေဖြင့် ကြိုတင်ခန့်မှန်းနိုင်မှု တိုးတက်လာပြီး နယ်စပ်၌ ရင်ဆိုင်နေရသော အတားအဆီးများစွာကို ပပျောက်စေနိုင်သည်။ အဆိုပါ အတားအဆီးများမှာ ခွဲတမ်းဖြင့် တင်သွင်းခွင့်ပြုခြင်း (Quotas) နှင့် လုပ်သားဈေးကွက်၏ သတင်းအချက်အလက်ရယူစစ်ဆေးခြင်း (Labor market tests) စသည်တို့ ဖြစ်သည်။ ဤပူးပေါင်းဆောင်ရွက်ခြင်းက ကနေဒါစီးပွားရေးလုပ်ငန်းရှင်များအတွက် အဖွဲ့ဝင်နိုင်ငံများသို့ ခရီးသွားရောက်ခြင်း သို့မဟုတ် ယာယီအလုပ် လုပ်ကိုင်ခြင်းကို ပိုမိုလွယ်ကူစေသည်။ သတ္တမမြောက် ပူးပေါင်းသည့်ကဏ္ဍမှာ ရင်းနှီးမြှုပ်နှံမှုဖြစ်သည်။ သဘောတူစာချုပ်၌ ပါရှိသော ရင်းနှီး မြှုပ်နှံမှုပြဋ္ဌာန်းချက်များက ရင်းနှီးမြှုပ်နှံသူအား ရင်းနှီးမြှုပ်နှံမှုအတွက် သေချာမှု၊ တည်ငြိမ်မှုနှင့် အကာအကွယ်ပေးမှုတို့ကို ဖြစ်စေနိုင်သည်။ ထို့ပြင် လုပ်ငန်းရှင်များအတွက် ကနေဒါ ဈေးကွက်နှင့် အင်ဒို-ပစိဖိတ်ဈေးကွက်တို့ကို ရရှိစေနိုင်သည်။ နောက်ထပ် ပူးပေါင်းသောနယ်ပယ်မှာ မူပိုင်ခွင့် (Intellectual property-IP) ဖြစ်သည်။ မူပိုင်ခွင့်ကာကွယ်ရေးနှင့် အင်ဒို-ပစိဖိတ်ဒေသအတွင်း စည်ကမ်းလိုက်နာစေရေးအတွက် ဒေသဆိုင်ရာ IP စံသတ်မှတ်ချက် ချမှတ်ထားသည်။

လုပ်သားနှင့် သဘာဝပတ်ဝန်းကျင်ကဏ္ဍသည် နဝမမြောက် ပူးပေါင်းဆောင်ရွက်သည့် နယ်ပယ်ဖြစ်သည်။ ဤအစီအစဉ်အရ အဖွဲ့ဝင်နိုင်ငံများ၏ လုပ်သားနှင့် ပတ်ဝန်းကျင်ဆိုင်ရာ စံချိန်စံညွှန်းများကို တန်ဖိုးထားထိန်းသိမ်းသည်။ စီးပွားရေးအကျိုးအမြတ်အတွက် အဆိုပါ စံချိန်စံညွှန်းများကို အထိခိုက်ခံမည် မဟုတ်ပေ။ နောက်ဆုံးနယ်ပယ်မှာ ဘက်စုံကုန်သွယ်ရေး (Inclusive trade) ဖြစ်သည်။ CPTPP သည် အဖွဲ့ဝင်နိုင်ငံများ၏ ဘက်စုံ ကုန်သွယ်မှုနည်းလမ်းကို ပိုမိုခေတ်မီစေသည်။

## ကောင်းကျိုးများ

ကုန်သွယ်ရေးသဘောတူစာချုပ်သည် အဖွဲ့ဝင်နိုင်ငံများရှိ အသေးစားနှင့် အလတ်စားလုပ်ငန်းများ၏ နိုင်ငံတကာဈေးကွက်အတွင်း ပါဝင်နိုင်စွမ်းကို တိုးတက်စေပြီး ကုန်သွယ်ရေး၏ ကောင်းကျိုးများကို ရရှိစေနိုင်သည်။ ကနေဒါပို့ကုန်များ၏ အကောက်ခွန်လိုင်း ၉၈ ရာခိုင်နှုန်းကို အကောက်ခွန်ကောက်ခံခြင်း မရှိသောကြောင့် အသေးစားနှင့် အလတ်စားလုပ်ငန်းများအတွက် အားသာချက်ရှိသည့် အခြေအနေဖြစ်စေသည်။ ထိုကဲ့သို့ အကောက်ခွန်ဖယ်ရှားခြင်းက အသေးစားနှင့် အလတ်စား လုပ်ငန်းများအတွက် ဝန်ဆောင်မှုပေးသောလုပ်ငန်းများ (Service providers) နှင့်လည်း ပိုမိုချိတ်ဆက်မိစေသည်။

နောက်ထပ်ကောင်းကျိုးမှာ အင်ဒို-ပစိဖိတ်ဒေသတစ်ဝန်း ကုန်သွယ်ရေးအတွက် အဆင့်အတန်းမြင့်ပြီး တစ်ပြေးညီဖြစ်သော စည်းကမ်းများ လိုက်နာဆောင်ရွက်ရခြင်းဖြစ်သည်။ ထိုအချက်က ကုန်သွယ်မှုကို ပိုမိုခန့်မှန်းနိုင်ခြင်း၊ ပွင့်လင်းမြင်သာမှုရှိခြင်းနှင့် ဈေးကွက် ပိုမိုရရှိခြင်းကို ဖြစ်စေနိုင်သည်။ ထို့ပြင် ကမ္ဘာ့ဈေးကွက်အတွင်း စီးပွားရေးလုပ်ငန်းဆောင်ရွက်ရန်အတွက် အဓိကကျသော စိန်ခေါ်မှုနှင့် အဟန့်အတားများကို ဖော်ထုတ်ဖြေရှင်းနိုင်သည်။ ထိုမျှသာမက ကနေဒါနိုင်ငံရှိ ဝန်ဆောင်မှုလုပ်ငန်းနှင့် ဘဏ္ဍာရေးလုပ်ငန်းများအတွက် ဈေးကွက်ပိုမိုရရှိစေသည်။ နောက်ထပ်ကောင်းကျိုးမှာ အကောက်ခွန်ရှင်းလင်းရာ၌ လုပ်ထုံးလုပ်နည်းများ လွယ်ကူခြင်းဖြစ်သည်။ ဤအချက်က ပွင့်လင်းမြင်သာမှုကို တိုးတက်စေပြီး အသေးစားနှင့် အလတ်စား လုပ်ငန်းများအတွက် သတင်းအချက်အလက်ကို Online မှတစ်ဆင့် ရရှိစေပါသည်။ နောက်ဆုံးကောင်းကျိုးမှာ စီးပွားရေးလုပ်ငန်းများ၏ မျှတသော ယှဉ်ပြိုင်မှုကို အားပေးခြင်းနှင့် စီးပွားရေးလုပ်ငန်းတိုင်းအတွက် တစ်ပြေးညီ လုပ်ငန်းလုပ်ကိုင်ခွင့်ရသော အခြေအနေ (Level playing field) ဖန်တီးပေးခြင်းဖြစ်သည်။

CPTPP သည် အဖွဲ့ဝင်နိုင်ငံများရှိ ကုမ္ပဏီစီးပွားရေးလုပ်ငန်းများအတွက် ယှဉ်ပြိုင်နိုင်စွမ်း တိုးတက်ခြင်း၊ ဖောက်သည်သစ်ရရှိခြင်း၊ ပွင့်လင်းမြင်သာမှုရှိပြီး တည်ငြိမ်သော နိုင်ငံခြားဈေးကွက်များ ရရှိခြင်း၊ ကုန်သွယ်မှုအဟန့်အတား ဖယ်ရှားခြင်း၊ ပိုမိုကောင်းမွန်သော ဝန်ဆောင်မှုကုမ္ပဏီများနှင့် ချိတ်ဆက်ခြင်း စသည့် ကောင်းကျိုးများကို ရရှိစေနိုင်သည်။ အဆိုပါ ကောင်းကျိုးများမှတစ်ဆင့် သက်ဆိုင်ရာကုမ္ပဏီ၏ ကမ္ဘာလုံးဆိုင်ရာ ရောင်းအား ပိုမိုတိုးတက်လာနိုင်ကြောင်း တွေ့ရှိရသည်။

## အဓိကလုပ်ငန်းကဏ္ဍများ

CPTPP သည် စီးပွားရေးလုပ်ငန်း ကဏ္ဍအားလုံးအတွက် အခွင့်အလမ်းသစ်များ ဖန်တီးပေးသည်။ အထူးသဖြင့် အကောက်ခွန်လျှော့ချခြင်းနှင့် ဈေးကွက်ပိုမိုရရှိခြင်းတို့က စီးပွားရေးအခွင့်အလမ်းသစ်များကို ဖြစ်ပေါ်စေသည်။ အဖွဲ့ဝင်နိုင်ငံများရှိ စီးပွားရေးလုပ်ငန်းများအတွက် အခွင့်အလမ်းပွင့်ပြီး အကျိုးအမြတ်ဖြစ်ထွန်းစေသော ကဏ္ဍများမှာ လေယာဉ်လုပ်ငန်း၊ စိုက်ပျိုးရေးနှင့် စိုက်ပျိုးရေး၊ စားသောက်ကုန်လုပ်ငန်း၊ စိုက်ပျိုးရေးပစ္စည်းကိရိယာလုပ်ငန်း၊ မော်တော်ကားလုပ်ငန်း၊ ဓာတုပစ္စည်းနှင့် ပလတ်စတစ်၊ ဆောက်လုပ်ရေးပစ္စည်း၊ အလှကုန်ပစ္စည်းနှင့် တစ်ကိုယ်ရေသန့်ရှင်းရေးသုံးပစ္စည်း၊ ယဉ်ကျေးမှုလုပ်ငန်း၊ အီလက်ထရွန်နစ်ကူးသန်းရောင်းဝယ်ရေး၊ သဘာဝပတ်ဝန်းကျင်၊ ငါးနှင့်ပင်လယ်စာ၊ သစ်တောထွက်ပစ္စည်းလုပ်ငန်း၊ အစိုးရ၏ ကုန်ပစ္စည်းဝယ်ယူမှုနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတို့ဖြစ်သည်။

အာရှ-ပစိဖိတ်ဒေသသည် ကနေဒါစီးပွားရေးလုပ်ငန်းများအတွက်လည်း အခွင့်အလမ်းများစွာ ပေးစွမ်းနိုင်သည်။ အဘယ်ကြောင့် ဆိုသော် အာရှ-ပစိဖိတ်ဒေသသည် လျင်မြန်စွာ တိုးတက်လျက်ရှိသော ဈေးကွက်မျိုးစုံ ပိုင်ဆိုင်ထားသောကြောင့် ဖြစ်သည်။

Source: www.asiapacific.ca

# ယခုတစ်ပတ်အတွင်း ဘိလပ်မြေနှင့် ဓာတ်မြေသြဇာတင်သွင်းမှု အခြေအနေ

## ဓာတ်မြေသြဇာ

မတ် ၁၁ ရက်မှ ၁၇ ရက်ထိကာလအတွင်း ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ အမေရိကန်ဒေါ်လာ ၃ ဒသမ ၃၁၉ သန်း တန်ဖိုးရှိ ဓာတ်မြေသြဇာ တန်ချိန် ၅၆၀၀ ကျော် တင်သွင်းခဲ့သည်။ တင်သွင်းမှုများအနေဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ တန်ချိန် ၃၂၀၀ ကျော်၊ တောင်ကိုရီးယားနိုင်ငံမှ တန်ချိန် ၂၁၀၀ ကျော်၊ မက်ဆီကိုနိုင်ငံမှ တန်ချိန် ၂၀ ကျော်နှင့် ထိုင်းနိုင်ငံမှ တန်ချိန် ၂၀၀ ကျော် တင်သွင်းခဲ့ကြောင်း သိရသည်။ အနီးစပ်ဆုံးကာလနှင့် နှိုင်းယှဉ်ပါက ဓာတ်မြေသြဇာ တန်ချိန် ၈၀၀၀ ခန့် လျော့နည်းတင်သွင်းခဲ့ကြောင်း သိရသည်။

နယ်စပ်ကုန်သွယ်မှုမှ မတ် ၁၁ ရက်မှ ၁၇ ရက်ထိကာလအတွင်း အမေ ရိကန်ဒေါ်လာ သုည ဒသမ ၃၅၈ သန်း တန်ဖိုးရှိ ဓာတ်မြေသြဇာတန်ချိန် ၆၆၀ ကျော် တင်သွင်းခဲ့သည်။ တင်သွင်းမှုများအနေဖြင့် တရုတ်နိုင်ငံမှ တန်ချိန် ၆၀၀ ကျော်၊ ထိုင်းနိုင်ငံမှ တန်ချိန် ၆၀ ခန့် တင်သွင်းခဲ့သည်။ အနီးစပ်ဆုံးကာလနှင့်နှိုင်းယှဉ်ပါက နယ်စပ်မှ ဓာတ်မြေသြဇာတန်ချိန် ၃၀ ကျော် လျော့နည်းတင်သွင်းခဲ့ကြောင်း သိရသည်။

## ဘိလပ်မြေ

မတ် ၁၁ ရက်မှ ၁၇ ရက်ထိ ကာလအတွင်း ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၂၂၉ သန်း တန်ဖိုးရှိ ဘိလပ်မြေ တန်ချိန် ၈၀၀ခန့် မလေးရှားနိုင်ငံမှ တင်သွင်းခဲ့သည်။ အနီးစပ်ဆုံးကာလနှင့် နှိုင်းယှဉ်ပါက နယ်စပ်မှ ဘိလပ်မြေ တန်ချိန် ၂၀၀ ကျော် ပိုမိုတင်သွင်းခဲ့ကြောင်း သိရသည်။

နယ်စပ်ကုန်သွယ်မှုမှ မတ် ၁၁ ရက်မှ ၁၇ ရက်ထိကာလအတွင်း အမေရိကန်ဒေါ်လာ ၃ ဒသမ ၃၀၁ သန်း တန်ဖိုးရှိ ဘိလပ်မြေတန်ချိန် ၄၀၀၀ ကျော် ထိုင်းနိုင်ငံမှ တင်သွင်းခဲ့သည်။ အနီးစပ်ဆုံးကာလနှင့် နှိုင်းယှဉ်ပါက နယ်စပ်မှ ဓာတ်မြေသြဇာ တန်ချိန် ၂၀၀၀ ကျော်လျော့နည်းတင်သွင်းခဲ့ကြောင်း သိရသည်။

**အိမ့် (DOT)**



# နို့ဆီ၊ နို့မှုန့်နှင့် ဆေးဝါးပစ္စည်းများ တင်သွင်းမှုအခြေအနေ

မတ် ၁၁ ရက်မှ ၁၇ ရက်ထိ ကာလအတွင်း ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ အမေရိကန် ဒေါ်လာ သုည ဒသမ ၁၃၂သန်း တန်ဖိုးရှိ နို့ဆီတန်ချိန် ၈၀ ကျော် စင်ကာပူနိုင်ငံမှ တင်သွင်းခဲ့သည်။ အနီးစပ်ဆုံးကာလနှင့် နှိုင်းယှဉ်ပါက နို့ဆီ တန်ချိန် ၅၈၀ ကျော် လျော့နည်းတင်သွင်းခဲ့ကြောင်း သိရသည်။

မတ် ၁၁ ရက်မှ ၁၇ ရက်ထိ ကာလအတွင်း ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ အမေရိကန်ဒေါ်လာ ၂ ဒသမ ၈၄၃ သန်းတန်ဖိုးရှိ နို့မှုန့်တန်ချိန် ၇၀ ကျော် နယူးဇီလန်နိုင်ငံမှ တင်သွင်းခဲ့သည်။ အနီးစပ်ဆုံးကာလနှင့် နှိုင်းယှဉ်ပါက နို့မှုန့် တန်ချိန် ၅၅၀ ကျော် လျော့နည်းတင်သွင်းခဲ့ကြောင်း သိရသည်။

မတ် ၁၁ ရက်မှ ၁၇ ရက်ထိ ကာလအတွင်း ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ အမေရိကန်ဒေါ်လာ ၉ ဒသမ ၀၂၄ သန်း တန်ဖိုးရှိ ဆေးဝါးပစ္စည်းများ တန်ချိန် ၅၀၀ ကျော် တင်သွင်းခဲ့သည်။ ယခုတစ်ပတ်အတွင်း အာဂျင်တီးနား၊ ဘယ်လ်ဂျီယံ၊ ဆွစ်ဇာလန်၊ ဩစတြေးလျနိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ဘရာဇီးနိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဆိုက်ပရပ်စ်နိုင်ငံ၊ အီကွေဒေါနိုင်ငံ၊ ဂျာမနီနိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ၊ အိုင်ယာလန်နိုင်ငံ၊ အီတလီနိုင်ငံ၊ ဂျပန်နိုင်ငံ၊ တောင်ကိုရီးယားနိုင်ငံ၊ မလေးရှားနိုင်ငံ၊ နယ်သာလန်နိုင်ငံ၊ ပါကစ္စတန်နိုင်ငံ၊ စပိန်နိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံ၊ စင်ကာပူနိုင်ငံ၊ ပေါ်တူဂီနိုင်ငံ၊ ထိုင်းနိုင်ငံ၊ အမေရိကန်ပြည်ထောင်စုနှင့် ဗီယက်နမ်နိုင်ငံတို့မှ တင်သွင်းခဲ့ကြောင်း သိရသည်။ အနီးစပ်ဆုံးကာလနှင့် နှိုင်းယှဉ်ပါက ဆေးဝါးပစ္စည်းများ တန်ချိန် ၁၀၀ ခန့် ပိုမိုတင်သွင်းခဲ့ကြောင်း သိရသည်။

**အိမ့် (DOT)**

**စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**
**(၂၀.၃.၂၀၂၃)ရက်နေ့မှ (၂၇.၃.၂၀၂၃)ရက်နေ့အထိ ရည်ညွှန်းဈေးနှုန်းထုတ်ပြန်ရန်**
**ခန့်မှန်းကုန်ကျစရိတ်စာရင်းနှင့် အရင်းဈေးတွက်ချက်မှု**

| | |
|---|---|
| Quantity (MT) | 1000 |
| CIF Price (USD/MT) | 1038 |
| ပျမ်းမျှငွေလဲနှုန်း | 2488 |
| Customs ငွေလဲနှုန်း | 2100 |

| စဉ် | အကြောင်းအရာ | တွက်ချက်နှုန်း | ၁၀၀၀ တန် ကုန်ကျစရိတ် | (၁) ပိဿာကုန်ကျစရိတ် |
|---|---|---|---|---|
| ၁ | သွင်းကုန်လိုင်စင်ကြေး | | 93,600 | 0.15 |
| ၂ | TT ဘဏ်စရိတ်ငွေလွှဲခ | 1000 MT x CIF x ပျမ်းမျှငွေလဲနှုန်း x 0.125% | 3,228,180 | 5.27 |
| ၃ | စားအုန်းဆီအလျော့ | 1000 MT x 0.5% x CIF x ပျမ်းမျှငွေလဲနှုန်း | 12,912,720 | 21.09 |
| ၄ | ဆီကန်သိုလှောင်ထိန်းသိမ်းခ | 1000 MT x 612.39 Viss x MMK 8 | 4,899,120 | 8.00 |
| ၅ | ကုန်သွယ်လုပ်ငန်းခွန် | 1000 MT x CIF x Customs ငွေလဲနှုန်း x 5% | 108,990,000 | 177.97 |
| ၆ | MITS စစ်ဆေးခ | 1000 MT x MMK 600 | 600,000 | 0.98 |
| ၇ | FDA + Lab Test | | 440,000 | 0.72 |
| ၈ | ဆိပ်ကမ်းကပ်ခ | 1000 MT x USD 3.15 x ပျမ်းမျှငွေလဲနှုန်း | 7,837,200 | 12.80 |
| ၉ | ဆီအသင်းရန်ပုံငွေ | 1000 MT x MMK 200 | 200,000 | 0.33 |
| ၁၀ | Agent fee | | 250,000 | 0.41 |
| | Local cost | | **139,450,820** | **227.72** |
| ၁၁ | CIF Cost (1000 MT x CIF Price x ပျမ်းမျှငွေလဲနှုန်း) | | 2,582,544,000 | 4,217.16 |
| | **စရိတ်စုစုပေါင်း** | | **2,721,994,820** | **4,444.87** |

# ပြည်တွင်းရွှေဈေး ကျပ် ၂၉ သိန်းကျော်ရှိ

လက်ရှိ ပြည်တွင်းရွှေဈေးမှာ တစ်ကျပ်သားလျှင် ကျပ် ၂၉ သိန်းကျော်ဖြစ်ပေါ်နေကြောင်း ဈေးကွက်အတွင်းမှ သိရသည်။ မတ် ၂၃ ရက် ဈေးနှုန်းများအနေဖြင့် ကမ္ဘာ့ရွှေ တစ်အောင်စလျှင် ၁၉၇၃ ဒေါ်လာ၊ ပြည်တွင်းရွှေဈေး တစ်ကျပ်သား ကျပ် ၂၉၅၀၀၀၀ ဖြစ်ကြောင်း သိရသည်။

တစ်ပတ်အတွင်း ဖြစ်ပေါ်ခဲ့သည့် ကမ္ဘာ့ရွှေဈေးနှုန်းများမှာ မတ် ၁၆ ရက်တွင် တစ်အောင်စ ၁၉၁၂ ဒေါ်လာ၊ ၁၇ ရက်တွင် ၁၉၂၇ ဒေါ်လာ၊ ၁၈ ရက်တွင် ၁၉၈၈ ဒေါ်လာ၊ ၂၀ ရက်တွင် ၁၉၇၃ ဒေါ်လာ၊ ၂၁ ရက်တွင် ၁၉၈၁ ဒေါ်လာ၊ ၂၂ ရက်တွင် ၁၉၄၁ ဒေါ်လာဖြစ်ကြောင်း သိရသည်။

ထို့အတူ တစ်ပတ်အတွင်း ဖြစ်ပေါ်ခဲ့သည့် ပြည်တွင်းရွှေဈေးနှုန်းများ အနေဖြင့် မတ် ၁၆ ရက်တွင် အခေါက်ရွှေ တစ်ကျပ်သား ကျပ် ၂၈၉၅၀၀၀၊ ၁၇ ရက်တွင် ကျပ် ၂၉၀၀၀၀၀၊ ၁၈ ရက်တွင် ကျပ် ၂၉၃၀၀၀၀၊ ၂၀ ရက်တွင် ကျပ် ၂၉၅၀၀၀၀၊ ၂၁ ရက်တွင် ကျပ် ၂၉၇၀၀၀၀၊ ၂၂ ရက်တွင် ကျပ် ၂၉၃၀၀၀၀ ဖြစ်ကြောင်း သိရသည်။

**ပန်းဆု**

# ပြည်တွင်း ငွေကြေးဈေးကွက် အရောင်းအဝယ် ပုံမှန်အတိုင်းသာရှိ

မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် ပြည်တွင်းငွေလဲနှုန်း တည်ငြိမ် စေရေးဆောင်ရွက်လျက်ရှိရာ လက်ရှိ ငွေကြေးဈေးကွက်အတွင်း အရောင်းအဝယ် ပုံမှန်အတိုင်းသာရှိကြောင်း သိရသည်။

ပြည်တွင်း ရွှေနှင့် ငွေကြေးဈေးကွက် တည်ငြိမ်စေရန်အတွက် ဗဟိုဘဏ်အနေဖြင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများနှင့်အတူ ဆက်လက်ပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းအပြင် ဗဟိုဘဏ်အနေဖြင့် ပြင်ပဈေးအတိုင်း အရောင်းအဝယ် ပြုလုပ်နေသည့် ၎င်းတို့ လိုင်စင်ထုတ်ပေးထားသော ငွေလဲကောင်တာများကိုလည်း အရေးယူမှုများ ဆောင်ရွက်လျက်ရှိရာ သတ်မှတ်ချက်အား ဖောက်ဖျက်သည့် ကုမ္ပဏီ ၂၀ ခု၏ နိုင်ငံခြားငွေများ ဝယ်ယူရောင်းချလဲလှယ်ပေးခွင့်လိုင်စင် (Money Changer) များကို ရုပ်သိမ်းလိုက်ကြောင်း မတ်လ ၁၆ ရက်က ထုတ်ပြန်ကြေညာခဲ့သည်။

ဗဟိုဘဏ်၏ ထုတ်ပြန်ချက်အတွင်း Myanmar National Airlines၊ Senjo Royal Myanmar၊ Dawei Popular၊ Sky Bound၊ Phyo Thet တို့ အပါအဝင် ကုမ္ပဏီ ၂၀ ၏ အမည်စာရင်းများကို ဖော်ပြထားသည်။ ကမ္ဘာလုံးဆိုင်ရာ ငွေကြေးခဝါချမှုစောင့်ကြည့်ရေးအဖွဲ့ (FATF) ၏ အမည်မည်းစာရင်း ထည့်သွင်းခံရမှုကို အကြောင်းပြပြီး ငွေကြေးဈေးကွက်အတွင်း မသမာမှုများမပြုလုပ်ကြရန် ဗဟိုဘဏ်က သတိပေးထားပြီး စည်းမျဉ်းစည်းကမ်းများနှင့် ကိုက်ညီမှုမရှိသည့် ဆောင်ရွက်မှုများတွေ့ရှိပါက လိုအပ်သလို အရေးယူသွားမည်ဖြစ်ကြောင်း ကြေညာထားသည်။

**ပန်းဆု**

# စတော့ရှယ်ယာ တန်ဖိုး ကျပ် သန်း ၁၂၀ ကျော် အရောင်းအဝယ်ဖြစ်ခဲ့

ပြီးခဲ့သည့် မတ် ၉ ရက်မှ ၂၂ ရက်အထိ နှစ်ပတ်တာကာလအတွင်း စာရင်းဝင်ကုမ္ပဏီများ၏ စတော့ရှယ်ယာ အရောင်းအဝယ်ဖြစ်မှုတန်ဖိုး ကျပ်သန်း ၁၂၀ ကျော်ရှိခဲ့ကြောင်း ရန်ကုန်စတော့အိပ်ချိန်း (YSX) မှ သိရသည်။

အဆိုပါ ကာလအတွင်း အရောင်းအဝယ်ဖြစ်မြောက်သည့် ရှယ်ယာ အစောင်ရေ စုစုပေါင်း ၄၇၂၁၀ စောင်ရှိပြီး တန်ဖိုးအားဖြင့် ကျပ် ၁၂၉ ဒသမ ၅၇ သန်း ရှိခဲ့ခြင်းဖြစ်သည်။

ကုမ္ပဏီတစ်ခုချင်းစီ၏ အစုရှယ်ယာရောင်းချနိုင်မှုအနေဖြင့် First Myanmar Investment (FMI) က အစုရှယ်ယာ ၄၃၉၇ ရောင်းချနိုင်ခဲ့ပြီး တန်ဖိုး ကျပ် ၃၆ ဒသမ ၀၅ သန်း၊ Myanmar Thilawa SEZ Holidings Public (MTSH) က အစုရှယ်ယာ ၁၀၆၈၁ ရောင်းချနိုင်ခဲ့ပြီး တန်ဖိုး ကျပ် ၃၄ ဒသမ ၂၃ သန်း ရရှိခဲ့ကြောင်း သိရသည်။

အလားတူ မြန်မာနိုင်ငံသားများဘဏ် (MCB) က အစုရှယ်ယာ ၃၇၈ ရောင်းချနိုင်ခဲ့ပြီး တန်ဖိုး ကျပ် ၂ ဒသမ ၈၀ သန်း၊ ပထမပုဂ္ဂလိကဘဏ် (FPB) က အစုရှယ်ယာ ၂၈၉၂၂ ရောင်းချနိုင်ခဲ့ပြီး တန်ဖိုး ကျပ် ၄၅ ဒသမ ၈၁ သန်း ရရှိခဲ့သည်။

ထို့အတူ TMH Telecom Public (TMH) က အစုရှယ်ယာ ၂၀၂ ရောင်းချနိုင်ခဲ့ပြီး တန်ဖိုး ကျပ် သုည ဒသမ ၅၂ သန်း၊ Ever Flow River Group Public (EFR) က အစုရှယ်ယာ ၁၂၁၆ ရောင်းချနိုင်ခဲ့ပြီး တန်ဖိုး ကျပ် ၃ ဒသမ ၂၄ သန်း၊ Amata Holding Public Co.,Ltd. (AMATA) က အစုရှယ်ယာ ၁၄၁၄ ရောင်းချနိုင်ခဲ့ပြီး တန်ဖိုး ကျပ် ၆ ဒသမ ၉၃ သန်း စသည်ဖြင့် အသီးသီးရရှိခဲ့ကြောင်း သိရသည်။

**ပန်းဆု**

# စက်သုံးဆီ (ဓာတ်ဆီ၊ ဒီဇယ်)၊ ဆန်၊ ရွှေနှင့် အမေရိကန်ဒေါ်လာ ပြည်တွင်း

## ရွှေနှင့် အမေရိကန်ဒေါ်လာ ငွေလဲလှယ်နှုန်း ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက် အခြေအနေ သုံးသပ်တင်ပြခြင်း

ကမ္ဘာ့ရွှေဈေးသည် ၂၀၂၃ ခုနှစ် မတ် ၁၇ ရက်တွင် ရွှေတစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၉၂၉ ဒေါ်လာ ပေါက်ဈေးရှိခဲ့ရာမှ မတ် ၂၂ ရက်တွင် ရွှေတစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၉၃၇ ဒေါ်လာ ဖြစ်ခဲ့သည်ကို တွေ့ရှိရသည်။ ပြည်တွင်းရွှေဈေးသည်လည်း ၂၀၂၃ ခုနှစ် မတ် ၁၇ ရက်တွင် အခေါက်ရွှေ တစ်ကျပ်သားလျှင် ကျပ် ၂၈၈၈၀၀၀ ပေါက်ဈေးရှိခဲ့ရာမှ မတ် ၂၂ ရက်တွင် ကျပ် ၂၉၂၀၀၀၀ သို့ အတက်အကျဖြစ်ပေါ်ခဲ့ ကြောင်းကို ရွှေဈေးကွက်အတွင်းမှ သိရှိရသည်။

၂၀၂၃ ခုနှစ် မတ် ၁၆ ရက်မှ ၂၂ ရက်အထိ ရက်အလိုက်ဖြစ်ပေါ်ပြောင်းလဲခဲ့သော အမေရိကန် တစ်ဒေါ်လာနှင့် ညီမျှသော နိုင်ငံတကာ ငွေလဲလှယ်နှုန်းများကို တစ်ဖက်ပါဇယားဖြင့် ဖော်ပြအပ်ပါသည်။

ယခုတစ်ပတ်တွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ထုတ်ပြန်ချက်အရ ၂၀၂၃ ခုနှစ် မတ် ၁၆ ရက်မှ ၂၂ ရက်အထိ အမေရိကန် တစ်ဒေါ်လာလျှင် ကျပ် ၂၁၀၀ ဖြစ်ပေါ်ခဲ့သည်ကို တွေ့ရှိရပြီး အမေရိကန်ဒေါ်လာ ငွေလဲလှယ်နှုန်း (ဗဟိုဘဏ် သတ်မှတ်နှုန်းထား)မှာ တည်ငြိမ်လျက်ရှိသည်။

ပြည်တွင်းရှိ ပြင်ပဒေါ်လာ ငွေကြေးဈေးကွက်၌ ဝယ်လိုအား ပြောင်းလဲမှုပေါ်လိုက်၍ ၂၀၂၃ ခုနှစ် မတ် ၁၆ ရက်မှ ၂၂ ရက်အထိ ရက်သတ္တပတ်အတွင်း ၂၈၇၀-၂၈၇၅ ကျပ်ကြား ရှိနေကြောင်း သိရှိရသည်။

တစ်ပတ်အတွင်း အမေရိကန် တစ်ဒေါ်လာနှင့် ညီမျှသော နိုင်ငံတကာ ငွေလဲနှုန်းဇယား

| စဉ် | နိုင်ငံတကာ ငွေကြေးများ | | ၁၆-၃-၂၀၂၃ | ၁၇-၃-၂၀၂၃ | ၂၀-၃-၂၀၂၃ | ၂၁-၃-၂၀၂၃ | ၂၂-၃-၂၀၂၃ | တစ်ပတ်အတွင်း ဒေါ်လာငွေလဲလှယ်နှုန်း အတက်/အကျ (%) | |
|---|---|---|---|---|---|---|---|---|---|
| ၁ | Myanmar | kyat | ၂၁၀၀.၀ | ၂၁၀၀.၀ | ၂၁၀၀.၀ | ၂၁၀၀.၀ | ၂၁၀၀.၀ | ၀.၀၀ | - |
| ၂ | Thai Baht | THB | ၃၄.၄၁၀ | ၃၄.၂၁၀ | ၃၄.၀၈၀ | ၃၄.၃၂၅ | ၃၄.၃၉၀ | -၀.၀၆ | ⬇ |
| ၃ | Singapore Dollar | SGD | ၁.၃၄၇ | ၁.၃၄၃ | ၁.၃၄၂ | ၁.၃၃၇ | ၁.၃၃၅ | -၀.၈၉ | ⬇ |
| ၄ | Malaysian Ringgit | MYR | ၄.၅၀၄ | ၄.၄၈၅ | ၄.၄၈၅ | ၄.၄၇၂ | ၄.၄၆၂ | -၀.၉၃ | ⬇ |
| ၅ | Indonesian Rupiah | IDR | ၁၅၃၈၀ | ၁၅၃၄၅ | ၁၅၃၆၀ | ၁၅၃၄၅ | ၁၅၃၄၅ | -၀.၂၃ | ⬇ |
| ၆ | Chinese Yuan | CNY | ၆.၈၉၈ | ၆.၈၈၅ | ၆.၈၈၆ | ၆.၈၇၀ | ၆.၈၈၅ | -၀.၁၉ | ⬇ |
| ၇ | Indian Rupee | INR | ၈၂.၇၆၈ | ၈၂.၅၁၅ | ၈၂.၆၆၁ | ၈၂.၆၈၇ | ၈၂.၆၅၁ | -၀.၁၄ | ⬇ |
| ၈ | Japanese Yen | JPY | ၁၃၂.၈၉၅ | ၁၃၃.၀၈၈ | ၁၃၀.၆၈၆ | ၁၃၂.၃၀၈ | ၁၃၂.၄၃၄ | -၀.၃၅ | ⬇ |
| ၉ | Australian Dollar | AUD | ၁.၅၀၅ | ၁.၄၉၂ | ၁.၄၉၅ | ၁.၄၉၇ | ၁.၄၉၃ | -၀.၈၀ | ⬇ |
| ၁၀ | Euro | EUR | ၀.၉၄၂ | ၀.၉၃၉ | ၀.၉၃၉ | ၀.၉၃၁ | ၀.၉၂၇ | -၁.၅၉ | ⬇ |
| ၁၁ | Pound Sterling | GBP | ၀.၈၂၉ | ၀.၈၂၄ | ၀.၈၂၀ | ၀.၈၁၆ | ၀.၈၁၄ | -၁.၈၁ | ⬇ |

Source- Central Bank of Myanmar

## ဆန် ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက်အခြေအနေ သုံးသပ်တင်ပြခြင်း

ပြည်ပဆန်ဈေးကွက်ကို လေ့လာကြည့်ပါက ၂၀၂၃ ခုနှစ် မတ် ၂၀ ရက်တွင် Thai Rice Exporter Association Website ၌ ဖော်ပြချက်အရ ပါကစ္စတန် ဆန်ဈေးနှုန်းများမှာ ဧည့်မထ ၅ ရာခိုင်နှုန်း တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၅၇ ဒေါ်လာဖြင့်လည်းကောင်း၊ ဧည့်မထ ၂၅ ရာခိုင်နှုန်း တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၃၂ ဒေါ်လာဖြင့်လည်းကောင်း ဖြစ်ပေါ်ခဲ့သည်ကို သိရှိရသည်။ ထိုင်းဆန်ဈေးနှုန်းများမှာ ၁၀၀ ရာခိုင်နှုန်း ဘီဂရိတ်ဆန် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၉၂ ဒေါ်လာဖြင့် လည်းကောင်း၊ ဧည့်မထ ၅ ရာခိုင်နှုန်း တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၇၇ ဒေါ်လာဖြင့်လည်းကောင်း၊ ဧည့်မထ ၂၅ ရာခိုင်နှုန်း ဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၆၈ ဒေါ်လာဖြင့် လည်းကောင်း၊ ပေါင်းဆန် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၈၃ ဒေါ်လာဖြင့်လည်းကောင်း အသီးသီးဖြစ်ပေါ်ခဲ့သည်ကို လေ့လာသိရှိရသည်။

ဗီယက်နမ်နိုင်ငံ၏ ဆန်ဈေးကွက်တွင် ဧည့်မထ ၅ ရာခိုင်နှုန်း တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၅၂ ဒေါ်လာဖြင့်လည်းကောင်း၊ ဧည့်မထ ၂၅ ရာခိုင်နှုန်း ဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၃၂ ဒေါ်လာဖြင့်လည်းကောင်း ရှိခဲ့ပြီး အိန္ဒိယနိုင်ငံတွင် ဧည့်မထ ၂၅ ရာခိုင်နှုန်း ဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၂၀ ဒေါ်လာဖြင့်လည်းကောင်း အသီးသီး ရှိခဲ့သည်ကို လေ့လာတွေ့ရှိရသည်။ Thai Rice Exporter Association တွင် ဖော်ပြချက်အရ ယခုတစ်ပတ်တွင် ထိုင်းနိုင်ငံ၌ ၁၀၀ ရာခိုင်နှုန်း ဘီဂရိတ်ဆန်၊ ဧည့်မထ ၅ ရာခိုင်နှုန်းဆန်၊ ဧည့်မထ ၂၅ ရာခိုင်နှုန်း ဆန်ဈေးနှုန်းများနှင့် ပါကစ္စတန်နိုင်ငံ၏ ဧည့်မထ ၅ ရာခိုင်နှုန်း ဆန်ဈေးနှုန်းများ မြင့်တက်ခဲ့ပြီး အိန္ဒိယနိုင်ငံတွင် ဆန်ဈေးနှုန်း ကျဆင်းခဲ့ကာ ဗီယက်နမ် နိုင်ငံတွင် ဆန်ဈေးနှုန်းမှာ တည်ငြိမ်လျက်ရှိသည်ကို သိရှိရသည်။

ပြည်ပဆန်ဈေးကွက် သတင်းအနေဖြင့် အင်ဒိုနီးရှားနိုင်ငံအနေဖြင့် လျော့နည်းနေသော အစိုးရအရန်ဆန်ကို ဖြည့်တင်းရန်အတွက် ယခုနှစ်တွင် ပြည်ပမှ ဆန်တန်ချိန် ၅၀၀၀၀၀ တင်သွင်းနိုင်ဖွယ်ရှိသည်ဟု အင်ဒိုနီးရှားနိုင်ငံ၏ ကုန်သွယ်ရေးဝန်ကြီးဌာန၏ ပြောကြားချက်အရ သိရှိရသည်။ ထို့နောက် ထိုင်းနိုင်ငံသည် အရှေ့အလယ်ပိုင်းနိုင်ငံများမှ ဝယ်လိုအား မြင့်တက်ခြင်းကြောင့် ယခုနှစ်တွင် ပြည်ပသို့ ဆန်တင်ပို့မှုနှုန်းကို ယခင်က တန်ချိန် ၇ ဒသမ ၅ သန်း ခန့်မှန်းထားရာမှ တန်ချိန် ရှစ်သန်းသို့ တိုးမြှင့်ခန့်မှန်းထားကြောင်း ထိုင်းနိုင်ငံ၏ အကြီးတန်းအစိုးရအရာရှိတစ်ဦး၏ ပြောကြားချက်အရ သိရှိရသည်။

ပြည်တွင်းဆန်ဈေးကွက် သတင်းအနေဖြင့် မြန်မာနိုင်ငံ ဆန်စပါး ကုန်သည်များအသင်း ဆန်စပါးကုန်စည်ဒိုင်(ဝါးတန်း) ဆန် ဈေးကွက်တွင် ပေါ်ဆန်းနယ်စုံ (ဖျာပုံ၊ မြောင်းမြ၊ ဒေးဒရဲ) တို့မှ ဆန်တစ်အိတ်လျှင် ကျပ် ၇၀၀၀၀ မှ ၇၅၀၀၀ ကြားနှင့် ရွှေဘိုပေါ်ဆန်းမှာ ဆန်တစ်အိတ်လျှင် ကျပ် ၇၆၀၀၀ မှ ၈၈၀၀၀ ကြား ပေါက်ဈေးရှိသည်။ ဆန်ကြမ်းဖြစ်သော ဧည့်မထ ၂၅ မှတ်တန် ဆန် တစ်အိတ်လျှင် ကျပ် ၅၂၀၀၀ မှ ၅၃၀၀၀ ပေါက်ဈေးရှိကာ ဧည့်မထ ရိုးရိုးဆန်တစ်အိတ်လျှင် ကျပ် ၅၃၅၀၀ မှ ၅၅၀၀၀ ကြား ပေါက်ဈေး ရှိနေပြီး ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်လျှင် ဆန်ချောနှင့် ဆန်ကြမ်းပါ ဆန်တစ်အိတ်လျှင် ဈေးနှုန်း ကျပ် ၂၀၀၀ ခန့် မြင့်တက်လာကြောင်း သိရှိရသည်။

လက်ရှိ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ မတ် ၁၇ ရက်အထိ (ယာယီ) စာရင်းများအရ ပြည်ပနိုင်ငံများသို့ ဆန်နှင့် ဆန်ကွဲ တင်ပို့နိုင်မှုတွင် ဆန်တန်ချိန် ၁၂၆၄၂၆၀ ဒသမ ၁၉၆ တန်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၄၉၁ ဒသမ ၂၀၉ သန်း၊ ဆန်ကွဲ တန်ချိန်၈၄၂၆၃၅ ဒသမ ၁၆၀ တန်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၂၉၃ ဒသမ ၁၁၅ သန်း၊ စုစုပေါင်း ဆန်နှင့်ဆန်ကွဲ တင်ပို့နိုင်မှု တန်ချိန် ၂၁၀၆၈၉၅ ဒသမ ၃၅၆ တန် တန်ဖိုးအမေရိကန်ဒေါ်လာ သန်းပေါင်း ၇၈၄ ဒသမ ၃၂၄ သန်း ရရှိထားပြီး ယခင်နှစ်ကာလတူတွင် ဆန်တန်ချိန် ၁၂၆၈၅ ၇၀ ဒသမ ၆၀၅ တန်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၄၄၆ ဒသမ ၈၈၆ သန်း၊ ဆန်ကွဲ တန်ချိန် ၇၇၂၁၀၄ ဒသမ ၉၈၀ တန်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၂၃၉ ဒသမ ၀၄၂ သန်း၊ စုစုပေါင်း ဆန်နှင့်ဆန်ကွဲ တင်ပို့နိုင်မှု တန်ချိန် ၂၀၄၀၆၇၅ ဒသမ ၅၈၅ တန် တန်ဖိုး အမေရိကန်ဒေါ်လာ သန်းပေါင်း ၆၈၅ ဒသမ ၉၂၈ သန်း တင်ပို့ခဲ့သည်။ ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်လျှင် ဆန်တန်ချိန် ၄၃၁၀ ဒသမ ၄၀၉ တန် လျော့နည်း တင်ပို့ခဲ့သော်လည်း တန်ဖိုးအနေဖြင့် အမေရိကန်ဒေါ်လာ ၄၄ ဒသမ ၃၂၃ သန်း ပိုမို တင်ပို့နိုင်ခဲ့သည်။ ဆန်ကွဲတင်ပို့မှုအနေဖြင့် ဆန်ကွဲတန်ချိန် ၇၀၅၃၀ ဒသမ ၁၈၀ တန်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၅၄ ဒသမ ၀၇၃ သန်း ပိုမိုတင်ပို့နိုင်ခဲ့သည်။

မြန်မာ-တရုတ် နယ်စပ်ဒေသဖြစ်သော မူဆယ်မြို့၌ ၂၀၂၃ ခုနှစ် မတ် ၂၂ ရက်တွင် ဖြစ်ပေါ်နေသော ဈေးနှုန်းများအရ ဧည့်မထ ၂၅ ရာခိုင်နှုန်း ဆန်တစ်အိတ်လျှင် ၁၀၄ - ၁၀၉ ယွမ် (ပြင်ပငွေလဲနှုန်း တစ်ယွမ်လျှင် ၄၁၇ ကျပ်နှုန်းရှိသောကြောင့် ဆန်တစ်အိတ်လျှင် ၄၃၃၆၈ ကျပ်မှ ၄၅၄၅၃ ကျပ်ကြား) ပေါက်ဈေးရှိကြောင်း သိရှိရသည်။ မြန်မာ-ထိုင်း နယ်စပ်ဒေသဖြစ်သော မြဝတီမြို့တွင် ၂၀၂၃ ခုနှစ် မတ် ၂၂ ရက်တွင် ဖြစ်ပေါ်နေသော ဈေးနှုန်းများအရ ပြင်ပ ငွေလဲနှုန်းအနေဖြင့် တစ်ဘတ်လျှင် ၈၃ ကျပ်နှုန်း ပေါက်ဈေးရှိကြောင်း သိရှိရသည်။

တိုင်းဒေသကြီး/ပြည်နယ်များရှိ မြို့ကြီးများ၌ နေ့စဉ်ဖြစ်ပေါ်နေသော ဧည့်မထဆန် ဈေးနှုန်းများကို လေ့လာကြည့်ပါက ဧည့်မထဆန် တစ်ပြည်လျှင် ဟားခါးမြို့တွင် ၃၅၀၀ ကျပ်ဖြင့် အမြင့်ဆုံးဈေးနှုန်း ဖြစ်ပေါ်ခဲ့ပြီး ပြည်မြို့တွင် ဧည့်မထဆန် တစ်ပြည်လျှင် ၂၀၀၀ ကျပ်ဖြင့် အနိမ့်ဆုံးဈေးနှုန်းများ ဖြစ်ပေါ်ခဲ့သည်ကို တွေ့ရှိရသည်။

Trading Economics Website ၌ ဖော်ပြချက်အရ ယခုတစ်ပတ်တွင် ကမ္ဘာ့ဆန်ဈေးနှုန်းမှာ ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်ပါက သုည ဒသမ ၇၂ ရာခိုင်နှုန်း ဈေးနှုန်းကျဆင်းလျက်ရှိကြောင်း သိရှိရသည်။ ၂၀၂၃ ခုနှစ် မတ်လ တတိယပတ်တွင် နိုင်ငံတကာ ဆန်ဈေးနှုန်းများ အတက်/အကျ ပြောင်းလဲမှုများ ရှိသကဲ့သို့ မြန်မာနိုင်ငံတွင်လည်း ဆန်ဈေးနှုန်းများ အတက်/အကျ ပြောင်းလဲမှုများ ဖြစ်ပေါ်နေသည်ကို လေ့လာသုံးသပ် တင်ပြအပ်ပါသည်။

# အုတ်တွင်းမြို့နယ် မတ်ပဲနှင့် ပဲတီစိမ်း စိုက်ပျိုးထွက်ရှိမှု

တောင်ငူခရိုင် အုတ်တွင်းမြို့နယ်တွင် ယခုနှစ်မိုးစပါးအပြီး ဆောင်းသီးနှံအဖြစ် မတ်ပဲ ၁၉၃၉ ဧက စိုက်ပျိုးရန် လျာထားလျက်ရှိရာ လျာထားချက်အတိုင်း စိုက်ပျိုးနိုင်ခဲ့သည်။ ယခုအခါတွင် စိုက်ဧကများအားလုံး ရိတ်သိမ်းပြီးဖြစ်ကြောင်း သိရသည်။ တောင်သူများ၏ ပြောပြချက်အရ တစ်ဧကလျှင် ပျမ်းမျှ ၁၅ တင်းနှုန်းခန့် ထွက်ရှိကြောင်း၊ ယခင်နှစ်ကထက် အထွက်နှုန်း အနည်းငယ် ကျဆင်းကြောင်း သိရှိရသည်။

ယခုနှစ် မတ်ပဲအထွက်နှုန်း ကျဆင်းရခြင်းမှာ သွင်းအားစုများ ဈေးကြီးမြင့်သဖြင့် တောင်သူများက သွင်းအားစုများကို လျှော့ချသုံးစွဲကြခြင်းကြောင့်ဖြစ်သည်။ ထွက်ရှိသော မတ်ပဲများကို ပွဲရုံများသို့ ရောင်းချကြသည်။ ယခင်နှစ်က မတ်ပဲတစ်တင်းလျှင် ကျပ် ၄၆၀၀၀ ရောင်းချရပြီး ယခုနှစ်တွင် မတ်ပဲတစ်တင်းလျှင် ကျပ် ၆၀၀၀၀ ဈေးရှိသည်။

ပဲတီစိမ်းကို ၂၅၇ ဧက စိုက်ပျိုးပြီး မြေအမျိုးအစားပေါ် မူတည်၍ တစ်ဧကလျှင် ၁၅ တင်းမှ ၂၂ တင်းအထိ ထွက်ရှိကြောင်း၊ အထွက်နှုန်းမှာ ယခင်နှစ်ကထက် ကွာခြားမှုမရှိကြောင်း သိရှိရသည်။ ယခင်နှစ်က ပဲတီစိမ်း တစ်တင်းလျှင် ကျပ် ၅၈၀၀၀ ရှိပြီး ယခုနှစ်တွင် ကျပ် ၆၇၀၀၀ ရောင်းချရကြောင်း သိရှိရသည်။

**အေးအေးခိုင် (အုတ်တွင်း)**

# ဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက် အခြေအနေ၊ အပတ်စဉ်ဈေးနှုန်း သုံးသပ်ချက်

## စက်သုံးဆီ (ဓာတ်ဆီ၊ ဒီဇယ်) ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက်အခြေအနေသုံးသပ်ချက်

ကမ္ဘာ့လောင်စာဆီ ဈေးကွက်အခြေအနေအား လေ့လာကြည့်ရာတွင် ဓာတ်ဆီဈေးနှုန်းသည် ၂၀၂၃ ခုနှစ် မတ် ၂၀ ရက်တွင် Global Petrol Prices Website ၌ ဖော်ပြထားရှိသည့် ဈေးနှုန်းများအရ ကမ္ဘာ့နိုင်ငံပေါင်း ၁၂၇ နိုင်ငံအနက် ဆားဗီးယားနိုင်ငံသည် ယခုတစ်ပတ်တွင် ၃ ဒသမ ၅၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းမြင့်တက်မှု အမြင့်ဆုံးနိုင်ငံဖြစ်ခဲ့ပြီး ဆူရီနမ်နိုင်ငံတွင် ၃ ဒသမ ၄၀ ရာခိုင်နှုန်း၊ နိုင်ဂျီးရီးယားနိုင်ငံတွင် ၂ ဒသမ ၆၀ ရာခိုင်နှုန်းနှင့် နယူးဇီလန်နိုင်ငံတွင် ၂ ဒသမ ၄၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းများ မြင့်တက်ခဲ့ပြီး ဈေးနှုန်းမြင့်တက်ခဲ့သည့် နိုင်ငံပေါင်း ကိုးနိုင်ငံရှိကြောင်း တွေ့ရှိရသည်။

ယခုတစ်ပတ်အတွင်း ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ စင်ကာပူ၊ တရုတ်၊ ဂျပန်၊ အန်ဒိုရာ၊ ဘာဘေဒို၊ ဘယ်လ်ဂျီယံ၊ ဘူတန်၊ ဂရိ၊ ကနေဒါနှင့် ဒိန်းမတ် စသည့် နိုင်ငံများ အပါအဝင် နိုင်ငံပေါင်း ၉၉ နိုင်ငံတွင် ယခင်တစ်ပတ် ဈေးနှုန်းများအတိုင်း ပြောင်းလဲခြင်းမရှိဘဲ ဓာတ်ဆီဈေးနှုန်း တည်ငြိမ်နေကြောင်း တွေ့ရှိရသည်။

ဓာတ်ဆီဈေးနှုန်းကျဆင်းသွားသည့် နိုင်ငံများအနေဖြင့် ဖိလစ်ပိုင်၊ ထိုင်း၊ ဗီယက်နမ်၊ ထိုင်ဝမ်၊ ယူကရိန်း၊ နော်ဝေ၊ စပိန်၊ ပေါ်တူဂီ၊ ဆွီဒင်နှင့် ပီရူးအပါအဝင် နိုင်ငံပေါင်း ၁၉ နိုင်ငံရှိပြီး ယခင်တစ်ပတ် ဈေးနှုန်းထက် သုည ဒသမ ၂၀ ရာခိုင်နှုန်းမှ ၅ ဒသမ ၃၀ ရာခိုင်နှုန်းထိ ဈေးနှုန်းကျဆင်းခဲ့ကြောင်း တွေ့ရှိရသည်။

အာဆီယံနိုင်ငံများ၏ ၂၀၂၃ ခုနှစ် မတ် ၂၀ ရက်တွင် Global Petrol Prices Website ၌ ဖော်ပြထားရှိသည့် ဓာတ်ဆီဈေးနှုန်းများအနေဖြင့် ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်လျှင် မြန်မာနိုင်ငံတွင် သုည ဒသမ ၃၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းမြင့်တက်ခဲ့ပြီး ဖိလစ်ပိုင်နိုင်ငံတွင် ၁ ဒသမ ၂၀ ရာခိုင်နှုန်း၊ ထိုင်းနိုင်ငံတွင် ၂ ဒသမ ၉၀ ရာခိုင်နှုန်းနှင့် ဗီယက်နမ်နိုင်ငံတွင် ၃ ဒသမ ၂၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်း ကျဆင်းခဲ့ကာ ကျန်အာဆီယံနိုင်ငံများအားလုံးတွင် ဈေးနှုန်းအပြောင်းအလဲမရှိ တည်ငြိမ်နေကြောင်း လေ့လာတွေ့ရှိရသည်။

ဒီဇယ်ဆီဈေးနှုန်းသည် ၂၀၂၃ ခုနှစ် မတ် ၂၀ ရက်တွင် Global Petrol Prices Website ၌ ဖော်ပြထားရှိသည့် ကမ္ဘာ့နိုင်ငံပေါင်း ၁၂၇ နိုင်ငံအနက် ပါကစ္စတန်နိုင်ငံသည် ယခုတစ်ပတ်တွင် ၄ ဒသမ ၆၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းမြင့်တက်မှု အမြင့်ဆုံးနိုင်ငံဖြစ်ခဲ့ပြီး ထိုင်ဝမ်နိုင်ငံတွင် ၁ ဒသမ ၈၀ ရာခိုင်နှုန်း၊ နိုင်ဂျီးရီးယားနိုင်ငံတွင် ၁ ရာခိုင်နှုန်းနှင့် နယ်သာလန်နိုင်ငံတွင် သုည ဒသမ ၇၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းမြင့်တက်ခဲ့သည့် နိုင်ငံပေါင်း လေးနိုင်ငံရှိကြောင်း တွေ့ရှိရသည်။

ယခုတစ်ပတ်အတွင်း ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ ဟောင်ကောင်၊ နီပေါ၊ ဘာဘေဒို၊ ဘရာဇီး၊ ခရိုအေးရှား၊ ဒိန်းမတ်၊ ဖင်လန်၊ ပြင်သစ်၊ အီတလီ၊ ဂျော်ဒန်နှင့် လက်ဘနွန် စသည့် နိုင်ငံများ အပါအဝင် နိုင်ငံပေါင်း ၉၉ နိုင်ငံတွင် ယခင်တစ်ပတ် ဈေးနှုန်းများအတိုင်း ပြောင်းလဲခြင်းမရှိဘဲ ဒီဇယ်ဈေးနှုန်း တည်ငြိမ်နေကြောင်း တွေ့ရှိရသည်။

ဒီဇယ်ဈေးနှုန်း ကျဆင်းသွားသည့် နိုင်ငံများအနေဖြင့် မြန်မာ၊ ထိုင်း၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ဗီယက်နမ်၊ တောင်ကိုရီးယား၊ ပီရူး၊ နယူးဇီလန်၊ ယူကရိန်း၊ စပိန်၊ နော်ဝေ၊ ဆွီဒင်နှင့် တူရကီ အပါအဝင် နိုင်ငံပေါင်း ၂၄ နိုင်ငံရှိပြီး ယခင်တစ်ပတ် ဈေးနှုန်းထက် သုည ဒသမ ၁၀ ရာခိုင်နှုန်းမှ ၅ ဒသမ ၉၀ ရာခိုင်နှုန်းထိ ဈေးနှုန်း ကျဆင်းခဲ့ကြောင်း တွေ့ရှိရသည်။

အာဆီယံနိုင်ငံများ၏ ၂၀၂၃ ခုနှစ် မတ် ၂၀ ရက် Global Petrol Prices Website ၌ ဖော်ပြထားရှိသည့် ဒီဇယ်ဈေးနှုန်းများအနေဖြင့် ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်လျှင် ထိုင်းနိုင်ငံတွင် သုည ဒသမ ၁၀ ရာ ခိုင်နှုန်း၊ ဖိလစ်ပိုင်နိုင်ငံတွင် သုည ဒသမ ၂၀ ရာခိုင်နှုန်း၊ မြန်မာနှင့် စင်ကာပူနိုင်ငံတို့တွင် ၁ ဒသမ ၅၀ ရာခိုင်နှုန်းနှင့် ဗီယက်နမ်နိုင်ငံတွင် ၅ ဒသမ ၉၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းကျဆင်းခဲ့ပြီး ကျန်အာဆီယံနိုင်ငံများအားလုံးတွင် ဈေးနှုန်းအပြောင်းအလဲမရှိ တည်ငြိမ်နေကြောင်း လေ့လာတွေ့ရှိရသည်။ အာဆီယံနိုင်ငံများ၏ ၂၀၂၃ ခုနှစ် မတ် ၂၀ ရက်တွင် ဖြစ်ပေါ်နေသော ဓာတ်ဆီ၊ ဒီဇယ် တစ်လီတာ ဈေးနှုန်းများအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | နိုင်ငံအမည် | ရေတွက်ပုံ | ဓာတ်ဆီ | ဒီဇယ် |
|---|---|---|---|---|
| ၁ | မြန်မာ | လီတာ | ၁.၀၅ | ၁.၀၂ |
| ၂ | အင်ဒိုနီးရှား | လီတာ | ၀.၉၂ | ၁.၀၅ |
| ၃ | ထိုင်း | လီတာ | ၁.၂၄ | ၀.၉၉ |
| ၄ | ဗီယက်နမ် | လီတာ | ၁.၀၁ | ၀.၈၃ |
| ၅ | စင်ကာပူ | လီတာ | ၁.၉၈ | ၁.၈၃ |
| ၆ | မလေးရှား | လီတာ | ၀.၄၆ | ၀.၄၈ |
| ၇ | ဖိလစ်ပိုင် | လီတာ | ၁.၁၈ | ၁.၁၂ |
| ၈ | ကမ္ဘောဒီးယား | လီတာ | ၁.၂၁ | ၁.၀၅ |
| ၉ | လာအို | လီတာ | ၁.၅၇ | ၁.၁၃ |
| ၁၀ | ဘရူနိုင်း | Global Petrol Prices website တွင် ဖော်ပြထားခြင်းမရှိပါ။ | | |

၂၀၂၃ ခုနှစ် မတ် ၂၀ ရက်တွင် Global Petrol Prices Website ၌ ဖော်ပြထားရှိသည့် ကမ္ဘာ့စက်သုံးဆီဈေးနှုန်းမှာ ဓာတ်ဆီ တစ်လီတာတွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၂၃ နှင့် ဒီဇယ်ဆီ တစ်လီတာတွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၂၂ ရှိပြီး စက်သုံးဆီဈေးနှုန်း နိုင်ငံအလိုက် နည်း/များတွင် မြန်မာနိုင်ငံသည် ဓာတ်ဆီဈေးနှုန်း တစ်လီတာ ၁ ဒသမ ၀၅ ဒေါ်လာနှုန်းဖြင့် ၄၅ နိုင်ငံမြောက်နှင့် ဒီဇယ်ဆီဈေးနှုန်း တစ်လီတာ ၁ ဒသမ ၀၂ ဒေါ်လာနှုန်းဖြင့် ၃၃ နိုင်ငံမြောက်တွင်ရှိနေကြောင်း တွေ့ရှိရသည်။

## DOT (P&S)

မြန်မာနိုင်ငံနှင့် ကုန်သွယ်မှုအများဆုံး ဆောင်ရွက်နေသော တရုတ်၊ ဂျပန်နှင့် အိန္ဒိယနိုင်ငံတို့၏ စက်သုံးဆီ တစ်လီတာ ဈေးနှုန်းများအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | နိုင်ငံအမည် | ရေတွက်ပုံ | ဓာတ်ဆီ | ဒီဇယ် |
|---|---|---|---|---|
| ၁ | တရုတ် | လီတာ | ၁.၂၂ | ၁.၀၈ |
| ၂ | ဂျပန် | လီတာ | ၁.၂၃ | ၁.၀၇ |
| ၃ | အိန္ဒိယ | လီတာ | ၁.၂၆ | ၁.၁၃ |

အမေရိကန်နိုင်ငံ Silicon Valley Bank နှင့် Signature Bank ဘဏ်နှစ်ခု ပြိုလဲခဲ့ခြင်း၊ ဆွစ်ဇာလန်နိုင်ငံ Credit Suisse ဘဏ် အကျပ်အတည်း ဖြစ်ပေါ်ခြင်းတို့ကြောင့် လောင်စာဝယ်လိုအားတို့ အပေါ် ထိခိုက်နိုင်သော ကမ္ဘာလုံးဆိုင်ရာ ဘဏ်လုပ်ငန်းကဏ္ဍအပေါ် စိုးရိမ်ပူပန်မှုများရှိနေခဲ့ရာမှ လုပ်ငန်းဆက်လက်လည်ပတ်နိုင်ရေး အတွက် ဗဟိုဘဏ်မှ ကူညီခြင်းအားဖြင့် ဆွစ်ဇာလန် UBS ဘဏ်ကြီးသည် Credit Suisse ဘဏ်အား ဝယ်ယူလိုက်ပြီးနောက် စိုးရိမ်ပူပန်မှုများ လျော့ပါးလာကာ ကမ္ဘာ့ရေနံဈေးနှုန်းသည် မတ် ၁၆ ရက်တွင် ရေနံတစ်စည်လျှင် အမေရိကန်ဒေါ်လာ ၆၈ ဒသမ ၃၅ ရှိခဲ့ရာမှ မတ် ၂၂ ရက်တွင် ရေနံတစ်စည်လျှင် အမေရိကန်ဒေါ်လာ ၇၀ ဒသမ ၉၀ သို့ ဈေးနှုန်းမြင့်တက်လာခဲ့သည်ကို သိရှိရသည်။

ပြည်တွင်းဈေးကွက်အတွင်း ရောင်းချလျက်ရှိသော စက်သုံးဆီဈေးနှုန်းများမှာ ၂၀၂၃ ခုနှစ် မတ် ၂၂ ရက်တွင် အောက်တိန်း -92 တစ်လီတာလျှင် ၂၀၄၀ ကျပ်၊ အောက်တိန်း -95 တစ်လီတာလျှင် ၂၁၃၀ ကျပ်၊ ဒီဇယ် တစ်လီတာလျှင် ၂၀၆၀ ကျပ်နှင့် ပရီမီယံ ဒီဇယ် တစ်လီတာလျှင် ၂၁၄၀ ကျပ် အသီးသီး ဈေးနှုန်းများဖြင့် ရောင်းချလျက်ရှိကြောင်း သိရှိရသည်။

မြန်မာနိုင်ငံ၏ တိုင်းဒေသကြီး/ ပြည်နယ်များရှိ မြို့ကြီးများ၌ နေ့စဉ်ဖြစ်ပေါ်နေသော စက်သုံးဆီ ဈေးနှုန်းများအား လေ့လာရာတွင် ဟားခါးမြို့တွင် ဓာတ်ဆီ တစ်လီတာလျှင် ၃၈၀၀ ကျပ်၊ ဒီဇယ် တစ်လီတာလျှင် ၃၆၈၀ ကျပ်၊ ကျိုင်းတုံမြို့တွင် ဓာတ်ဆီ တစ်လီတာလျှင် ၂၈၈၅ ကျပ်၊ ဒီဇယ် တစ်လီတာလျှင် ၃၁၀၀ ကျပ်ဖြင့် အမြင့်ဆုံး ဖြစ်ပေါ်နေပြီး ရန်ကုန်မြို့တွင် ဓာတ်ဆီ တစ်လီတာလျှင် ၂၁၃၀ ကျပ်၊ ဒီဇယ် တစ်လီတာလျှင် ၂၀၆၀ ကျပ်၊ ပခုက္ကူမြို့တွင် ဓာတ်ဆီ တစ်လီတာလျှင် ၂၀၉၀ ကျပ်၊ ဒီဇယ် တစ်လီတာလျှင် ၂၀၅၀ ကျပ်ဖြင့် အနည်းဆုံး ဖြစ်ပေါ်နေကြောင်း တွေ့ရှိရသည်။

မြန်မာနိုင်ငံအတွင်းရှိ မြို့ကြီးများ၏ ပြည်တွင်းစက်သုံးဆီဈေးနှုန်းများမှာ ယခင်အပတ်နှင့် နှိုင်းယှဉ်လျှင် ယခင်တစ်ပတ်ထက် ဓာတ်ဆီ တစ်လီတာလျှင် ၉၅ ကျပ်နှင့် ဒီဇယ်တစ်လီတာလျှင် ၆၅ ကျပ် ဈေးနှုန်းကျဆင်းခဲ့ကြောင်း လေ့လာသုံးသပ် တင်ပြအပ်သည်။

## ကရင်ပြည်နယ်ဒေသထွက် သီဟိုဠ်စေ့

ကရင်ပြည်နယ်ထွက် သီဟိုဠ်စေ့ ကုန်ကြမ်းများမှာ ယခုနှစ်တွင် ယခင်နှစ်ထက် ကုန်ကြမ်းဈေးနှုန်း နှစ်ဆခွဲခန့် ရရှိခဲ့ကြောင်း သိရသည်။

ကရင်ပြည်နယ်အတွင်း သီဟိုဠ်စေ့ ထွက်ရှိချိန်မှာ ဖေဖော်ဝါရီလလယ်မှ ဧပြီလလယ်ထိဖြစ်ပြီး ယမန်နှစ်က အရည်အသွေး ကောင်းမွန်သည့် သီဟိုဠ်စေ့ တစ်ပိဿာလျှင် ကျပ် ၂၂၀၀ ဖြင့် ဈေးပိတ်ခဲ့သည်။ ယခုနှစ် အဖွင့်ဈေးနှုန်းမှာ တစ်ပိဿာလျှင် ကျပ် ၃၅၀၀ ဖြင့် ဈေးနှုန်းဖွင့်ခဲ့ကာ ဈေးကွက်လိုအပ်ချက်အရ ယခုနှစ် မတ်လလယ်တွင် တစ်ပိဿာလျှင် ကျပ် ၄၉၀၀ မှ ၅၂၀၀ အထိ ဈေးနှုန်း ဖြစ်ပေါ်လျက်ရှိကြောင်း ကော့ကရိတ်မြို့ရှိ သီဟိုဠ်စေ့ အဝယ်ဒိုင်လုပ်ငန်းရှင် ဦးလှရွှေက ပြောသည်။

ကရင်ပြည်နယ်အတွင်း တစ်နှစ်လျှင် သီဟိုဠ်စေ့အဆန် ပိဿာချိန် ငါးသိန်းကျော် (တန်ချိန် ၈၀၀) ကျော်ထွက်ရှိနိုင်ပြီး ကရင်ပြည်နယ်ဒေသထွက် သီဟိုဠ်စေ့များကို ဒေသတွင်း မော်လမြိုင်၊ ရေး၊ ထားဝယ်၊ မြိတ်သို့ တင်ပို့ရောင်းချကြ၍ မြဝတီနယ်စပ်မှတစ်ဆင့်လည်း ထိုင်းနိုင်ငံသို့ တင်ပို့ရောင်းချကြောင်း သိရသည်။

**ကိုမျိုး(ကရင်)**

## ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့ အထိမ်းအမှတ် အခမ်းအနားများကျင်းပ

စားသုံးသူများကို အကာအကွယ်ပေးနိုင်မည့်အခွင့်အရေးတစ်ခုကို အမေရိကန်သမ္မတ John F Kennedy က ၁၉၆၂ ခုနှစ် မတ် ၁၅ ရက်တွင် ကွန်ဂရက်တွင်ကြေညာခဲ့သည်။ ၁၉၈၅ ခုနှစ် ဧပြီ ၉ ရက်တွင် ကျင်းပသော Consumer Conference တွင် စားသုံးသူအခွင့်အရေး ရှစ်ရပ် ပြဋ္ဌာန်းသဘောတူညီမှုရခဲ့ပြီး မတ် ၁၅ ရက်ကို ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့အဖြစ် သတ်မှတ်ကာ အထိမ်းအမှတ် ဆောင်ပုဒ်များ ဖော်ဆောင်ပြီး ကမ္ဘာ့နိုင်ငံအသီးသီးတွင် ယင်းနေ့ရောက်တိုင်း ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့ အခမ်းအနားများကို စည်ကားသိုက်မြိုက်စွာ ကျင်းပလာကြသည်မှာ ယနေ့ထိပင်ဖြစ်သည်။

၂၀၂၃ ခုနှစ် ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့ ဆောင်ပုဒ်မှာ "စားသုံးသူကဏ္ဍမြှင့်တင်ဖို့ သန့်ရှင်းစွမ်းအင်ကူးပြောင်းစို့" (Empowering Consumers Through Clean Energy Transitions) ဖြစ်ပြီး မြန်မာနိုင်ငံတွင်လည်း ၂၀၁၆ ခုနှစ်ကပင် စတင်၍ ကမ္ဘာ့စားသုံးသူ အခွင့်အရေးများနေ့ အခမ်းအနားနှင့် Media Campaign များ ကျင်းပပြုလုပ်လာခဲ့ပြီး တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးတွင်လည်း စားသုံးသူအရေး လှုပ်ရှားမှုများ ပြုလုပ်လာကြသည်။ ၂၀၂၃ ခုနှစ် မတ် ၁၅ ရက်တွင် ကျရောက်သည့် ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့ကို ဂုဏ်ပြုသောအားဖြင့် မကွေးတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာန၊ စစ်ကိုင်းတိုင်းဒေသကြီး၊ စားသုံးသူရေးရာဦးစီးဌာန၊ ဧရာဝတီတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာန၊ ကရင်ပြည်နယ် စားသုံးသူရေးရာဦးစီးဌာန၊ ရခိုင်ပြည်နယ် စားသုံးသူရေးရာဦးစီးဌာန၊ ရှမ်းပြည်နယ် စားသုံးသူရေး ရာဦးစီးဌာနများနှင့် အခြားပြည်နယ်နှင့်တိုင်းဒေသကြီးများရှိ စားသုံးသူ ရေးရာ ဦးစီးဌာနများမှ စားသုံးသူအခွင့်အရေးများအကြောင်း စီးပွားရေးလုပ်ငန်းရှင်များ လိုက်နာဆောင်ရွက်ရမည့် အချက်များအား အသိပညာပေးခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းနှင့် ကမ္ဘာ့စားသုံးသူ အခွင့်အရေးများနေ့ လှုပ်ရှားဆောင်ရွက်မှုများ ပြုလုပ်ခဲ့ကြောင်း သိရှိရသည်။

**CJ**

# ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ ပို့ကုန်တင်ပို့မှုအခြေအနေ

ချင်းရွှေဟော် ကုန်သွယ်ရေးစခန်းသည် တစ်ဖက်နိုင်ငံသို့ ပို့ကုန်တင်ပို့မှုအနေဖြင့် လက်ရှိကာလတွင် ပဲတီစိမ်း၊ ထောပတ်ပဲ၊ မြေပဲဆန်၊ ပဲယင်း၊ စွန်တာနီပဲ၊ ရော်ဘာ၊ ရော်ဘာကြမ်း၊ ငရုတ်သီး (အစို)၊ လက်ဖက်ခြောက်၊ ဝဥခြောက်၊ ပြောင်းနှင့် နှံစားပြောင်းတို့ကို အဓိကထား တင်ပို့လျက်ရှိသည်။

ကုန်စည်သယ်ယူစရိတ်အနေဖြင့် မန္တလေးမှ ချင်းရွှေဟော်သို့ ယခုတစ်ပတ်တွင် ပို့ကုန်တစ်တန်လျှင် ကျပ် ၇၀၀၀၀ ရှိကြောင်း သိရှိရသည်။ လယ်ယာထွက်ကုန်ပစ္စည်းများ၏ တစ်တန်ဈေးနှုန်းများမှာ ပဲတီစိမ်း ၆၉၀-၇၂၀ ဒေါ်လာနှုန်းခန့်၊ ထောပတ်ပဲ ၇၁၈ ဒေါ်လာနှုန်းခန့်၊ မြေပဲဆန် ၁၅၅၀-၁၆၀၀ ဒေါ်လာနှုန်း၊ ပဲယင်း ၉၇၇-၁၀၀၃ ဒေါ်လာနှုန်း၊ စွန်တာနီ ၅၅၃ ဒေါ်လာနှုန်း၊ ရော်ဘာ R.S.S-3 ၁၁၆၉ ဒေါ်လာနှုန်း၊ ရော်ဘာကြမ်း ၇၀၀ ဒေါ်လာနှုန်း၊ ငရုတ်သီး(အစို) ၃၁၈ ဒေါ်လာနှုန်း၊ လက်ဖက်ခြောက် ၁၉၈ ဒေါ်လာနှုန်း၊ ဝဥခြောက် ၁၆၅၈ ဒေါ်လာနှုန်း၊ ပြောင်း ၃၃၀ ဒေါ်လာနှုန်းရှိခဲ့ပြီး နှံစားပြောင်း မှာ ၃၅၂ ဒေါ်လာနှုန်းရှိခဲ့ကြောင်း သိရှိရသည်။

**ချင်းရွှေဟော်ကုန်သွယ်ရေးစခန်း**

# မြဝတီကုန်သွယ်ရေးဇုန်မှ ယခုတစ်ပတ်အတွင်း ကုန်သွယ်မှုအခြေအနေ

မြဝတီကုန်သွယ်ရေးဇုန်မှ ၂၀၂၃ ခုနှစ် မတ် ၁၁ ရက်မှ ၁၇ ရက်ထိကာလအတွင်း ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၁၃ဒသမ ၈၂၆ သန်း၊ သွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၁၆ ဒသမ ၅၀၂ သန်း ကုန်သွယ်မှုပမာဏ တန်ဖိုးအမေရိကန်ဒေါ်လာ ၃၀ ဒသမ ၃၂၈ သန်း ဆောင်ရွက်နိုင်ခဲ့သည်။ ယခင်တစ်ပတ် လုပ်ငန်းဆောင်ရွက်မှုနှင့် နှိုင်းယှဉ်ပါက ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၂ ဒသမ ၉၉၄ သန်းနှင့် သွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၁ဒသမ၃၄၉ သန်း ပိုမိုခဲ့သဖြင့် ကုန်သွယ်မှုပမာဏမှာ တန်ဖိုး အမေရိကန်ဒေါ်လာ ၄ ဒသမ ၃၄၃ သန်း ပိုမိုခဲ့ကြောင်း သိရသည်။

ပို့ကုန်ပိုင်းတွင် ပိုမိုရခြင်းမှာ ယခုတစ်ပတ်တွင် သတ္တုတွင်းထွက်ပစ္စည်းအုပ်စုနှင့် တိရစ္ဆာန်ထွက်ပစ္စည်းအုပ်စုတွင် တင်ပို့မှု လျော့နည်းခဲ့သော်လည်း လယ်ယာထွက်ပစ္စည်းအုပ်စု၊ ရေထွက်ပစ္စည်းများ၊ သစ်တောထွက်ပစ္စည်းများ၊ စက်မှုကုန်ချောပစ္စည်းနှင့် အခြားပစ္စည်းများ တင်ပို့မှုပိုမိုခဲ့ခြင်းကြောင့်ဖြစ်သည်။ သွင်းကုန်အနေဖြင့် ယခုတစ်ပတ်လုပ်ငန်းသုံးကုန်ကြမ်းအုပ်စုတွင် တန်ဖိုး အမေရိကန်ဒေါ်လာ ၁ဒသမ ၄၇၆ သန်း လျော့နည်းခဲ့သော်လည်း ရင်းနှီးမြှုပ်နှံမှုပစ္စည်းအုပ်စုတွင် တန်ဖိုး အမေရိကန်ဒေါ်လာ သုည ဒသမ ၀၉၇ သန်းနှင့် လူသုံးကုန်ပစ္စည်းအုပ်စုတွင် တန်ဖိုး အမေရိကန်ဒေါ်လာ ၂ ဒသမ ၇၂၈ သန်း ပိုမိုခဲ့သောကြောင့် သွင်းကုန်တန်ဖိုးအမေရိကန်ဒေါ်လာ ၁ ဒသမ ၃၄၉ သန်း ပိုမိုခဲ့ခြင်းဖြစ်သည်။

မြဝတီကုန်သွယ်ရေးဇုန်အနေဖြင့် ယခုတစ်ပတ် ကုန်သွယ်မှု၌ ပို့ကုန်အမယ်ဖြစ်သော ပြောင်း၊ မတ်ပဲ၊ မန်ကျည်းသီး (အစေ့မပါ)၊ ချင်းခြောက်၊ ကြက်သွန်နီ၊ ကွမ်းစားဂမုန်း၊ ချင်းစို၊ ပီလောပီနံခြောက်၊ ငရုတ်သီးအစို၊ ဇီယာစေ့၊ အခြားသစ်တောထွက်ပစ္စည်းများ၊ ငါးမျိုးစုံ၊ ကင်းမွန်၊ အခြားရေထွက်ပစ္စည်းများ၊ ချုပ်ပြီးအထည်၊ အခြား စက်မှုကုန်ချောပစ္စည်းများနှင့် အခြားပစ္စည်းများတို့ ပိုမိုတင်ပို့ခဲ့သောကြောင့်ဖြစ်သည်။ သွင်းကုန်တွင် ငါးဖမ်းပိုက်ကွန်များ၊ မော်တော်ယာဉ်နှင့် မော်တော်ယာဉ်အပိုပစ္စည်းများ၊ ကွန်ပျူတာ၊ ကွန်ပျူတာနှင့် သက်ဆိုင်သောပစ္စည်းကိရိယာများ၊ လေအေးစက်များ၊ အင်ဂျင်များ၊ ဆောက်လုပ်ရေးပစ္စည်းများ၊ သံနှင့်သံမဏိ ဆောက်လုပ်ရေးပစ္စည်းများ၊ သတ္တုကုန်ကြမ်းပစ္စည်းများ၊ ဘက်ထရီခြောက်များ၊ ချည်ထည်များ၊ အပ်ချည်ကြိုးများ၊ သွားတိုက်ဆေး၊ ပရိဘောဂများ၊ အလှကုန်မျိုးစုံနှင့် အခြားပစ္စည်းများ တင်သွင်းမှုပိုမိုခဲ့ခြင်းကြောင့်ဖြစ်သည်။

**အိမ့် (DOT)**



# တာချီလိတ် ကုန်သွယ်ရေးစခန်းမှ ယခုတစ်ပတ်အတွင်း ကုန်သွယ်မှုအခြေအနေ

မတ် ၁၁ ရက် မှ ၁၇ ရက်ထိ ကာလအတွင်း တာချီလိတ် ကုန်သွယ်ရေးစခန်းမှ ပို့ကုန် အမေရိကန်ဒေါ်လာ ၁ ဒသမ ၅၉၄ သန်း၊ သွင်းကုန် အမေရိကန်ဒေါ်လာ ၁ ဒသမ ၂၅၁ သန်း ကုန်သွယ်မှုပမာဏ တန်ဖိုးအမေရိကန်ဒေါ်လာ ၂ ဒသမ ၈၄၅ သန်းဆောင်ရွက်ခဲ့သည်။ ယခင်တစ်ပတ်လုပ်ငန်းဆောင်ရွက်မှုနှင့် နှိုင်းယှဉ်ပါက ပို့ကုန်အမေရိကန်ဒေါ်လာ သုည ဒသမ ၁၅၄ သန်းနှင့် သွင်းကုန်ပိုင်းတွင် တန်ဖိုးအမေရိကန်ဒေါ်လာ သုည ဒသမ ၂၂၅ သန်းလျော့နည်းခဲ့သဖြင့် ကုန်သွယ်မှုပမာဏ အနေဖြင့် တန်ဖိုးအမေရိကန်ဒေါ်လာ သုညဒသမ ၃၇၉ သန်း လျော့နည်းခဲ့ကြောင်း သိရသည်။

ပို့ကုန်ပိုင်းတွင် ယခင်တစ်ပတ်ထက် ပြောင်း၊ လက်ဖက်ခြောက်၊ ဆီးသီးစေ့၊ ဆေးရွက်ကြီး၊ ဘူးခွံ၊ တင်ပို့မှုပိုမိုခဲ့သော်လည်း တံမြက်စည်း၊ ပုစွန်ဖွဲ့၊ လိမ္မော်သီး၊ သစ်ခေါက်၊ ကြေးနီ၊ ပလပ်စတစ်ဘူးခွံဟောင်း လျော့နည်းတင်ပို့ခဲ့သောကြောင့်ဖြစ်သည်။ သွင်းကုန်ပိုင်းတွင် ယခင်တစ်ပတ်ထက် ရေနံထွက်ပစ္စည်းများနှင့် သံနှင့်သံမဏိပစ္စည်းများ ပိုမိုတင်သွင်းခဲ့သော်လည်း၊ ဘိလပ်မြေ၊ စက်နှင့်စက်ပစ္စည်းများ၊ လျှပ်စစ်ဓာတ်ဖြန့်ဖြူးရေးနှင့် တပ်ဆင်ရေး ပစ္စည်းများ၊ ဖန်ဆောက်လုပ်ရေးပစ္စည်းများ၊ လုပ်ငန်းသုံးသီနှံဆီများ၊ သုတ်ဆေး၊ ပေါလစ်များ၊ ပလတ်စတ်စကုန်ကြမ်းပစ္စည်းများ၊ အခြားစက္ကူများ၊ တာယာနှင့် ကျွတ်များ၊ ဆပ်ပြာ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ ချည်ထည်များနှင့် အခြားပစ္စည်းများ လျော့နည်းတင်သွင်းခဲ့သည်။

**အိမ့်(DOT)**

ရန်ကုန်ဘုရင့်နောင်ကုန်စည်ဒိုင်၏ ကုန်စည်ဈေးနှုန်းများ

| စဉ် | အမျိုးအမည် | ဈေးနှုန်းနှိုင်းယှဉ်ချက် | | တက်/ကျ/ငြိမ် (ကျပ်) | ဒိုင်သို့ ကုန်စည်ဝင်ရောက်မှု | | |
|---|---|---|---|---|---|---|---|
| | | ၁၆/၃/၂၀၂၃ | ၂၃/၃/၂၀၂၃ | | ယခင်အပတ် | ယခုအပတ် | ခြားနားချက် |
| | ကြက်သွန်ဖြူ | တစ်ပိဿာဈေးနှုန်း (ကျပ်) | | ကျပ် | | | |
| ၁ | ကြူကုတ်ရှယ် | ၄၀၀၀ | ၄၁၀၀ | ↑ ၁၀၀ | အိတ် ၂၉၀၀ ၈၇၀၀၀ ပိဿာ | အိတ် ၄၃၀၀ ၁၂၉၀၀၀ ပိဿာ | အိတ် ၁၄၀၀ ၄၂၀၀၀ ပိဿာ |
| ၂ | အောင်ပန်း ထူး ၂ | ၃၄၀၀ | ၃၄၀၀ | — | | | |
| ၃ | အောင်ပန်း ထူး ၃ | ၃၅၀၀ | ၃၅၀၀ | — | | | |
| ၄ | အောင်ပန်း ထူး ၄ | ၃၆၀၀ | ၃၆၀၀ | — | | | |
| ၅ | အောင်ပန်း ထူး ၅ | ၃၇၀၀ | ၃၇၀၀ | — | | | |
| | ကြက်သွန်နီ | တစ်ပိဿာဈေးနှုန်း (ကျပ်) | | ကျပ် | | | |
| ၁ | မြစ်သားရှယ် | ၁၆၅၀ | ၁၉၀၀ | ↑ ၂၅၀ | ကား ၂၃၉ စီး ၁၄၃၄၀၀၀ ပိဿာ | ကား ၂၂၁ စီး ၁၃၂၆၀၀၀ ပိဿာ | ကား ၁၈ စီး ၁၀၈၀၀၀ ပိဿာ |
| ၂ | မြစ်သားလတ်ကြီး | ၁၉၀၀ | ၂၁၀၀ | ↑ ၂၀၀ | | | |
| ၃ | မြစ်သားလတ်သန့် | ၁၈၀၀ | ၂၀၀၀ | ↑ ၂၀၀ | | | |
| ၄ | မြစ်သားလတ်ချော | ၁၄၀၀ | ၁၅၀၀ | ↑ ၁၀၀ | | | |
| ၅ | ဆိပ်ဖြူရှယ် | ၁၁၂၅ | ၁၁၀၀ | ↓ ၂၅ | | | |
| ၆ | ဆိပ်ဖြူလတ်ကြီး | ၁၂၂၅ | ၁၂၀၀ | ↓ ၂၅ | | | |
| ၇ | ဆိပ်ဖြူလတ်သန့် | ၁၂၂၅ | ၁၂၂၅ | — | | | |
| ၈ | ဆိပ်ဖြူလတ်ချော | ၁၀၂၅ | ၁၀၅၀ | ↑ ၂၅ | | | |
| | အာလူး | တစ်ပိဿာဈေးနှုန်း (ကျပ်) | | ကျပ် | | | |
| ၁ | ဆင်ဖြူကျွန်း A1 | ၁၅၀၀ | ၁၅၀၀ | — | ကား ၅၅ စီး ၃၃၀၀၀၀ ပိဿာ | ကား ၆၀ စီး ၃၆၀၀၀၀ ပိဿာ | ကား ၅ စီး ၃၀၀၀၀ ပိဿာ |
| ၂ | ဆင်ဖြူကျွန်း OK | ၁၈၀၀ | ၁၈၅၀ | ↑ ၅၀ | | | |
| ၃ | ဆင်ဖြူကျွန်း S1 | ၁၈၀၀ | ၁၈၅၀ | ↑ ၅၀ | | | |
| ၄ | ဆင်ဖြူကျွန်း S2 | ၁၃၀၀ | ၁၃၀၀ | — | | | |
| ၅ | ဗန်းမော် | ၁၉၀၀ | ၁၈၅၀ | ↓ ၅၀ | | | |
| | | | | | SWTun (Domestic Ygn) MITC | | |

ရန်ကုန်ဘုရင့်နောင်ကုန်စည်ဒိုင်၏ ကုန်စည်ဈေးနှုန်းများ

| စဉ် | အမျိုးအမည် | ဈေးနှုန်းနှိုင်းယှဉ်ချက် | | တက်/ကျ/ငြိမ် (ကျပ်) | ဒိုင်သို့ ကုန်စည်ဝင်ရောက်မှု | | |
|---|---|---|---|---|---|---|---|
| | | ၁၆/၃/၂၀၂၃ | ၂၃/၃/၂၀၂၃ | | ယခင်အပတ် | ယခုအပတ် | ခြားနားချက် |
| | မတ်ပဲ | တစ်တန် တန်ဖိုး (ကျပ်) | | (ကျပ်) | | | |
| ၁ | FAQ /RC (2022 Crop) | ၁၉၈၅၀၀၀ | ၂၀၄၁၀၀၀ | ↑ ၅၆၀၀၀ | Con ၁၉၅ လုံး | Con ၂၅၅ လုံး | Con ၆၀ လုံး |
| ၂ | SQ /RC (2022 Crop) | ၂၂၅၀၀၀၀ | ၂၃၀၆၀၀၀ | ↑ ၅၆၀၀၀ | တန်ချိန် ၄၆၈၀ | တန်ချိန် ၆၁၂၀ | တန်ချိန် ၁၄၄၀ |
| ၃ | RED /RC (2022 Crop) | ၂၂၅၇၅၀၀ | ၂၃၄၀၀၀၀ | ↑ ၈၂၅၀၀ | | | |
| | ငရုတ်သီး | တစ်ပိဿာတန်ဖိုး (ကျပ်) | | (ကျပ်) | | | |
| ၄ | မြားနီ(ဟသ်ာတ) AC | ၁၀၅၀၀ | ၁၁၀၀၀ | ↑ ၅၀၀ | ငရုတ်ရှည် အိတ်ပေါင်း ၁၆၅၀၀ (၃၃၀၀၀၀ ပိဿာ) | ငရုတ်ရှည် အိတ်ပေါင်း ၁၀၅၀၀ (၂၁၀၀၀၀ ပိဿာ) | ငရုတ်ရှည် အိတ်ပေါင်း ၆၀၀၀ (၁၂၀၀၀၀ ပိဿာ) |
| ၅ | ပန်းရဲ (သစ် ) AC | ၁၀၅၀၀ | ၁၀၀၀၀ | ↓ ၅၀၀ | | | |
| ၆ | မိုးထောင် (ဒီမွန် ) | ၁၃၀၀၀ | ၁၁၂၀၀ | ↓ ၁၈၀၀ | | | |
| ၇ | ဆင်ဖြူကျွန်း(ပု) | ၁၃၀၀၀ | ၁၃၀၀၀ | — | ငရုတ်ပု အိတ်ပေါင်း ၂၈၀၀ (၄၂၀၀၀ ပိဿာ) | ငရုတ်ပု အိတ်ပေါင်း ၂၂၀၀ (၃၃၀၀၀ ပိဿာ) | ငရုတ်ပု အိတ်ပေါင်း ၆၀၀ (၉၀၀၀ ပိဿာ) |
| ၈ | မြစ်ဝ (ပု) သစ် | ၁၄၀၀၀ | ၁၃၅၀၀ | ↓ ၅၀၀ | | | |
| | ထန်းလျက် | တစ်ပိဿာတန်ဖိုး (ကျပ်) | | (ကျပ်) | | | |
| ၉ | တောင်သာ/မလှိုင်(ဒုံး) | ၂၅၀၀ | ၂၄၅၀ | ↓ ၅၀ | | | |
| ၁၀ | ညောင်ဦးဆေးရှယ် (ထန်း) | ၂၈၀၀ | ၂၈၀၀ | — | | | |
| ၁၁ | ပခုက္ကူကြမ်း | ၂၇၀၀ | ၂၅၅၀ | ↓ ၁၅၀ | | | |
| ၁၂ | ရေစကြိုထန်းလျက် | ၃၆၀၀ | ၃၆၀၀ | — | | | |
| | ကြံသကာ/ သကြား | တစ်ပိဿာတန်ဖိုး (ကျပ်) | | (ကျပ်) | | | |
| ၁၃ | ကြံသကာ | ၂၇၀၀ | ၂၇၀၀ | — | | | |
| ၁၄ | သကြား | ၃၀၃၀ | ၃၀၃၀ | — | | | |
| | မန်ကျည်းသီး | တစ်ပိဿာတန်ဖိုး (ကျပ်) | | (ကျပ်) | | | |
| ၁၅ | ပွင့်ကပ် (သစ်) | ၁၉၀၀ | ၁၈၅၀ | ↓ ၅၀ | | | |
| ၁၆ | အသား (သစ်) | ၂၈၀၀ | ၂၇၀၀ | ↓ ၁၀၀ | | | |
| ၁၇ | ရမည်းသင်း ဒါးဇင်း | ၁၇၅၀ | ၁၇၅၀ | — | | | |
| | | | | | SSMaw (Domestic Ygn) MITC | | |

မြိတ်မြို့ ဆန်ကုန်စည်ဈေးနှုန်းများ

| စဉ် | အမျိုးအမည် | ဈေးနှုန်းနှိုင်းယှဉ်ချက် | | တက်/ကျ/ငြိမ် (ကျပ်) | ဒိုင်သို့ ကုန်စည်ဝင်ရောက်မှု | | |
|---|---|---|---|---|---|---|---|
| | | ၂၃-၂-၂၀၂၃ | ၂၂-၃-၂၀၂၃ | | ယခင်အပတ် | ယခုအပတ် | ခြားနားချက် |
| | ဆန်တစ်အိတ်(အသစ်) | | | | | | |
| ၁ | ရွှေဘိုပေါ်ဆန်း | ၉၂၀၀၀ | ၈၈၀၀၀ | ↓ ၄၀၀၀ | | | |
| ၂ | ဖျာပုံပေါ်ဆန်း | ၈၂၀၀၀ | ၇၈၀၀၀ | ↓ ၄၀၀၀ | | | |
| ၃ | ပေါ်ကျွဲ | ၇၀၀၀၀ | ၆၈၀၀၀ | ↓ ၂၀၀၀ | | | |
| ၄ | စူပါညို့မထ | ၆၅၀၀၀ | ၆၂၀၀၀ | ↓ ၃၀၀၀ | | | |
| ၅ | ညို့မထ | ၅၈၀၀၀ | ၅၆၀၀၀ | ↓ -၂၀၀၀ | | | |

ရော်ဘာပြည်ပပို့ကုန်ဈေးနှုန်း (တန်/ ဒေါ်လာ) (၂၄.၃.၂၀၂၃)

| စဉ် | အမျိုးအစား | ယခင်တစ်ပတ် | ယခုတစ်ပတ် | နှိုင်းယှဉ်ချက် |
|---|---|---|---|---|
| 1 | RSS-1 | 1200-1250 | 1200-1250 | — |
| 2 | RSS-2 | 1150-1200 | 1150-1200 | — |
| 3 | RSS-3 | 1100-1150 | 1100-1150 | — |
| 4 | RSS-4 | 1050-1100 | 1050-1100 | — |
| 5 | RSS-5 | 1000-1050 | 1000-1050 | — |

Source: MRPPA

သစ်သီးဝလံဈေးနှုန်းနှိုင်းယှဉ်ဖော်ပြချက်

| စဉ် | သစ်သီး အမျိုးအမည် | ဈေးနှုန်း(ကီလို/ဒေါ်လာ) ယခင် တစ်ပတ် | ဈေးနှုန်း(ကီလို/ဒေါ်လာ) ယခု တစ်ပတ် | ဈေးနှုန်း နှိုင်းယှဉ်ချက် (တက်/ကျ) | မှတ်ချက် |
|---|---|---|---|---|---|
| | မူဆယ် | | | | မူဆယ် ကုန်စည်ဒိုင်တွင် အရောင်းအဝယ် ဖြစ်သော ယွမ်ဈေးနှုန်းပေါ် မူတည်၍ ဈေးနှုန်းအနည်းငယ် အပြောင်းအလဲ ရှိကြောင်း သိရှိရသည်။ |
| (၁) | တင်ပို့မှု | | | | |
| | သခွားမွှေး | ၀.၂၁၈ | ၀.၂၁၇ | ↓ | |
| | ဖရဲသီး | ၀.၁၀၂ | ၀.၁၀၁ | ↓ | |
| (၂) | တင်သွင်းမှု | | | | |
| | ပန်းသီး | ၀.၄၁၃ | ၀.၄၁ | ↓ | |
| | လိမ္မော်သီး | ၀.၃၂၃ | ၀.၃၂၂ | ↓ | |
| | ပန်းသစ်တော်သီး | ၀.၃၆၃ | ၀.၃၆၁ | ↓ | |

| စဉ် | သစ်သီး အမျိုးအမည် | ဈေးနှုန်း(ကီလို/ဘတ်) ယခင် တစ်ပတ် | ဈေးနှုန်း(ကီလို/ဘတ်) ယခု တစ်ပတ် | ဈေးနှုန်း နှိုင်းယှဉ်ချက် (တက်/ကျ) | မှတ်ချက် |
|---|---|---|---|---|---|
| | မြဝတီ | | | | မြဝတီ ကုန်စည်ဒိုင်တွင် အရောင်းအဝယ် ဖြစ်သော ဘတ်ဈေးနှုန်းပေါ် မူတည်၍ ဈေးနှုန်း အနည်းငယ် အပြောင်းအလဲ ရှိကြောင်း သိရှိရသည်။ |
| (က) | တင်သွင်းမှု | | | | |
| | ပန်းသီး | ၂၀.၇၄၂ | ၂၀.၈၂၀ | ↑ | |
| | နဂါးမောက်သီး | ၁၃.၈၀၈ | ၁၃.၈၀၈ | — | |
| | စပျစ်သီး | ၄.၇၁၇ | ၄၁.၇၁၇ | — | |
| | နန်းမြားသီး | ၇.၀၂၅ | ၇.၀၇ | ↑ | |
| | သရက်သီး | ၁၃.၈၈၀ | ၁၃.၈၇၉ | ↓ | |
| | လိမ္မော်သီး | ၂၀.၁၂၄ | ၂၀.၁၂၄ | — | |
| | သစ်တော်သီး | ၂၀.၄၃၀ | ၁၉.၇၁၂ | ↓ | |
| | တည်သီး | ၁၃.၁၅၂ | ၁၃.၄၇၆ | ↑ | |
| | ရေခန်းသီး | ၆.၇၅၉ | ၇.၀၂၅ | ↑ | |

စီးပွားရေးအောင်မြင်ရန် သတင်းအချက်အလက်ကို အခြေခံ






# ပြည်တွင်းထုတ်ကုန် အားပေးကြစို့

လူတစ်ကိုယ် အကြိုက်တစ်မျိုး ရှိကြစမြဲဖြစ်သည်။ အထူးသဖြင့် အမျိုးသမီးများတွင် လက်ဝတ်ရတနာနှစ်သက်သူ၊ အစားအသောက် ခုံမင်သူ၊ အဝတ်အစားကြိုက်သူ၊ အမွှေးနံ့သာကြိုက်သူ၊ အိတ်ပေါင်းစုံ ထည်လဲကိုင်သူ၊ ဖန်စီပစ္စည်း နှစ်သက်သူများကို တွေ့မြင်ကြရသည်။ ယခုအခါ Korea Drama များကြောင့် ခေတ်ရေစီးကြောင်း ပြောင်းလဲလာပြီး မျက်နှာခွဲစိတ်ပြုပြင်သူ၊ ခြေသည်းလက်သည်း အလှဆင်သူ၊ ကျန်းမာရေးအတွက် ရန့်ကုထုံး လိုက်စားသူများကို တွေ့ရှိလာရသည်။


၁၆ ရာစုနှစ်တွင် ပြင်သစ်နိုင်ငံ၌ ပန်းများမှ ရေမွှေးကို စတင်ထုတ်လုပ်ခဲ့ကြောင်း၊ နံ့ရုံဆေးရေးပန်းချီများမှတစ်ဆင့် သိရှိခဲ့ရသည်။ ပထမဆုံးသော ရေမွှေးစပ်သည့် ပညာရှင်မှာ ဘေဘီလုံမှ တပွတ်သီဟုအမည်တွင်သည့် အမျိုးသမီးသည် ရေမွှေးကို စတင်ထုတ်လုပ်ခဲ့ရာ ကမ္ဘာပေါ်တွင် ရေမွှေးစတင်ထွက်ရှိခဲ့သည်။ ယခုဆိုလျှင် ရာစုနှစ်များစွာတိုင်အောင် ကြာမြင့်နေပြီဖြစ်သည်။ ရေမွှေးသည် နိုင်ငံ၏ဝင်ငွေကို ကောင်းစွာရှာဖွေပေးသည့်ကဏ္ဍတွင် တဖြည်းဖြည်း နေရာယူလာသည်။ ယခုနောက်ပိုင်းတွင် နိုင်ငံဒေသအသီးသီးရှိ လူကြိုက်များသည့် အနံ့များကို အခြေခံ၍လည်း ရေမွှေးပညာရှင်များက ရနံ့သစ်များကို ရှာဖွေထုတ်လုပ်လာသည်။ ယခင်က Lavender ပန်းနံ့၊ နှင်းဆီရနံ့တို့ကိုသာ အဓိကသုံးစွဲရာမှ နောက်ပိုင်းတွင် လူမျိုးအသီးသီး၏ ဒေသထွက်ကုန်ပစ္စည်းအပေါ် အကြိုက်ကို ရှာဖွေ၍ Green Tea အနံ့၊ စန္ဒကူးအနံ့၊ သနပ်ခါးအနံ့ စသဖြင့် ကျယ်ပြန့်စွာ ထုတ်လုပ်လာပါသည်။ Perfume is an art ရေမွှေးသည် အနုပညာဆန်သည်ဟု ဆိုသည့်အတိုင်း စိတ်ခံစားမှု၊ ပတ်ဝန်းကျင် အခြေအနေ သွားရောက်သည့် အခမ်းအနား၊ ဝတ်စားဆင်ယင်မှုပေါ် မူတည်၍ သုံးစွဲမည့် ရေမွှေးရနံ့သည်လည်း ကွဲပြားခြားနားသည်။ ရေမွှေးကို အဓိကအားဖြင့် အမျိုးသမီးအများစု နှစ်သက်စွာ သုံးစွဲကြသည်။ လူကုံထံများသာ သုံးစွဲရာမှ နောက်ပိုင်းတွင် လူတန်းစားမျိုးစုံ သုံးစွဲနိုင်ရန် ရည်ရွယ်၍ တံဆိပ်အသီးသီးဖြင့် ဈေးကွက်သို့ ဝင်ရောက်လာသည့် ရေမွှေးများကို တွေ့ရှိရသည်။

ပြည်တွင်း၌ ယခင်က ရေမွှေးကို သင်္ဘောသားများ၊ နိုင်ငံခြားပြန်သူများ၊ စကော့ဈေးမှတစ်ဆင့် ပြန်လည်ဝယ်ယူခဲ့ရပြီး နောက်ပိုင်းတွင် ကုန်တိုက်ကြီးများ၊ ဈေးဝယ်စင်တာများနှင့် အမျိုးသမီးမိတ်ကပ်၊ အလှပြင်ပစ္စည်းရောင်းသည့် ဆိုင်များတွင် လွယ်ကူစွာဝယ်ယူနိုင်သည်။ နည်းပညာနှင့် ဈေးကွက်စီးပွားရေးစနစ် ထွန်းကားပြီးနောက် Digital Marketing Platform များအသုံးပြုလာမှုတို့ကြောင့် ပညာရှင်တို့သည် ရေမွှေးကို ဖော်စပ်ထုတ်လုပ်ရောင်းချလာသည်။ ကမ္ဘာပေါ်တွင် ရေမွှေးအဓိက ထုတ်လုပ်သည့် ပြင်သစ်နိုင်ငံရှိ Grasse Institute Of Perfumery ကျောင်းသို့ သွားရောက်ပညာသင်ယူပြီး မြန်မာပြည်တွင်းဈေးကွက်ထဲ စတင်လှမ်းဝင်လာသည့် ရေမွှေးပညာရှင် ဒေါ်လွင်မာအောင်နှင့်တွေ့ဆုံပြီး Philyra အမှတ်တံဆိပ်ဖြင့် ထုတ်လုပ်သည့် ပစ္စည်းများနှင့် မိတ်ဆက်ပေးလိုက်ပါသည်။ ရေမွှေးပညာရှင်က ဖော်စပ်ထုတ်လုပ်သည့် ရေမွှေးကို Perfumer Blend ဟု ခေါ်ဝေါ်လေ့ရှိသည်။

Perfumer Blend မှ Sense of Burma Collection Series ဖြင့် မြန်မာနိုင်ငံ၏ မြို့ကြီး ခြောက်မြို့ကို ကိုယ်စားပြုပြီး ထုတ်လုပ်သည့် ရေမွှေးရနံ့ ခြောက်မျိုးမှာ ရန်ကုန်၊ မန္တလေး၊ ပုဂံ၊ ကလော၊ မေမြို့၊ ငပလီဖြစ်ပြီး ရနံ့ခြောက်မျိုးပါသည့် ရေမွှေးများအား ဈေးကွက်သို့ ၂၀၂၁ ခုနှစ်မှစတင်၍ Digital Marketing ဖြင့် ထိုးဖောက်ခဲ့သည်။ အဆိုပါ ရနံ့ခြောက်မျိုး၏ တစ်ခုချင်းစီတွင် ထူးခြားသည့် Story များပါဝင်သည်။ ပုဂံရနံ့သည် ရှေးခေတ်ပုဂံဘုရားများ၏ အုတ်ရနံ့များကို အခြေခံပြီး နွေးထွေးမှု၊ ဝင့်ကြွားမှုရှိခြင်းကို ကိုယ်စားပြုသည်။ မန္တလေးရနံ့သည် မန္တလေးမင်းနန်းတော်ရှိ ကျွန်းတိုင်လုံးသားများ ရနံ့ကို အခြေခံပြီး ထုတ်လုပ်ထားသည်။ ကလောရနံ့သည် ကလောမြို့ပြင်ရှိစိုက်ခင်း၊ သီးနှံ၊ တောပန်းလေးများ၏ ရနံ့ကို ရောနှောထားသည့် ရနံ့ဖြစ်သည်။ မေမြို့ရနံ့သည် ကလောရနံ့နှင့် အလွန်ဆင်တူ၍ ကော်ဖီရနံ့ဖြင့် အဆုံးသတ်သည့် ရနံ့မျိုးဖြစ်သည်။ ရန်ကုန်ရနံ့သည် ဆယ်ကျော်သက် လူငယ်လေးများ၏ တက်ကြွလှုပ်ရှားနိုင်မှု အားကောင်းသည့် ပုံစံကို တုပ၍ ရန်ကုန်ရနံ့သည် အနံ့ရရုံဖြင့် စိတ်၏ တက်ကြွလန်းဆန်းမှုကို ပေးစွမ်းနိုင်သည်။ ငပလီရနံ့သည် ပင်လယ်ပြင်၏ လွတ်လပ်မှု၊ အားကောင်းမှုကို အခြေခံ၍ ဖော်စပ်ထုတ်လုပ်ထားခြင်းဖြစ်သည်။

မြန်မာပြည်တွင်း ထုတ်လုပ်သည့် ရေမွှေးများကို အချိန်အခါ ရာသီမရွေး သင့်တင်မျှတသည့် ဈေးနှုန်းများဖြင့် ဝယ်ယူသုံးစွဲနိုင်ခြင်းကြောင့် ပြည်တွင်းဖြစ်ကို အားပေးရာရောက်သည်။ ပြည်တွင်းထုတ်ကုန်များ ထုတ်လုပ်သုံးစွဲခြင်းကြောင့် သွင်းကုန်အစားထိုးမှုဝါဒ သည် အောင်မြင်မှုရလာပြီး ပြည်တွင်းထုတ်ကုန်ကဏ္ဍမှာလည်း စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း ယုံကြည်မိပါသည်။

**MMS**









# U M H COMPANY LIMITED

UMH COMPANY LIMITED

**SAFETY PARTS**
**AIR BAG CUSHION PRODUCTION**

**GPM & ALARDDIN**
**uPVC WINDOW & DOOR PROFILE MANUFACTURING**








Phone : 01 703179 , 3611702 , 3611703
Mobile : 09 420131145
E mail : starrewygn@gmail.com
Address : No, (538-A), Block 28, No.4 Highway Road, Shwe Pyi Thar Township, Yangon, Myanmar.


SINOPEC
SINOPEC
SINOPEC
SINOPEC
SINOPEC
Authorized Distributor: 777-1 EXPORT IMPORT COMPANY LIMITED
Yangon:
No.(59-60), Hlay Thin Ah Twin Wun U Chain Street,
Industrial Zone(2),Hlaing Thar Yar Township, Yangon, Myanmar.
Tel:09-454511112,454511113,454511114
Mandalay:
PaPa(21/1), Corner of 135 (Yaw Min Gyi) Street & 66 Street,
Industrial Zone(1), Mandalay, Myanmar.
Tel:02-5154403,5153970,5152224,5153100,5152117

အရည်အသွေး
ကောင်းမွန်သောကားအမျိုးအစားစုံ
စိတ်ကြိုက်ရွေးချယ်ဖို့
JPM နဲ့ဆက်သွယ်စို့...
JPM
CAR SALE CENTER
jpmautocenter@gmail.com
www.jpmmotors.com
ကားပါမစ်ရရှိထားသော နိုင်ငံ့ဝန်ထမ်းများကိုလည်း လိုချင်သောမော်တော်ကားများဝယ်ယူရရှိပြီး
လက်တင်စီးနိုင်သည်အထိ(အထူး)ဝန်ဆောင်မှုပေးပါသည်။
HOT LINE : 09253008800
အမှတ်(၄၂-၄၃)၊တက္ကသိုလ်ရိပ်သာလမ်းသစ်၊ဗဟန်းမြို့နယ်၊ရန်ကုန်။ Ph: 09 44 888 2944,09 7 3333 555

# အာဆီယံဒေသတွင်း လျှပ်စစ် မျှဝေကြမှာလား



**ခင်မောင်ညို (ဘောဂဗေဒ)**

လာအိုမြို့တော် ဗီယင်ရှန်းကနေ စင်ကာပူအထိ လေယာဉ်နဲ့ သုံးနာရီပဲကြာတယ်။ ဒါပေမဲ့ နှစ်နိုင်ငံအကြား လျှပ်စစ်ဓာတ်အားပေးဖို့ကျတော့ ရှစ်နှစ်ကြာတယ်။

ဇွန်၊ ဇူလိုင်လတွေတုန်းက လျှစ်စစ်ဓာတ်အားဖလှယ်ဖို့ စမ်းသပ်ချက်တစ်ခုလုပ်တယ်။ ကိုယ့်ကိုယ်ကို "အာရှရဲ့ဓာတ်ခဲ" လို့ခေါ်တဲ့ လာအို ရေအားလျှပ်စစ်စက်ရုံတွေကနေ လျှပ်စစ်ဓာတ်အားကို ဝါယာကြိုးတွေနဲ့ ထိုင်းနဲ့မလေးရှားကိုဖြတ်ပြီး စင်ကာပူအရောက် သွယ်ဖို့ပါ။ ရမယ့် ၁၀၀ မီဂါဝပ်ဟာ စင်ကာပူထုတ်လုပ်နေတာရဲ့ ၁ ရာခိုင်နှုန်းအောက်ပဲ ရှိပါတယ်။ ဒါပေမဲ့ ၂၀၁၄ ခုနှစ်ကစခဲ့တဲ့ ဒီစမ်းသပ်ချက်ဟာ သင်္ကေတသဘောအရ တော့ အရေးပါပါတယ်။ လျှပ်စစ်ဟာ အရှေ့တောင်အာရှလေးနိုင်ငံကို ပထမဆုံး ဖြတ်သန်းဖို့ပါ။ စင်ကာပူက လမ်းကြောင်းရှာစီမံကိန်းလို့ခေါ်တဲ့ ဒီစီမံကိန်းဟာ အာဆီယံအသင်းဝင် ၁၀ နိုင်ငံအကြား ဓာတ်အားအရောင်းအဝယ်လုပ်နိုင်ကြဖို့ ဒေသတွင်း မဟာဓာတ်အားလိုင်း ထူထောင်ရေးဆိုတဲ့ ရည်ရွယ်ချက်ပဟောင်းအပေါ်မှာ အခြေခံပါတယ်။ အာဆီယံအသင်းကြီးက စိတ်ကူးတာ ၂၅ နှစ်လောက်ကြာပေမယ့် အခုထိတော့ အကောင်အထည် မပေါ်သေးပါဘူး။

အိမ်နီးချင်းနိုင်ငံတွေအကြား လျှပ်စစ် မျှဝေတာတွေက နည်းနည်းပဲရှိပါတယ်။ နယ်စပ်ဖြတ်ကျော် လျှပ်စစ်ရောင်းချတာ ရှားပါတယ်။ နှစ်နိုင်ငံအကြား မျှဝေနိုင်တဲ့စွမ်းရည် ၅ ဒသမ ၅ GW ရဲ့ ၆၅ ရာခိုင်နှုန်းလောက်ပဲ ထိုင်းနဲ့လာအိုအကြား မျှဝေတယ်လို့ အိုင်အီးအေက ခန့်မှန်းပါတယ်။ ဘရူနိုင်းနဲ့ဖိလစ်ပိုင်တို့ကတော့ အပြင်နဲ့ လုံးဝချိတ်မထားပါဘူး။

ဥရောပနဲ့ မြောက်အမေရိကတို့မှာတော့ စရိတ်လျှော့ ညစ်ညမ်းမှုသက်သာပြီး စွမ်းရည်မြင့်ဖို့ အိမ်နီးချင်းနိုင်ငံတွေဆီက လျှပ်စစ်ယူကြတာပါ။ ပြီးတော့ နေစွမ်းအင်နဲ့ လေစွမ်းအင်တို့ရဲ့ အတက်အကျ မတည်ငြိမ်တဲ့သဘောကို ဖြေရှင်းပေးဖို့လည်း အထောက်အကူဖြစ်ပါတယ်။ နေရာအကျယ်ကြီး စွမ်းအင်တွေ စုပေါင်းလိုက်တော့ တစ်နေရာမှာပိုနေရင် တခြားလိုနေတဲ့နေရာတွေကို ပေးနိုင်ပါတယ်။ ဥပမာ ကယ်လီဖိုးနီးယားမှာ စွမ်းအင်လိုအပ်ချက်မြင့်တက်လာရင် လူမထူထပ်တဲ့ နီဗားဒါးလို သဲကန္တာရက နေစွမ်းအင်ကို ရယူနိုင်ပါတယ်။

ဒါပေမဲ့ အာဆီယံအစိုးရတွေကတော့ အများအားဖြင့် ရုပ်ကြွင်းလောင်စာစက်ရုံတွေ အများကြီးတည်ဆောက်ပြီး စွမ်းအင်ကို လက်ထဲကိုင်ထားချင်ကြတာပါ။ နိုင်ငံအတော်များများက အမြင့်ဆုံးဓာတ်အားလိုအပ်ချက်ထက် ၃၀ ရာခိုင်နှုန်းပိုတဲ့ စွမ်းအားရှိတယ်လို့ ကြွားတတ်ကြတယ်။ လူတွေက မိတ်ဆွေတွေဖြစ်ချင်ကြပေမယ့် အိမ်နီးချင်းကို ဘယ်တော့မှ စိတ်ချလို့မရဘူး။ လိုချင်တဲ့ အချိန် ရ၊ မရဆိုတာ မသေချာဘူးတဲ့။ သံသယတွေထားကြတော့ စရိတ်တွေတက်၊ ပတ်ဝန်းကျင်လည်း လိုအပ်တာထက် ညစ်ညမ်း။

ပြောင်းလဲသွားတာက ပတ်ဝန်းကျင်သန့်ရှင်းတာကို လိုချင်လာကြတာပါ။ စင်ကာပူက သူ့ရဲ့စွမ်းအင် ၉၅ ရာခိုင်နှုန်းကို သဘာဝဓာတ်ငွေ့ကယူပါတယ်။ နေရောင်စွမ်းအင်တို့ လေအားစွမ်းအင်တို့က နေရာအကျယ်ကြီးလိုတော့ မြေမရှိတဲ့ ကျွန်းအတွက် အဆင်မပြေဘူး။ စင်ကာပူအစိုးရက သူ့စွမ်းအင်လိုအပ်ချက်ရဲ့ ၃ ရာခိုင်နှုန်းလောက်ပဲ နေရောင်ခြည်က ရနိုင်မယ်လို့ တွက်ပါတယ်။ သူ့လိုအပ်ချက်ရဲ့ သုံးပုံတစ်ပုံဖြစ်တဲ့ 4GWကို အိမ်နီးချင်းနိုင်ငံတွေကနေ ကာဘွန်နိမ့်လောင်စာတွေအဖြစ် ၂၀၃၅ ခုနှစ်မှာ ရယူမယ်လို့လျာထားပါတယ်။

> **အိမ်နီးချင်းနိုင်ငံတွေအကြား လျှပ်စစ်မျှဝေတာတွေက နည်းနည်းပဲရှိပါတယ်။ နယ်စပ်ဖြတ်ကျော် လျှပ်စစ်ရောင်းချတာ ရှားပါတယ်။ နှစ်နိုင်ငံအကြား မျှဝေနိုင်တဲ့ စွမ်းရည် ၅ ဒသမ ၅ GW ရဲ့ ၆၅ ရာခိုင်နှုန်းလောက်ပဲ ထိုင်းနဲ့ လာအိုအကြား မျှဝေတယ်လို့ အိုင်အီးအေက ခန့်မှန်းပါတယ်။ ဘရူနိုင်းနဲ့ ဖိလစ်ပိုင်တို့ကတော့ အပြင်နဲ့ လုံးဝချိတ်မထားပါဘူး။**

စင်ကာပူအတွက် စွမ်းအင်ဝယ်ယူလို့ သန့်ရှင်းလာသလို လာအိုအတွက်လည်း အသက်ရှူပေါက်ချောင်မယ်။ ဆယ်စုနှစ်နဲ့ချီပြီး မတန်တဆ ဆည်တွေဆောက်လို့ လာအိုက ဒေဝါလီခံရလုဖြစ်နေပြီ။ သူ့ငွေကြေးက ဒီနှစ်ထဲမှာ ဒေါ်လာနဲ့ယှဉ်ရင် သုံးပုံတစ်ပုံလောက် တန်ဖိုးထိုးကျသွားတယ်။ လျှပ်စစ်ကို နိုင်ငံခြားပို့လို့ရတဲ့ငွေဟာ ပြည်တွင်းဖွံ့ဖြိုးရေးလုပ်ငန်းတွေအတွက် သုံးလို့ရနိုင်တယ်။ ဒါပေမဲ့ နိုင်ငံပိုင် လျှပ်စစ်ကုမ္ပဏီကလည်း အကြွေးတွေပိနေတယ်။ ပို့ကုန်ရဲ့ ၉၅ ရာခိုင်နှုန်းက ထိုင်းနိုင်ငံကို အောက်ကြေးနဲ့ရောင်းနေရတာပါ။ ဈေးကွက်ကျယ်ပြန့်လာပါမှ ငွေရေးကြေးရေး အခြေအနေကောင်းမယ်။ ဒေါ်လာများရမယ်ဆိုရင် မိုးပေါ်ကနေ ဘုရားသခင်ချီးမြှင့်တယ်လို့ကို ထင်တာ။

အာဆီယံရဲ့ ကွက်တိကွက်ကျား ဓာတ်အားကွန်ရက်ကနေ ဒါတွေလုပ်ဖို့ဆိုတာ သိပ်တော့မလွယ်လှဘူး။ တစ်ယောက်နဲ့ တစ်ယောက် အမြင်မတူကြ။ အပြောမတူကြဘူးလေ။ စည်းမျဉ်းစည်းကမ်းတွေ စီးပွားရေးသတ်မှတ်ချက်တွေကလည်း မတူကြဘူး။

စင်ကာပူရဲ့ စွမ်းအင်ဈေးကွက်ကို စီးပွားရေးလုပ်ငန်းတွေက လွှမ်းမိုးတယ်။ ဗီယက်နမ်မှာကျတော့ ဗဟိုက ထိန်းချုပ်တယ်။ ထိုင်းမှာ စွမ်းရည်မြင့် ဓာတ်အားလိုင်းတွေရှိတယ်။ လာအိုဓာတ်အားလိုင်းတွေက အယိုအဖိတ်များတယ်။ လာအို စင်ကာပူ ကုန်သွယ်ရေး သဘောတူညီချက်အရ လေးနိုင်ငံဖြတ်သန်းတဲ့ ဓာတ်အားလိုင်းတည်ဆောက်ဖို့ အခြေခံရကြမယ်။ ဗို့အား ဖရီကွင်စီနဲ့ ဖြတ်သန်းခ မတူညီတဲ့ပြဿနာတွေကို ဖြေရှင်းကြမယ်။

အာဆီယံဖြတ်ကျော် မဟာဓာတ်အားလိုင်းကြီးက ဒေသတွင်းအစိုးရတွေ ပြည်တွင်းရေးကိုပဲ ဦးစားပေးနေလို့ တစ်ခုတည်းကြောင့်မဟုတ်ဘဲ ခရီးဝေးပါသေးတယ်။ နိုင်ငံရေးသမားတွေဟာ နည်းပညာဆိုင်ရာ ဓာတ်အားလိုင်း ကြိုးပမ်းမှုတွေကြောင့် ဂုဏ်မတက်ဘဲ စွမ်းအင်အပိုအလျှံတွေကြောင့်သာ ဂုဏ်တက်ကြရတာပါ။ မလေးရှားနဲ့ အင်ဒိုနီးရှားက ဝန်ကြီးတွေဟာ ကိုယ့်ရဲ့ ရာသီဥတုဆိုင်ရာ ရည်မှန်းချက်အတွက် အသုံးပြုနိုင်တဲ့ သန့်ရှင်းတဲ့ အစိမ်းရောင်စွမ်းအင်ကို ဘယ်တင်ပို့ရောင်းချချင်ကြပါ့မလဲ။ ဓာတ်အားလိုင်းတွေ ချိတ်ဆက်တာက နည်းပညာပိုင်းဖြစ်ပြီး ဓာတ်အားကိုဝေမျှတာက နိုင်ငံရေးပိုင်းနဲ့ သက်ဆိုင်နေပါတယ်။

**ညွှန်း - အီကောနောမစ်**



# ပြိုလဲတော့မည့်ဘဏ်ကို ကယ်တင်မည်လော၊ ပြိုလဲစေမည်လော

**စောနိုင်( အသုံးချဘောဂဗေဒ)**

(၁)

ယခုရက်များအတွင်း ကမ္ဘာ့သတင်းများ၌ အမေရိကန်နိုင်ငံရှိ ဘဏ်များနှင့်ပတ်သက်၍ ထိတ်လန့်ဖွယ် သတင်းများကြားနေရသည်။ အမေရိကန်နိုင်ငံမှာ ၁၆ ခုမြောက် အကြီးဆုံးဘဏ်ဖြစ်သည့် ဆီလီကွန်ဘယ်လီဘဏ် (Silicon Valley Bank-SVB )သည် လုပ်ငန်းလည်ပတ်မှုတွင် မရှုနိုင် မကယ်နိုင်ဖြစ်ခဲ့ပြီ။ မတ်လ ၁၀ ရက်နေ့က ဒေသန္တရဘဏ်လုပ်ငန်းကြီးကြပ်ရေး အာဏာပိုင်အဖွဲ့က ဆီလီကွန်ဗယ်လီဘဏ်၏လုပ်ငန်းများကို ရပ်ဆိုင်းစေလျက် ဖက်ဒရယ်အပ်ငွေ အာမခံ ကော်ပိုရေးရှင်း ( Federal Deposit Insurance Corporation - FDIC) အဖွဲ့က လိုအပ်သည်များ ဖြေရှင်းဆောင်ရွက်ရန် စီမံကွပ်ကဲနေသည်။ မတ်လ ၁၂ ရက်နေ့တွင်လည်း ပိုင်ဆိုင်မှု အမေရိကန်ဒေါ်လာ ဘီလီယံ ၁၁၀ ရှိသည့် စစ်ခ်နေချာဘဏ် ( Signature Bank) ကို ထိုကဲ့သို့ပင်သက်ဆိုင်ရာ တာဝန်ရှိအဖွဲ့အစည်းက ထိန်းသိမ်းလိုက်ရပြန်သည်။

မဝေးသေးသည့် အချိန်ကာလ၊ နှစ်အနည်းငယ်ကို ပြန်လည်ကြည့်ပါက ယခုဘဏ်အချို့ စတင်ပြိုလဲရသည့် အကြောင်းရင်း ဇာစ်မြစ်နှင့်ပတ်သက်၍ အနည်းငယ်မျှ ခြေရာကောက်နိုင်ဖွယ်ရှိသည်။ အမေရိကန်အစိုးရသည် ကိုဗစ်ကပ်ရောဂါဖြစ်ပွားနေသည့် ကာလအတွင်း စီးပွားရေးလုပ်ငန်းများအတွက် ကယ်တင်မှုအစီအစဉ်များ ပြုလုပ်ခဲ့သည်ကို တွေ့ခဲ့ရသည်။ အမေရိကန် ဈေးကွက်အတွင်း ဒေါ်လာငွေကြေး ဖောဖောသီသီဖြစ်ခဲ့၏။ အကျိုးဆက်တွင် ဆီလီကွန်ဘယ်လီဘဏ် ( SVB)သို့ အပ်နှံငွေများဝင်ရောက်မှု ပမာဏ အထွတ်အထိပ်သို့ ရောက်ရှိခဲ့သည်။

(၂)

ယခုဖြစ်ပျက်ခဲ့သည့် အကြောင်းသည့် ထိုအခြေအနေများက စခဲ့သည်လော။ ဆီလီကွန်ဘယ်လီဘဏ် (SVB) သည် ၎င်းတို့ဆီသို့ ဝင်ရောက်လာသည့် အပ်ငွေများကို ထိန်းသိမ်းထားရန် အစိုးရငွေတိုက်စာချုပ် (government bonds) များကို ဝယ်ယူခဲ့သည်။ နောက်ပိုင်းတွင် အမေရိကန် စီးပွားရေး အဆောက်အအုံအတွင်း ဖြစ်ပေါ်လာသော အင်ဖလေးရှင်းပြဿနာကို ရှင်းလင်းရန် အမေရိကန်ဗဟိုဘဏ်က အတိုးနှုန်းမြှင့်တင်မှုများကို တစ်ဆင့်ပြီးတစ်ဆင့် အကောင်အထည်ဖော်လာခဲ့သည်။ အကြောင်း ဇာစ်မြစ်စခဲ့ပြီဟု ကောက်ချက်ချရတော့မည်။ အတိုးနှုန်း မြင့်တက်လာသည်နှင့်အမျှ ဆီလီကွန်ဘယ်လီဘဏ် ( SVB )က ဝယ်ယူမြှုပ်နှံခဲ့သည့် ငွေတိုက်စာချုပ်များ တန်ဖိုး ထိုးကျသွားခဲ့သည်။

(၃)

ဤနေရာတွင် ဈေးကွက်အတိုးနှုန်းများသည် ငွေတိုက်စာချုပ်ဈေးနှုန်းများနှင့် ပြောင်းပြန်ဆက်စပ်မှုရှိသည်ဟု သဘောပေါက်ရသည်။ အတိုးနှုန်း မြင့်တက်လာပါက ဘဏ္ဍာရေး အက်ဆက်များ ပြန်ရချက်မြင့်မားလာနိုင်သည်။ ထိုသို့ဖြစ်လာချိန်တွင် ဆီလီကွန်ဘယ်လီဘဏ် (SVB) သည် ယခင်က ၎င်းဝယ်ယူထားသည့် ပုံသေအတိုးနှုန်းသတ်မှတ်ထားသော ငွေတိုက်စာချုပ်များကို သက်တမ်းကာလမတိုင်ခင် လျှော့ဈေးဖြင့် ရောင်းချရမည့် အခြေအနေဖြစ်ခဲ့သည်။ အတိုးနှုန်းများ မြင့်တက်လာချိန်တွင် ဆီလီကွန်ဘယ်လီဘဏ် (SVB)၏ အက်ဆက်များ(assets)(ယခင်က ဝယ်ယူထားသည့် အတိုးနှုန်းနိမ့် အစိုးရရငွေတိုက်စာချုပ် များစွာပါဝင်သည်) တန်ဖိုးထိုးကျဆင်းသွားသည်။

(၄)

ဘဏ်များ အကျပ်အတည်းကြုံတွေလာခဲ့လျှင် မည်သို့ဆက်လုပ်ကြမည်နည်း။ ထိုကဲ့သို့ မေးမြန်းမှုအပေါ် သုတေသီအချို့၏ တုံ့ပြန်မှုကို ငွေအပ်နှံသူများ နှစ်သက်ကြလိမ့်မည်မဟုတ်။ သုတေသီအချို့၏ အယူအဆမှာ ပြိုလဲမည့်ဘဏ်များ ပြိုလဲပါစေ(၎င်းတို့ဘာသာဆုံးရှုံးပါစေ၊ လွှတ်ထားလိုက်ဟူသည့်သဘော) ဟူ၍။ ဘဏ်များဆုံရှုံးပြိုလဲမှုကို (ဖြစ်ပါလေ့စေ သဘော) လွှတ်ပေးလိုက်ခြင်းသည် အစွန်းရောက် အယူအဆဖြစ်သည်၊ ရက်စက်ရာကျသည်။ ဘဏ်များပြိုလဲပျက်စီးပါက ဘဏ်၏ဖောက်သည်များ ဆုံးရှုံးမှုများရှိလာမည်။ ကြီးမားသော ကုန်ကျစရိတ်များရှိလာမည်မှာ သေချာ၏။ သို့ရာတွင် ထိုသို့လုပ်ဆောင်ခြင်းသည် အမှန်တကယ် အသင့်လျော်ဆုံး ဖြေရှင်းချက်ဖြစ်သည်ဟုဆိုသည်။ စီးပွားရေးလုပ်ငန်းတစ်ခု ပြိုလဲသည့်အခါ အဆိုပါလုပ်ငန်းနှင့် ဘဏ္ဍာရေးအရ ဆက်စပ်မှုရှိနေသည့် ရင်းနှီးမြှုပ်နှံသူများ၏ ငွေကြေးများဆုံးရှုံးမည်ဆိုသည်မှာ အမှန်တရားသာဖြစ်သည်။

ဆီလီကွန်ဘယ်လီဘဏ်(SVB)၏ ပြိုလဲဆုံးရှုံးမှုသည် ဥစ္စာခနေများ ဖျက်ဆီးခဲ့ခြင်း၏ရလဒ်ကို ထင်ဟပ်နေသည်ဟု ရှုမြင်ကြသည်။ ဘဏ်သည် ဘဏ်ဖောက်သည်များ၏ အပ်နှံငွေများကို ငွေတိုက်စာချုပ်များအဖြစ် အသွင်ပြောင်းခဲ့သည်။ ယခုအချိန်တွင် ဆိုးဆိုးရွားရွား တန်ဖိုးချထားသည့် ငွေတိုက်စာချုပ်များကဲ့သို့ ဖြစ်သွား၏။

အချို့က ခနဉစ္စာများကို ဖျက်ဆီးသောဘဏ်များကို လုပ်ငန်းဆက်လက်လုပ်ဆောင်မှု ခွင့်မပြုသင့်ဟု သုံးသပ်ကြသည်။ ဘဏ်ငွေအပ်နှံသူများ၏ ငွေများသည် စီမံခန့်ခွဲမှု ကောင်းမွန်ခြင်းမရှိသည့် ဘဏ်များတွင် ပါဝင်လည်ပတ်နေသောအခါ အများပြည်သူဝန်ဆောင်မှုလုပ်ငန်းများ၊ အများနှင့် သက်ဆိုင်သည့်ငွေကြေးများ မျက်ခုံးလှုပ်ရသည်။ ဆိုလိုသည်မှာ ကောင်းမွန်စွာ လည်ပတ်နိုင်ခြင်းမရှိသည့် ဘဏ်တစ်ခုပြိုလဲခဲ့ပါက အစိုးရအနေဖြင့်ကယ်တင်မှု အစီအစဉ်များ လုပ်ဆောင်ရန် ရှိလာနိုင်သည်။ ထိုအခါ အစိုးရသည် ပြည်သူတို့၏ အခွန်ဘဏ္ဍာငွေများ အသုံးပြုလာနိုင်သည်။ (ယခုကြုံတွေ့လာရသည့် အမေရိကန်ဆီလီကွန်ဘယ်လီဘဏ်( SVB) ပြိုလဲသည့်ကိစ္စတွင် သက်ဆိုင်ရာတာဝန်ရှိသူများက အခွန်ထမ်းပြည်သူများအပေါ် ဝန်ထုပ်ဝန်ပိုးအဖြစ်ခံမှာမဟုတ်ဟု ပြောကြားမှုများ ရှိသော်လည်း) ဘဏ်တစ်ဘဏ် ပြိုလဲခြင်းကို ကယ်တင်ခြင်းသည် အများပြည်သူ အခွန်ထမ်းများအပေါ် ဝန်ထုပ် ဝန်ပိုးကျရောက်လာနိုင်သကဲ့သို့ ဘဏ်လုပ်ငန်းကဏ္ဍတွင် ဆွဲဆောင်မှုများစွာ လျော့ကျသွားနိုင်သည်။

(၅)

မော်တော်ကားမတော်တဆဖြစ်မှု (ကားအက်ဆီးဒန့်) ဖြစ်ရပ်ကို ဥပမာထားစဉ်းစားကြည့်သည်။ နိုင်ငံတစ်နိုင်ငံတွင် မော်တော်ယာဉ် မတော်တဆမှု ကြုံတွေလာရသည့်အခါ ပျက်စီးသွားသော မော်တော်ယာဉ်ကို ပြုပြင်ရန် အစိုးရက ငွေကြေးကျခံပေးသည့်စနစ်ကျင့်သုံးသည် ဆိုပါစို့။ ထိုအခါ မေးခွန်းတစ်ခု ထွက်လာသည်။ တစ်နှစ်လျှင် မော်တော်ယာဉ်မတော်တဆမှု အရေအတွက် မည်မျှကို အစိုးရက ကျခံနိုင်မည်ဟု ထင်ပါသနည်း။

မော်တော်ယာဉ် မတော်တဆမှုကြောင့် ဖြစ်လာမည့် အပျက်အစီးကုန်ကျစရိတ်အတွက် အသုံးပြုသူက စိုးရိမ်စရာမလိုကြောင်း သိခဲ့လျှင် မော်တော်ယာဉ် အသုံးပြုမောင်းသူများ မည်သို့ စဉ်းစားနေကြမည်နည်း။ ယခင်ကထက်ပို၍ ဂရုတစိုက် မောင်းနှင်နိုင်မည်လား။ ဂရုစိုက်မှု လျော့ကျသွားမည်လား။ အစိုးရ၏ထိုစနစ်သည် မော်တော်ယာဉ် အသုံးပြုမောင်းနှင်သူများကို ဆွဲဆောင်မှုရှိ၏။ တစ်ဦးချင်း၏ ကုန်ကျစရိတ်ကို လျှော့ချပေးနိုင်၏။ သို့သော် မော်တော်ယာဉ် မတော်တဆဖြစ်မှု အရေအတွက် မြင့်မားလာနိုင်သည်မှာ သေချာသည်။ ထိုသို့ အစိုးရ၏ ထောက်ပံ့ကူညီမှုစနစ်သည် မော်တော်ယာဉ် အသုံးပြုသူ တစ်ယောက်ချင်းစီ၏ အမူအကျင့်ကို ပျက်စီးစေသည်ဟုယူဆကြသည်။ ဘောဂဗေဒပညာရှင်များက ထိုအချင်းအရာကို ကိုယ်ကျင့်တရားနှင့် သက်ဆိုင်သည့် အန္တရာယ် သို့မဟုတ် ကျင့်ဝတ်ဆိုင်ရာ ဘေးအန္တရာယ်ပြဿနာ (moral hazard problem) ဟု ခေါ်ဆိုကြသည်။

ထိုအခြေအနေသည် အစိုးရ၏ ဝင်ရောက်ကူညီရာမှာ ဈေးကွက်ပါဝင်သူများ တစ်နည်းဆိုသော် လူတို့စိတ်ထားပေါ် သက်ရောက်လာသည့် ဆိုးကျိုးဟုပင်ဖြစ်သည်။ အစိုးရ ဝင်ရောက်ကူညီခြင်း၏ ဘေးထွက်ဆိုးကျိုးပင်ဖြစ်သည်။

အကယ်၍ အစိုးရအနေဖြင့် အခွန်ထမ်းပြည်သူများ၏ ငွေများကို အသုံးပြုလျက် ဘဏ်များပြိုလဲမှု အားလုံးတွင် အခြေအနေကောင်းမွန်စေရန် လုပ်ဆောင်ရမည်ကို အစဉ်အလာအဖြစ် သတ်မှတ်ထားပါလျှင် ဘဏ်များသည် အကျိုးအမြတ်အတွက် ဘေးအန္တရာယ်များသော ( ဆုံးရှုံးနိုင်ခြေရှိသော ) အပြုအမူများကို ပိုမိုပြုလုပ်ကြလိမ့်မည်။ ဘဏ်အနေဖြင့် အစိုးရ၏ ကယ်တင်မှုကို ရရှိမည်ဆိုပါက အပ်နှံသူများ၏ငွေများ ဆုံးရှုံးမည့်အရေးကို အလေးထား ဂရုစိုက်နိုင်မည်လော။ ထိုအချက်သည်လည်း စဉ်းစားစရာ ဖြစ်လာသည်။ အမြတ်အစွန်းကို ဦးတည်လုပ်ကိုင်နေသော ပုဂ္ဂလိကလုပ်ငန်းတစ်ခု ဆုံးရှုံးမှုကို အများပြည်သူ ပိုင်ဆိုင်သည့်ငွေကြေးတို့ဖြင့် ဖြေရှင်းခဲ့ပါက အစိုးရ၏ ပြည်သူ့ငွေကြေးအပေါ် အလွဲသုံးမှုသာ ဖြစ်ပေလိမ့်မည်။

(၆)

ယခုကဲ့သို့ ပြောဆိုခြင်းသည် ရင်းနှီးမြှုပ်နှံသူများ၏ဆုံးရှုံးနစ်နာမှုကို ထောက်ပံ့ကယ်တင်ခြင်းအပေါ် ဆန့်ကျင်သည့်သဘောမျိုး ဆိုလိုခြင်းမဟုတ်ပေ။ ဘဏ်ပြိုလဲသည့်ကိစ္စတွင် ပါဝင်ပတ်သက်နေသည့်လူတိုင်း၏ ဘဏ္ဍာရေးကို ကယ်တင်နိုင်ရန် အခွန်ထမ်းပြည်သူများ၏ငွေများ သုံးစွဲလာနိုင်မည့်အပေါ် သံသယများရှိလိမ့်မည်။ လက်မခံသူများ ရှိကြလိမ့်မည်။ လက်ရှိ ရင်ဆိုင်နေရသော ဆီလီကွန်ဘယ်လီဘဏ်(SVB)ပြိုလဲမှုတွင် ငွေကြေးဆုံးရှုံးသွားသော အချို့သော အသေးစားငွေအပ်နှံသူ ဖောက်သည်များ စိတ်ပူနိုင်စရာရှိသည်။ သို့သော် စိုးရိမ်စရာမလို။ ဖက်ဒရယ်အပ်ငွေ အာမခံကော်ပိုရေးရှင်း (FDIC) က ဒေါ်လာ ၂၅၀၀၀၀ ပမာဏ အထိ အသေးစားငွေအပ်နှံထားသူများ ဆုံးရှုံးမှုမဖြစ်စေရန် ဆောင်ရွက်ပေးမည်ဟု အသိပေးထားပြီးဖြစ်သည်။

ပမာဏများပြားသည့် အပ်နှံငွေများအတွက်လည်း နည်းလမ်းရှာဖွေကြလိမ့်မည်။ အစိုးရ၏ ကယ်တင်မှု အစီအစဉ် အပြည့်အဝ လုပ်ပေးနိုင်၊ မနိုင် စီးပွားရေး အဆောက်အအုံထဲရှိ တစ်နွယ်ငင် တစ်စင်ပါ အခြားသော ဘဏ်များကိုပါ ဆက်လက်ပြိုလဲနိုင်ခြေ ရှိ၊ မရှိ စသဖြင့် အမြော်အမြင်ရှိရှိဖြင့် ရေရှည်အတွက် စဉ်းစားစရာများရှိသည်။

စီးပွားရေးလုပ်ငန်း လုပ်ကိုင်ခြင်း (ရင်းနှီးမြှုပ်နှံခြင်း)တွင် အကျိုးအမြတ်ကို မျှော်၍ လုပ်ကိုင်ကြသော်လည်း ဆုံးရှုံးခြင်း (ဘေးအန္တရာယ်)ကိုလည်း ကြုံတွေ့ရနိုင်သည်သာ။ ထိုအချက်ကို လျစ်လျူရှု၍မရပေ။ စီးပွားရေးအဆောက်အအုံတွင်းရှိ လုပ်ငန်းများ ဆုံးရှုံးမှုဖြစ်လာတိုင်း အစိုးရက ကူညီကယ်တင်ပေးခြင်းသည် မဖြစ်နိုင်ပေ။ အမေရိကန်နိုင်ငံတွင် ဘဏ်များ၊ ငွေကြေးစုဆောင်းရေးအဖွဲ့အစည်းတွင် ရင်းနှီးမြှုပ်နှံပါက မည်သည့်အမျိုးအစား ဘဏ်အပ်နှံငွေမဆို၊ စာရင်းတစ်ခုအတွက် ဖက်ဒရယ်အပ်နှံငွေ အာမခံကော်ပိုရေးရှင်းက အာမခံနိုင်သော ငွေပမာဏမှာ ဒေါ်လာ ၂၅၀၀၀၀ ဖြစ်သဖြင့် ထိုပမာဏထက် ကျော်လွန်ပါက သတိထားသင့်သည်။

(၇)

အကယ်၍ ဆီလီကွန်ဘယ်လီဘဏ် သို့မဟုတ် ပြိုလဲနေသော ဘဏ်များကို ဝယ်ယူ၍ ပြန်လည်ရှင်သန်အောင် အားထုတ်လုပ်ကိုင်နိုင်သည့်သူများရှိပါကလည်း အဆိုးထဲက အကျိုးအမြတ် ဖြစ်နိုင်ခြေ မျှော်လင့်နိုင်သည်သာ။ ဆိုလိုသည်မှာ လုပ်ငန်းတစ်ခုတွင် ဆုံးရှုံးမှုများရှိနိုင်သကဲ့သို့ အကျိုးအမြတ် ရရှိနိုင်ခွင့်လည်း ရှိပေသည်။

ရင်းနှီးမြှုပ်နှံမှုတစ်ခု ပြုလုပ်ရာတွင် ဆုံးရှုံးမှုရှိလာသည့်အခါ ကယ်တင်မှုခံရခြင်း (bailout) နှင့် ပြိုလဲစေခြင်း (letting them fail) ဟူ၍ ရွေးချယ်စရာနည်းလမ်းများကြုံလာမည်။ မည်သည့်နည်းလမ်းဖြင့် ဆက်လက်စခန်းသွားရမည်မှာ အစိုးရ၊ ရင်းနှီးမြှုပ်နှံသူ လုပ်ငန်းရှင်နှင့် နိုင်ငံ၏ စီးပွားရေးအခြေအနေတို့ပေါ် တွင် မူတည်နေပေသည်။

**ကိုးကား။ Why We Should Let Bad Banks Fail .**

> **ဘဏ်များ ပြိုလဲပျက်စီးပါက ဘဏ်၏ ဖောက်သည်များ ဆုံးရှုံးမှုများရှိလာမည်။ ကြီးမားသော ကုန်ကျစရိတ်များ ရှိလာမည်မှာ သေချာ၏။ သို့ရာတွင် ထိုသို့လုပ်ဆောင်ခြင်းသည် အမှန်တကယ် အသင့်လျော်ဆုံး ဖြေရှင်းချက်ဖြစ်သည်ဟု ဆိုသည်။ စီးပွားရေးလုပ်ငန်းတစ်ခု ပြိုလဲသည့်အခါ အဆိုပါလုပ်ငန်းနှင့် ဘဏ္ဍာရေးအရ ဆက်စပ်မှုရှိနေသည့် ရင်းနှီးမြှုပ်နှံသူများ၏ ငွေကြေးများ ဆုံးရှုံးမည်ဆိုသည်မှာ အမှန်တရားသာ ဖြစ်သည်။**

# လာမည့်ကြံရာသီတွင် ပြည်တွင်းသကြားစက်များမှ ကြံဈေးနှုန်း တိုးမြှင့်ဝယ်ယူရန် စီစဉ်နေ



လာမည့် ၂၀၂၃ - ၂၀၂၄ ကြံရာသီတွင် ပြည်တွင်းရှိ သကြားစက်ရုံများအနေဖြင့် ကြံစိုက်တောင်သူများထံမှ ကြံဈေးနှုန်း တိုးမြှင့်ဝယ်ယူရန် စီစဉ်နေကြောင်း မြန်မာနိုင်ငံ သကြားနှင့် ကြံထွက်ပစ္စည်းလုပ်ငန်းရှင်များအသင်းမှ သိရသည်။

၂၀၂၃ ခုနှစ် ဆန်းပိုင်းမှစ၍ ပြည်တွင်းသကြားဈေး မြင့်တက်ခဲ့သည့်အတွက် သကြားစက်ရုံများမှ ကြံတစ်တန်လျှင် စက်ရုံအလိုက် ငွေကျပ် ၅၀၀၀ နှင့်အထက် ဝယ်ဈေးမြင့်တက်လာပြီး လာမည့် ဘဏ္ဍာနှစ်တွင်တော့ ယခုထက် ဈေးပိုမိုမြင့်တက်လာနိုင်ကြောင်း သိရသည်။

ပြည်တွင်း သကြားစက်များမှ ကြိတ်ဝါးကြံ တစ်တန် ဝယ်ယူမည့် ဈေးနှုန်းများမှာ ငွေရည်ပုလဲသကြားစက်မှ ငွေကျပ် ၉၅၀၀၀၊ မြဘုရင်သကြားစက်မှ ငွေကျပ် ၁၀၀၀၀၀၊ မိုင်းရယ်သကြားစက်မှ ငွေကျပ် ၉၅၀၀၀၊ ဝေမာသကြားစက်မှ ငွေကျပ် ၉၄၀၀၀ တို့ဖြင့် ဝယ်ယူမည်ဖြစ်ကာ အခြားသော သကြားစက်များကလည်း ယခင်ထက် ဈေးနှုန်းမြင့်ကာ ဝယ်ယူမည်ဖြစ်သည်ဟု ကြေညာထားသည်။

ယခုနှစ် ကြံရာသီတွင် မိုးခေါင်သည့်အတွက် အထွက်နှုန်း ၁၀ ရာခိုင်နှုန်း ကျသွားကာ ပြည်တွင်းလိုအပ်ချက် မြင့်လာပြီး သကြားဈေးမြင့်လာသည့်အတွက် စက်ရုံများ၏ ကြံတစ်တန်ဝယ်ဈေး ပိုမိုပေးလာကြကြောင်း သိရသည်။

မြန်မာနိုင်ငံအနေဖြင့် ဗီယက်နမ်နိုင်ငံ တစ်ခုတည်းကိုသာ မြန်မာ့သကြား တန်ချိန် လေးသောင်းခွဲ တင်ပို့ရောင်းချရန် စာချုပ်ချုပ်ဆိုထားပြီး တန်ချိန် ၅၀၀၀ ခန့်သာ တင်ပို့ရသေးကြောင်း သိရသည်။

လက်ရှိဘဏ္ဍာနှစ် ကြံရာသီတွင် ရှမ်းပြည်နယ် မြောက်ပိုင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့တွင် တန် ၁၂၀၀၀ နှင့် တန် ၅၀၀၀ သကြားစက်များ လည်ပတ်နေပြီး လာမည့် ဘဏ္ဍာနှစ်မှစတင်ကာ ပြည်တွင်းသကြားထုတ်လုပ်မှု မြင့်တက်လာနိုင်ကြောင်း အဆိုပါအသင်းက ခန့်မှန်းထားသည်။ သကြားပေါက်ဈေးမှာ ပြည်တွင်း၌ တစ်ပိဿာ ကျပ် ၂၉၃၀ ရှိနေပြီး သကြားဈေး ဆက်လက်မြင့်တက်လာဖွယ်ရှိကြောင်း သိရသည်။

# ပြည်တွင်းရွှေဈေး အတက်/အကျ ကမ္ဘာ့ ရွှေဈေးနှင့်ဆက်စပ်မှုမရှိဟု ဗဟိုဘဏ်ပြော

မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာ့ရွှေကို တင်သွင်းရောင်းချခြင်း၊ တင်ပို့ရောင်းချခြင်းများ မရှိသည့်အတွက် ပြည်တွင်းရွှေဈေး အတက်/အကျ ပြောင်းလဲမှုဖြစ်ပေါ်ခြင်းမှာ ကမ္ဘာ့ရွှေဈေးနှင့် ဆက်စပ်မှုမရှိကြောင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ထုတ်ပြန်ကြေညာထားသည်။

လက်ရှိအခြေအနေတွင် ကိုယ်ကျိုးအတ္တကြောင့် ဈေးကစားလိုသူများအနေဖြင့် ကမ္ဘာ့ရွှေဈေး မြင့်တက်လာမှုကို အကြောင်းပြပြီး ရည်ရွယ်ချက်ရှိရှိဖြင့် လူမှုကွန်ရက်၊အွန်လိုင်းနှင့် ကောလာဟလသတင်းများကို အသုံးပြု၍ ဈေးနှုန်းမြှင့်တင်ရန် ကြိုးစားလာကြကြောင်း သိရသည်။

မြန်မာ့ရွှေဈေးကွက်သည် ကမ္ဘာ့ရွှေဈေးကွက်တွင် အရောင်းအဝယ်ပြုလုပ်သလို စံသတ်မှတ်ထားသည့် အလေးချိန်တွက်ချက်မှု၊ ရွှေသန့်စင်မှု အရည်အသွေးများကို စနစ်တကျ တွက်ချက်ထားမှုမရှိကြောင်း သိရသည်။

ပြည်တွင်းရွှေဈေးနှုန်းကို မိရိုးဖလာ တွက်ချက်နည်းများ၊ အိမ်နီးချင်းနိုင်ငံ၏ နေ့စဉ်ဈေးနှုန်းများ၊ ကမ္ဘာ့ရွှေဈေး၊ အမေရိကန်ဒေါ်လာဈေး၊ ထိုင်းဘတ်ဈေး၊ တရုတ်ယွမ်ဈေး၊ အွန်လိုင်းတွင် ဖြစ်ပေါ်နေသည့်ဈေးများနှင့် အမျိုးမျိုးသတ်မှတ်နေကြသည်ကို တွေ့ရှိရကြောင်း ဗဟိုဘဏ်က ဖော်ပြထားသည်။

ထို့အတူ ရန်ကုန်နှင့် မန္တလေး ရွှေလုပ်ငန်းရှင်အသင်းများကလည်း ကမ္ဘာ့ရွှေဈေးနှင့် မြန်မာ့ရွှေဈေး ချိတ်ဆက်မှုမရှိသည့်အပြင် မြန်မာနိုင်ငံ၏ ငွေဈေးကို ကြည့်ပါကလည်း ပြောင်းလဲမှုမရှိကြောင်း ပြောကြားထားပြီး အွန်လိုင်းတွင် လက်ရှိဖြစ်ပေါ်နေသည့် ဈေးနှုန်းများမှာလည်း တရားမဝင်ကြောင်း ထုတ်ပြန်ပြောဆိုထားသည်။

YGEA အနေဖြင့် ပြည်တွင်းရွှေဈေး အဆမတန် မြင့်တက်ခဲ့ပါက အတက်/အကျမကြမ်းအောင် အသင်းဝင်များက ထိန်းကျောင်းပေးကြရန် မေတ္တာရပ်ခံထားပြီး အသင်းတွင်လည်း လေကစားခြင်း လုံးဝခွင့်ပြုမထားကြောင်း ပြောကြားထားသည်။

ဗဟိုဘဏ်ဘက်အနေဖြင့် ရွှေဈေးတည်ငြိမ်မှု ပျက်ပြားစေရေးအတွက် ဈေးကစားနေသူများအနေဖြင့် ကောလာဟလများကို လူမှုကွန်ရက်၊ အွန်လိုင်းများတွင် ထုတ်လွှင့်ပြီး ရွှေဈေး တည်ငြိမ်မှုမရှိစေရန် ဆောင်ရွက်နေမှုများကို စုံစမ်းဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ထားသည်။



# ပင်းပက်သံမဏိစက်ရုံ လာမည့်ဘဏ္ဍာနှစ်တွင် စတင်လည်ပတ်မည်

အမှတ်(၂)သံမဏိစက်ရုံ(ပင်းပက်) ကို လာမည့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် စတင်လည်ပတ်မည်ဖြစ်ကြောင်း စက်မှုဝန်ကြီးဌာနမှ သိရသည်။ ရုရှားအစိုးရပိုင် Tyazhpromexport (TPE) နှင့် နိုင်ငံပိုင် စီးပွားရေးလုပ်ငန်း MEC တို့အကြား ဖက်စပ်လုပ်ကိုင်နေသည့် သံမဏိတူးဖော်သန့်စင်ရေး စီမံကိန်းဖြစ်သည့် သံမဏိစက်ရုံ(ပင်းပက်) ကို ယခု ၂၀၂၃ ခုနှစ်အတွင်း ဖွင့်လှစ်ရန် ရည်မှန်းထားခြင်းဖြစ်သည်။

ယင်းစက်ရုံတွင် သံသတ္တုရိုင်းမှ သံစိမ်းထုတ်လုပ်ခြင်းလုပ်ငန်း ကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်မှာ စတင်လည်ပတ်နိုင်ရေး ကြိုးစားဆောင်ရွက်နေကြောင်း သိရသည်။ ထို့အတူ လက်ရှိတွင် အမှတ် (၁) သံမဏိစက်ရုံ (မြင်းခြံ)က သံရည်ကျိုအလုပ်ရုံ (Melt Shop-1) ကို ယခု မတ်လအတွင်း စတင်လည်ပတ်ပြီး သံမဏိလေးထောင့်တုံး (Steel Billet) ထုတ်လုပ်နိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြန်မာနိုင်ငံအနေဖြင့် ပြည်တွင်းလိုအပ်ချက်ကြောင့် ပြည်ပကနေ နှစ်စဉ် သံမဏိတန်ချိန် နှစ်သန်းခန့် တင်သွင်းနေခြင်းအတွက် အမေရိကန်ဒေါ်လာ တစ်ဘီလီယံကျော် သုံးစွဲနေရကြောင်း သိရသည်။ နှစ်စဉ် သံမဏိတန်ချိန် သုံးသန်းခန့် လိုအပ်ချက်ရှိသော်လည်း ပြည်တွင်း၏ ထုတ်လုပ်နိုင်မှုက တန်ချိန် တစ်သန်းခန့်သာရှိသည့်အတွက် တန်ချိန် နှစ်သန်းကို ပြည်ပမှ တင်သွင်းနေရခြင်းဖြစ်ကြောင်း သိရသည်။

ပြည်တွင်း၌ ကာကွယ်ရေးဝန်ကြီးဌာနပိုင် သံမဏိစက်ရုံ တစ်ရုံ၊ စက်မှုဝန်ကြီးဌာနပိုင် နှစ်ရုံ၊ မြန်မာ့စီးပွားရေးကော်ပိုရေးရှင်း (MEC) ပိုင် စက်ရုံ သုံးရုံရှိပြီး ပုဂ္ဂလိကမှတ်ပုံတင် သံရည်ကျိုလုပ်ငန်း ၃၆၂ ခုရှိကြောင်း သိရသည်။



# မြန်မာ့ပြောင်း ဝယ်ယူရန် ဘင်္ဂလားဒေ့ရှ် ကမ်းလှမ်းထား

မြန်မာနိုင်ငံက စိုက်ပျိုးထွက်ရှိသည့် ပြောင်းဆံများကိုဝယ်ယူရန် ဘင်္ဂလားဒေ့ရှ်နိုင်ငံက ကမ်းလှမ်းထားကြောင်း မြန်မာနိုင်ငံ ပြောင်းလုပ်ငန်းအသင်းမှ သိရသည်။ "အခုက မြန်မာဘက်ကတော့ ဘာမှမပြင်ဆင်ရသေးဘူး။ သူတို့ဘက်က ဝယ်ဖို့ စိတ်ဝင်စားတယ်။ အဲဒါကြောင့်လာပြီး ကမ်းလှမ်းတာတွေရှိတယ်"ဟု အဆိုပါအသင်းမှ တာဝန်ရှိသူတစ်ဦးက မတ် ၂၂ ရက်တွင် ပြောသည်။

ယင်းသို့ ကမ်းလှမ်းထားခြင်းမှာ နှစ်နိုင်ငံအစိုးရချင်း နားလည်မှုစာချွန်လွှာ (MoU) လက်မှတ်ရေးထိုးပြီး ဝယ်ယူရေးအတွက် တရားဝင်ကမ်းလှမ်းထားခြင်းမျိုးတော့မဟုတ်ကြောင်း ၎င်းက ပြောသည်။

"ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ဘက်မှာ စိုက်ပျိုးတဲ့ ပြောင်းတွေပို့ဖို့တော့ ရှိပါတယ်။ ပြောင်းတွေက လောလောဆယ် အခုမှ စထွက်ခါစဆိုတော့ လှိုင်လှိုင်တော့ မပေါ်သေးဘူး။ ပြောင်းထွက်ရှိမှုကတော့ ၂၅ ရာခိုင်နှုန်းလောက် လျော့နည်းသွားတယ်"ဟု ၎င်းက ပြောသည်။

မတ်လဆန်းပိုင်းလောက်မှ စတင်၍ ဧရာဝတီတိုင်းဒေသကြီးအတွင်း ပုသိမ်ပြောင်းများ စတင်ထွက်ရှိနေပြီး မတ်၊ ဧပြီနှင့် မေလများတွင် လှိုင်လှိုင်ထွက်ရှိမည်ဖြစ်ကြောင်း သိရသည်။

မြန်မာ့ပြောင်းဆံများမှာ လက်ရှိတွင် ဒေသတွင်းနိုင်ငံများ၏ လိုအပ်ချက်ရှိမှုကြောင့် ဝယ်လိုအား ရှိနေဆဲဖြစ်ပြီး ဈေးနှုန်း အတက်အကျမှာတော့ ဝယ်လိုအားနှင့် ရောင်းလိုအားအပေါ်သာ မူတည်မည်ဖြစ်ကြောင်း သိရသည်။

"နိုင်ငံတော်ရဲ့ ငွေကြေးပေါ်လစီအပေါ် မူတည်မယ်။ အခြားနိုင်ငံတွေရဲ့ ငွေကြေးအခြေအနေအပေါ် မူတည်ပြီး အပြောင်းအလဲ ရှိနိုင်တယ်။ တောင်သူနဲ့ ကုန်သည်တွေ ရောင်းတဲ့ ဝယ်တဲ့အခါမှာ သတိထားပြီးတော့ စဉ်းစဉ်းစားစားနဲ့ လုပ်စေချင်တယ်"ဟု ၎င်းက အသိပေးပြောကြားသည်။

လက်ရှိ ပြည်တွင်း၌ ဖေဖော်ဝါရီလမှ စတင်ကာ ပြောင်းဆံတင်ပို့ရောင်းချမှုများပြုလုပ်နေပြီး တစ်လအတွင်း ပြောင်းတန်ချိန် တစ်သိန်းခန့် တင်ပို့ထားကာ ထိုင်းနိုင်ငံက အများဆုံး ဝယ်ယူထားကြောင်း သိရသည်။

ပန်းဆု-စုစည်းသည်

# “စားသောက်ကုန် အရည်အသွေး ကောင်းနေဖို့အတွက် ခြောက်လတစ်ကြိမ်၊ တစ်နှစ်တစ်ကြိမ် စမ်းသပ်သင့်တယ်”

## မြန်မာနိုင်ငံ စားသောက်ကုန် ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း စီအီးအို ဒေါ်ဇာဇာလှိုင်နှင့် တွေ့ဆုံမေးမြန်းခြင်း

**မြန်မာနိုင်ငံ စားသောက်ကုန် ထုတ်လုပ်တင်ပို့ ရောင်းချသူများအသင်းအနေဖြင့် စားသောက်ကုန်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိသည်။ မြန်မာ့စားသောက်ကုန်လုပ်ငန်းများ ဘေးအန္တရယ်ကင်းရှင်းပြီး အရည်အသွေးပြည့်မီသည့် စားသောက်ကုန်များ စနစ်တကျ ထုတ်လုပ်နိုင်ရေးအတွက်လည်း အထောက်အကူဖြစ်စေမည့် သင်တန်းများလည်း ပေးလျက်ရှိသည်။ သို့ဖြစ်ရာ ပြည်တွင်းရှိ စားသောက်ကုန်များ ဘေးအန္တရာယ်ကင်းရှင်းရေး အထောက်အကူပြုလုပ်ဆောင်နေမှုနှင့်စပ်လျဉ်းပြီး မြန်မာနိုင်ငံ စားသောက်ကုန်ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း (MFPEA) စီအီးအို ဒေါ်ဇာဇာလှိုင်နှင့် တွေ့ဆုံမေးမြန်းထားသည်များကို ဖော်ပြလိုက်ရပါသည်။**

**မြန်မာနိုင်ငံ စားသောက်ကုန် ထုတ်လုပ်တင်ပို့ ရောင်းချသူများအသင်းအနေနဲ့ စားသောက်ကုန်တွေစစ်ဆေးနိုင်ဖို့အတွက် ဓာတ်ခွဲခန်း တစ်ခု ပေါ်ပေါက်လာပုံ ရှင်းပြပေးပါ။**

မြန်မာနိုင်ငံ စားသောက်ကုန် ထုတ်လုပ်တင်ပို့ ရောင်းချသူများအသင်း(MFPEA)ကတော့ ၂၀၀၆ ခုနှစ်ကနေစပြီးတော့ အသင်းကို စတင်တည်ထောင်ခဲ့တာဖြစ်ပါတယ်။ ၂၀၀၉ ခုနှစ်မှာ စားသောက်ကုန် အရည်အသွေးတွေကို ဓာတ်ခွဲစစ်ဆေးနိုင်ဖို့အတွက် ဓာတ်ခွဲခန်းတစ်ခု ရှိမှဖြစ်မယ်ပေါ့။ အဲတုန်းကဆိုရင် ကိုယ့်ရဲ့ အရည်အသွေးတွေကို စစ်နိုင်မယ့် အခြေအနေ ကျွန်မတို့ နိုင်ငံမှာ မရှိသေးဘူးပေါ့။ အဲဒီမရှိတဲ့အခါကျတော့ ဓာတ်ခွဲခန်းတစ်ခု ဖွင့်မှဖြစ်မယ်ဆိုပြီးတော့ လူကြီးတွေ အကုန်လုံးက စဉ်းစားလိုက်တဲ့အခါကျတော့ ဂျပန်သံရုံးနဲ့ ချိတ်မိပြီးတော့ ဂျပန်နိုင်ငံရဲ့ အကူအညီနဲ့ ၂၀၀၉ ခုနှစ်ကစပြီးတော့ ကြိုးစားခဲ့တာ ၂၀၁၁ ခုနှစ်မှာ ဓာတ်ခွဲခန်းကို စတင်ဖွင့်လှစ်ပြီးတော့ စမ်းသပ်နိုင်ခဲ့တယ်။ ဘာတွေစမ်းသပ်နိုင်လဲဆိုတော့ စားသောက်ကုန်တွေရဲ့ အာဟာရတန်ဖိုးတွေကို စမ်းသပ်နိုင်တယ်။ အစားအသောက်တွေမှာ သန့်ရှင်းစင်ကြယ်မှု ရှိ မရှိ၊ ပိုးတွေကို စမ်းသပ်နိုင်ခဲ့တယ်။ အဲဒီလို စမ်းသပ်နိုင်ခဲ့ရာမှာ အခုဆိုလို့ရှိရင် စမ်းသပ်မှုပေါင်း အများကြီးစမ်းသပ်နိုင်ပြီပေါ့။ ဒီစားသောက်ကုန်တွေမှာ လူတွေကို အန္တရာယ်ဖြစ်စေနိုင်တဲ့ ဓာတ်ကြွင်းတွေ ရှိ၊ မရှိ စမ်းသပ်နိုင်ပြီဖြစ်ပါတယ်။ အဲဒါအပြင် ၂၀၂၁ ခုနှစ်မှာဆိုရင် မိုက်ခရို Lab က ISO ရပြီးပြီပေါ့။ ၂၀၂၂ ခုနှစ်မှာ ISO ရခဲ့တယ်ပေါ့။ FDAပြီးသွားလို့ရှိရင်တော့ ပုဂ္ဂလိက Lab ထဲမှာ ကျွန်မတို့ Lab ကတော့ ပထမဦးဆုံး ISO ရတာဖြစ်ပါတယ်။ ဓာတ်ခွဲခန်းကဆိုလို့ရှိရင်လည်း စမ်းသပ်မှုတွေ တိကျဖို့အတွက်ကို ပညာရှင်တွေ အကုန်လုံးကို အရည်အသွေး မြှင့်တင်ပေးရပါတယ်။ ဒီစားသောက်ကုန်တစ်ခုလုံးကို ဓာတ်ခွဲစမ်းသပ်လိုက်တယ်ဆို အဖြေမှန်ဖို့အတွက် ဒီပညာရှင်တွေက အရည်အသွေးတွေ ပြည့်မီဖို့ လိုတယ်လေ။ သူတို့ကိုလည်း ဗီယက်နမ်နိုင်ငံက Testing တွေကို မှာယူပြီးတော့ အရည်အသွေးတွေကို မြှင့်တင်တယ်။ ဓာတ်ခွဲခန်းတိုင်းမှာတော့ စမ်းသပ်နိုင်တယ်။ ဒါပေမဲ့ ဓာတ်ခွဲခန်းကပေးတဲ့ အဖြေသည် မှန်၊ မမှန်နဲ့ ISO ရဖို့က အရေးကြီးတယ်။ ဓာတ်ခွဲခန်းတွေတော့ အများကြီးရှိပေမယ့် မှန်မှန်ကန်ကန် အရည်အသွေးပြည့်မီတဲ့ ဓာတ်ခွဲခန်းမှာပဲ စားသောက်ကုန်ထုတ်တဲ့သူတွေ အနေနဲ့ စမ်းသင့်ပါတယ်။ အမှန်ကတော့ ISO လက်မှတ်ရထားတယ်ဆို ပိုကောင်းတာပေါ့။



ISO ရထားတယ်ဆိုကတည်းက သူရဲ့ နည်းစနစ်အတိုင်းပေါ့။ စစ်ရတယ်။ စားသောက်ကုန်တစ်ခုကို စစ်လိုက်တယ်။ စက်တွေအကုန်လုံးက ဘာမှမလုပ်ထားဘူးဆိုရင် ဒီအရည်အသွေးက မမှန်နိုင်ဘူး။ အဲတော့ စက်တွေ အပူချိန်တွေ မှန်၊ မမှန် စစ်ဆေးရတယ်။ ဒီလိုမျိုးတွေ စစ်ပြီးတော့ စက်တွေမှန်ကန်မှုပဲ ထွက်လာတဲ့ ရလဒ်က မှန်ကန်နိုင်မယ်။ ဒါမှ ထုတ်လုပ်တဲ့သူတွေက သူထုတ်လုပ်လိုက်တဲ့ ပစ္စည်းရဲ့ အရည်အသွေး ဘယ်လောက်ရှိနေလဲဆိုတာ သိနိုင်မှာဖြစ်ပါတယ်။ ကျွန်မတို့နိုင်ငံမှာလည်း FDA ယူပြီး စစ်တယ်။ ဒါပေမဲ့ အရည်အသွေးကိုတော့ ထုတ်ပြောလေ့မရှိဘူး။ ဒါပေမဲ့ ထုတ်ကုန်ထုတ်တဲ့သူတွေအနေနဲ့ ကိုယ်ပိုင် Lab ထားရမှာပါ။ မထားနိုင်ဘူးဆိုရင်တော့ လုပ်ငန်းတွေအကုန်လုံး ခြောက်လတစ်ကြိမ်၊ သုံးလတစ်ကြိမ် အမြဲတမ်းစစ်ဆေးသင့်တယ်။ တချို့စားသောက်ကုန်တွေဆို တစ်ခါလောက်စစ်ပြီး ဒါကိုပဲ Packing မှာ သုံးသွားတာရှိတယ်။ ဒါမျိုးတွေဆို မဟုတ်သေးဘူး။ ဘာပဲပြောပြော ခြောက်လတစ်ကြိမ်၊ တစ်နှစ်တစ်ကြိမ် စမ်းသပ်သင့်တယ်။စမ်းပြီးတော့ Packing တွေမှာတပ်သင့်တယ်။ ဒါမှလည်း ကိုယ့်ရဲ့ result က တစ်သက်လုံး ဒီအတိုင်းကြီး ထွက်နေမှာမဟုတ်ဘူးလေ။ ကုန်ကြမ်းတွေဆိုတာလည်း အမြဲတမ်းပြောင်းနေတာ ရာသီဥတုကလည်း အမြဲတမ်းပြောင်းနေတော့ တစ်ခါစမ်းသပ်ပြီး တစ်သက်လုံးမှန်နေမှာ မဟုတ်ဘူးလေ။ အမြဲတမ်း ကိုယ့်ရဲ့ စားသောက်ကုန်အရည်အသွေး ကောင်းနေဖို့အတွက်က ခြောက်လတစ်ကြိမ် တစ်နှစ်တစ်ကြိမ် စမ်းသပ်သင့်တယ်။ တချို့ စားသောက်ကုန်တွေက လူကို တိုက်ရိုက်အန္တရာယ်ဖြစ်စေနိုင်တယ်။ လူကိုအန္တရာယ်အများကြီးဖြစ်နိုင်တဲ့ဟာတွေဆိုလို့ရှိရင် ပိုပြီးတော့ စမ်းသပ်သင့်တယ်။ ကျိုချက်ပြီးတော့မှ စားတဲ့ဟာက တော်သေးတယ်ပေါ့နော်။ အဲဒီတော့ စားသောက်ကုန်လုပ်ငန်း လုပ်တဲ့သူတွေက အရေးကြီးတယ်။ အရည်အသွေး ပြည့်မီအောင်၊ safeဖြစ်အောင် ထုတ်ဖို့လိုမယ်။ကုန်ကြမ်းကနေ ထုတ်လိုက်ပြီးတော့ Packing ထုတ်ပြီးတော့ ဆိုင်ပေါ်တင်ရောင်း လူတွေစားတဲ့အထိ ပရောဆက်က မှန်မှ အဆင်ပြေမှာဖြစ်ပါတယ်။

**ဓာတ်ခွဲခန်းအတွက် ပညာရှင်တွေ ခန့်အပ်ထားရှိမှုက ဘယ်လိုရှိပါသလဲ။**

Lab မှာတော့ ပညာရှင် အယောက် ၂၀ ရှိပါတယ်။ ပညာရှင်က ဂျပန်ကနေပြီးတော့ လေ့ကျင့်ပြင်ဆင်လာတဲ့ ပညာရှင်တွေရှိတယ်။ အဲဒီပညာရှင်တွေကနေ နောက်ပညာရှင်တွေကို လက်ဆင့်ကမ်းပြီးတော့ သူတို့က အကုန်သင်ပေးသွားတာပေါ့။ နောက်ပြီး FDA ကနေပြီးတော့ အငြိမ်းစားယူသွားတဲ့ ဆရာ၊ ဆရာမကြီးတွေရော၊ နောက်ပြီးတော့ ရန်ကုန်တက္ကသိုလ် နည်းပညာဓာတ်ခွဲခန်းနဲ့ ပတ်သက်တဲ့ ဆရာ၊ ဆရာမကြီးတွေကရော လိုရင် လိုအပ်သလို training တွေ ပေးလျက်ရှိပါတယ်။

**အသင်းအနေနဲ့ ရှေ့ဆက် ဘာတွေလုပ်ဆောင်ဖို့ရှိပါသလဲ။**

အသင်းအနေနဲ့တော့ ဓာတ်ခွဲခန်းရှိတယ်။ စားသောက်ကုန်တွေရဲ့ အရည်အသွေးတွေကို စမ်းသပ်ပေးတယ်။ နောက်ပြီး Food Safety နဲ့ ပတ်သက်တဲ့ training တွေရှိတယ်။ စားသောက်ကုန်တစ်ခုကို ထုတ်လိုက်တယ်ဆိုရင် အဲဒီမှာ ဘာတွေကို လုပ်ဆောင်ရမလဲဆိုတဲ့ training တွေပေးတယ်။ Chemical တွေ အသုံးပြုခြင်းသည် ဘယ်လိုအန္တရာယ်တွေရှိလဲ။ ဒါတွေသည် Limit တွေနဲ့သုံးရတယ်။ ဒါတွေကို ကျော်လွန်နေပြီဆိုရင် လူတွေကို ဘယ်လောက်ထိ အန္တရာယ်ဖြစ်စေနိုင်သလဲ။ ဘယ်လိုဟာတွေကို သုံးရမလဲဆိုတဲ့ training တွေပေးတာရှိတယ်။စက်ရုံတွေမှာဆိုလို့ရှိရင် စွမ်းအင်နဲ့ပတ်သက်ပြီး မလိုအပ်ဘဲသုံးနေတဲ့ နေရာမျိုးတွေရှိတယ်။ ဒါတွေသည် မလိုအပ်ဘူးဆိုတဲ့ Training တွေ ပေးတယ်။ နောက်ရေနဲ့ပတ်သက်ပြီး တချို့စက်ရုံတွေက ထွက်တဲ့ ဟာတွေက အရမ်းနံတာတွေရှိတယ်။ ဒီရေတွေက ပတ်ဝန်းကျင်ကို ဘယ်လောက်ထိ ထိခိုက်နေသလဲ၊ အဲဒီရေတွေကို ဘယ်လိုမျိုးလုပ်ဆောင်သင့်သလဲဆိုတဲ့ training တွေ ပေးတာ

တိုပွ

ရှိတယ်။ ရေမှာလည်း အကျိုးပြုတာရှိသလို အကျိုးမပြုတာရှိတယ်။ အဲတော့ ရေတွေကို ဘယ်လို စီမံခန့်ခွဲပြီး အသုံးချရမလဲဆိုတဲ့ training တွေပေးတာရှိတယ်။ နောက် နိုင်ငံတကာကို ပို့မယ်ဆိုရင် HACCP Certificate လိုတယ်။ အဲဒါနဲ့ပတ်သက်တဲ့ training ပေးတာရှိတယ်။ နောက် ဓာတ်ခွဲခန်းနဲ့ပတ်သက်တဲ့ training ဘာလို့ပေးရလဲဆိုတော့ တချို့စက်ရုံတွေမှာ ဓာတ်ခွဲခန်းတွေရှိတယ်။ အဲဓာတ်ခွဲခန်းတွေမှာ ဓာတ်ခွဲစမ်းသပ်နည်းတွေ၊ စားသောက်ကုန်တွေကို ဘယ်လိုစမ်းသပ်မလဲ။ အဲဒါတွေက အစ သင်ပေးတယ်ပေါ့။ ကိုယ်ထုတ်လိုက်တဲ့ စားသောက်ကုန်က ကိုယ်ရဲ့ Line ထဲမှာ ဘယ်လောက်ထိ အရေးကြီးသလဲဆိုတဲ့ ဟာတွေလည်း သင်ပေးတယ်။ အခုကတော့ အွန်လိုင်း training ပေးနေတယ်ပေါ့။ ဒါကတော့ အသင်းကနေပြီးတော့ စားသောက်ကုန်ကဏ္ဍကို ကူညီပေးနေတာဖြစ်ပါတယ်။

**ဖြည့်စွက်ပြောချင်တာများ ရှိပါသလား။**

စားသောက်ကုန်တွေအကုန်လုံးက သန့်သန့်ပြန့်ပြန့်နဲ့ ထုတ်သင့်တာပေါ့။စားသောက်ကုန်တွေဟာ safety ဖြစ်ပြီးတော့ ကြာရှည်ခံဖို့အတွက် သန့်သန့်ရှင်းရှင်းနဲ့ လုပ်မှဖြစ်မယ်။ ထုတ်ကုန်ထုတ်တဲ့နေရာမှာ တိရစ္ဆာန်ရှိတာမျိုးတွေ မရှိသင့်ဘူး။ သီးသန့်ထားရတယ်။ကုန်ကြမ်းဆိုလည်း ကုန်ကြမ်းနေရာမှာထား၊ ထုတ်တဲ့အခန်းတွေဆိုလည်း သန့်သန့်ရှင်းရှင်းထားပေါ့။ အဲဒီအကျိုးသက်ရောက်မှုကြောင့် ထုတ်ကုန်တွေ မကောင်းတာမျိုး ဖြစ်တတ်ပါတယ်။စားသုံးသူရေးရာက Label တွေကို မြန်မာလိုကပ်တာ အရမ်းကောင်းတယ်။အရင်တုန်းကဆို ဆရာဝန်တွေဆီသာ သွားပြလိုက်ရတာ၊ စားသောက်ကုန်တွေမှာ Label တွေ ပြည့်စုံအောင်ကပ်သင့်တယ်။ ကပ်မှလည်း ဒါကို စားခြင်းဖြင့် စွမ်းအင်ဘယ်လောက်ရမလဲ။ ပရိုတင်းဘယ်လောက်ရမလဲဆိုတာ သိသွားမယ်။ နောက်ပြီး ထုတ်လုပ်သူတွေအနေနဲ့လည်း ကိုယ်ထုတ်တဲ့ ထုတ်ကုန်က ဘယ်လိုမျိုးလဲ။ တကယ်လို့ မြေကြီးထဲက ထွက်လာတယ်ဆို ပိုးမွှားတွေ များ၊ မများ စစ်သင့်တယ်။ ဆီသမားတွေဆိုလည်း ဆီချေးအနံ့တွေ နံလား၊ မနံလားစစ်သင့်တယ်။ အဲဒါတွေမှာက သတ်မှတ်ထားတဲ့ Limit ရှိတယ်။ အဲဒီ Limit ထက်ကျော်ပြီဆိုလို့ရှိရင်တော့ ဒီထုတ်ကုန်က မကောင်းတော့ဘူးပေါ့။

# စတော်ဘယ်ရီ စိုက်ခင်းအကြောင်း တစေ့တစောင်း

DOCA(ကျောက်မဲ)

ကျောက်မဲခရိုင် ကျောက်မဲမြို့နယ် ငြိမ်းချမ်းရေးကုန်းအနီးရှိ ရွှေကုံ့ကော် စတော်ဘယ်ရီခြံမှ စိုက်ခင်းရှင် ဒေါ်နန်းအေးပွဲနှင့်တွေ့ဆုံပြီး သီးနှံနှင့် စပ်လျဉ်း၍ မေးမြန်းခဲ့ရာ စတော်ဘယ်ရီသီး စိုက်ပျိုးထားမှုအခြေအနေများ၊ စိုက်ပျိုးထွက်ရှိမှုအခြေအနေများ၊ ရာသီဥတုနှင့်သီးနှံထွက်နှုန်းများ၊ သီးနှံဈေးကွက်နှင့်ရောင်းချမှုအခြေအနေများကို သိရှိခဲ့ရသည်။

စတော်ဘယ်ရီသီးစိုက်ပျိုးရာတွင် မျိုးစေ့ဖြင့် စိုက်ပျိုးနည်းနှင့် ပင်ပျိုဖြင့် စိုက်ပျိုးနည်းဟူ၍ နှစ်မျိုးရှိကြောင်းသိရပြီး ၎င်းတို့သည် ပင်ပျိုဖြင့် စိုက်ပျိုးကြကြောင်း၊ ယင်းပင်ပျိုများကို ပြင်ဦးလွင်မှ မှာယူ၍ ပျိုးပင်တစ်ပင်လျှင် ကျပ် ၅၀၀ ဖြစ်ကြောင်းနှင့် မျိုးအရ အမာသီး၊ ချိုမွှေးသီးနှင့်ထိုင်ဝမ်သီးဟူ၍ သုံးမျိုးရှိကြောင်း သိရသည်။

နေရာဒေသအလိုက် မြေဆီမြေနှစ် ကွာခြားမှုရှိကြောင်းနှင့် ၎င်းတို့စိုက်ပျိုးထားရှိသောမြေသည် မြေစေးအမည်းဖြစ်ကြောင်း၊ တစ်ဧကလျှင် ဒေါင်လိုက်စိုက်ခင်းများဖြစ်ပြီး စိုက်ခင်းတစ်ကွက်လျှင် ၂၅ ဘောင်စိုက်ပျိုးထားရှိကြောင်း သိရသည်။

စတော်ဘယ်ရီသီးများကို သီတင်းကျွတ်လတွင် စတင်စိုက်ပျိုးပြီး သုံးလအကြာ၌ သီးနှံထွက်ရှိကြောင်း၊ မတ်လနှင့် ဧပြီလလယ် အချိန်များသည် သီးနှံထွက်ရှိမှုပေါများချိန်ဖြစ်ကြောင်း သိရှိရသည်။ နေသာသောနေ့အချိန်များနှင့်အေးမြသောညအချိန်များသည် စတော်ဘယ်ရီသီးများကို ပို၍ ချိုမြစေကြောင်း၊ ထို့ပြင် ပူပြင်းသော ရက်များသည် အသီးများ အရွယ်မတိုင်မီ မညီမညာရင့်မှည့်လာခြင်းကို တားဆီးပေးကြောင်း၊ သို့သော် အပူလွန်ကဲခြင်းသည် စတော်ဘယ်ရီ စိုက်ပျိုးသူများအတွက် အဓိကပြဿနာဖြစ်ကြောင်းနှင့် စတော်ဘယ်ရီသီးများသည် အသင့်အတင့်ဖြစ်သော အပူချိန်ကိုသာ နှစ်သက်ကြောင်း သိရသည်။ မိုးနည်းပါက သီးနှံထွက်နှုန်း များပြားပြီး မိုးများလျှင်သီးနှံထွက်နှုန်းနည်းပါးကြောင်း သိရှိရသည်။ သီးနှံ ထွက်ရှိမှုနှုန်းသည် ရာသီဥတုနှင့်ဒေသပေါ် မူတည်၍ပုံမှန်မရှိကြောင်းသိရသည်။

၎င်းတို့စိုက်ပျိုးထွက်ရှိလာသည့် စတော်ဘယ်ရီသီးများကို ကျောက်မဲမြို့အတွင်း ရောင်းချလျက်ရှိသကဲ့သို့အနီးရှိ ရွာငယ်များကလည်း ဝယ်ယူကြောင်း၊ စတော်ဘယ်ရီသီး တစ်ပိဿာလျှင် ကျပ် ၁၅၀၀၀ ဖြစ်ပြီး ပျမ်းမျှအားဖြင့် တစ်နေ့လျှင် ၁၅ ပိဿာခန့် ရောင်းချရကြောင်း သိရှိရသည်။

# တညင်းကုန်းဈေးကြီးတွင် ရက်သတ္တပတ်အတွင်းရောင်းချနေသော ကုန်ဈေးနှုန်း

အင်းစိန်မြို့နယ်ရှိ တညင်းကုန်း လက်ကားဈေးကြီး အတွင်းသို့ မတ် ၁၅ ရက်မှ မတ် ၂၁ ရက်အတွင်း ညောင်တုန်း၊ မော်ဘီ၊ သာရဝေါ၊ ညောင်နှစ်ပင်ကျေးရွာ၊ ကြာကန်စုကျေးရွာ၊ နေပြည်တော်၊ တပ်ကုန်း၊ ရွှေဒါး၊ မင်္ဂလာဒုံ၊ အင်းစိန်၊ ခရမ်း၊ သုံးခွ၊ ပြည်၊ လက်ပံတန်း၊ မင်းလှ၊ ဝါးနက်ချောင်း၊ မော်လမြိုင်၊ မန္တလေး၊ အုတ်ဖိုနှင့် ရှမ်းပြည်နယ်တို့မှ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန်များ အများဆုံးဝင်ရောက် ရောင်းချနေကြောင်း သိရှိရသည်။ ထိုသို့ဝင်ရောက်ရာတွင် ယခုရက်သတ္တပတ်အတွင်း ခရမ်းချဉ်သီး ထိုင်ဝမ်(ပိဿာ)ကျပ် ၁၀၀၀ မှ ၁၆၀၀ အတွင်း၊ ဂေါ်ဖီထုပ်(တစ်ထုပ်)ကျပ် ၅၀၀ မှ ၂၀၀၀ အတွင်း၊ ပန်းဂေါ်ဖီ(ထုပ်) ကျပ် ၅၀၀ မှ ၁၅၀၀ အတွင်း၊ အာလူး(ပိဿာ)ကျပ် ၂၀၀၀ မှ ၂၃၀၀ အတွင်း၊ မုန့်လာဥနီ (ပိဿာ) ကျပ် ၁၀၀၀ မှ ၁၅၀၀ အတွင်း ရွှေဖရုံသီး(လုံး)ကျပ် ၇၀၀ မှ ၄၅၀၀ အတွင်း၊ ဘူးသီး(လုံး) ကျပ် ၅၀၀ မှ ၁၅၀၀ အတွင်း၊ မုန်ညှင်း (ထုပ်)(ပိဿာ)ကျပ် ၁၅၀၀ မှ ၂၀၀၀ အတွင်း၊ ကြက်သွန်နီ(ဆိပ်ဖြူ)ကျပ် ၁၁၀၀ မှ ၁၈၀၀ အတွင်း၊ ကြက်သွန်ဖြူ(ရှမ်း)(ပိဿာ)ကျပ် ၃၂၀၀ မှ ၆၀၀၀ အတွင်း၊ ကြက်သွန်ဖြူ (ကြူကုတ်) (ပိဿာ) ကျပ် ၃၈၀၀ မှ ၄၀၀၀ အတွင်း၊ ချင်း(ပိဿာ) ကျပ် ၁၆၀၀ မှ ၂၀၀၀ အတွင်း၊ ဆလပ်ရွက် (စီး) ကျပ် ၁၅၀ မှ ၂၅၀ အတွင်း၊ ချဉ်ပေါင်ရွက်(စီး) ကျပ် ၆၅ မှ ၁၀၀ အတွင်း၊ ခရမ်းသီး (ရှည်)(ပိဿာ)ကျပ် ၈၀၀ မှ ၁၂၀၀ အတွင်း၊ သံပရာသီး (လုံး)ကျပ် ၈၅ မှ ၂၀၀ အတွင်း၊ ငရုတ်သီးစိမ်း (ကျောက်စိမ်း) (ပိဿာ)ကျပ် ၂၀၀၀ မှ ၂၅၀၀ အတွင်း၊ ဖရဲသီး (အကြီး၊ အလတ်၊ အသေး)ကျပ် ၂၀၀၀ မှ ၅၀၀၀ အတွင်းဖြစ်ကြောင်း သိရှိရသည်။

တညင်းကုန်းလက်ကားဈေးကြီးအတွင်းသို့ ယခုရက်သတ္တပတ်အတွင်း သံပရာသီး အလုံးပေါင်း ၁၀၅၃၀၀ကျော်၊ ခရမ်းသီး(ရှည်) (ပိဿာ) ၄၁၆၅၅ ကျော်၊ ဘူးသီးအလုံးပေါင်း ၃၇၃၃ ကျော်၊ ရွှေဖရုံသီးအလုံးပေါင်း ၂၉၀၀ ကျော်၊ ဂေါ်ဖီထုပ်ပေါင်း ၁၇၅၀၀ ကျော်၊ ပန်းဂေါ်ဖီထုပ်ပေါင်း ၁၀၁၀၀ ကျော်၊ မုန်ညှင်းထုပ်(ပိဿာ)ပေါင်း ၉၅၅၅ ကျော်၊ ဖရဲသီးလုံးပေါင်း ၁၁၆၀၀ ကျော် အသီးသီး ကုန်အဝင်ရှိကြောင်း သိရသည်။

**မြင့်မြင့်စန်း(ရန်ကုန်)**

# ဖြူးမြို့နယ်ရှိ အခြေခံစားသောက်ကုန်အချို့ ဈေးနှုန်း အတက်အကျရှိ

တောင်ငူခရိုင် ဖြူးမြို့တွင် ယခုရက်ပိုင်းအတွင်း ပေါ်ဆန်းဆန်ဈေးနှုန်းမှာ တစ်အိတ်လျှင် ကျပ် ၈၅၀၀၀၊ ဧည့်မထ ဆန်ဈေးနှုန်းမှာ တစ်အိတ်လျှင် ကျပ် ၅၄၀၀၀ ဖြင့် ယခင်တစ်ပတ်ကအတိုင်း ဈေးနှုန်းပြောင်းလဲမှုမရှိဘဲ တည်ငြိမ်လျက်ရှိသည်။


ပဲဆီမှာ တစ်ပိဿာလျှင် ကျပ် ၁၃၀၀၀ ဈေးနှုန်းဖြင့် ယခင်တစ်ပတ်ကအတိုင်း ဈေးနှုန်းတည်ငြိမ်လျက်ရှိသည်။ စားအုန်းဆီ တစ်ပိဿာလျှင် ယခင်တစ်ပတ်က တစ်ပိဿာ ကျပ် ၆၅၀၀ ဈေးနှုန်းရှိပြီး ယခုတစ်ပတ်တွင်မူ တစ်ပိဿာ ကျပ် ၇၁၅၀ ဈေးနှုန်းရှိကာ ဈေးနှုန်းအနည်းငယ် မြင့်တက်လျက်ရှိသည်။

ကြက်သွန်နီ တစ်ပိဿာလျှင် ယခင်တစ်ပတ်က ကျပ် ၁၂၀၀ မှ ယခုတစ်ပတ်တွင် ကျပ် ၁၃၀၀၊ ကြက်သွန်ဖြူ တစ်ပိဿာလျှင် ယခင်တစ်ပတ်က ကျပ် ၅၀၀၀ မှ ယခုတစ်ပတ်တွင် ကျပ် ၆၀၀၀ ဖြင့် ဈေးနှုန်းအနည်းငယ် မြင့်တက်လျက်ရှိသည်။

ငရုပ်သီးခြောက် (အရှည်) တစ်ပိဿာလျှင် ယခင်တစ်ပတ်က ကျပ် ၁၂၀၀၀ ဈေးနှုန်းဖြစ်ပြီး ယခုတစ်ပတ်တွင် ကျပ် ၁၁၀၀၀ ဈေးနှုန်းရှိရာ အနည်းငယ် ကျဆင်းသွားသည်။ အာလူး တစ်ပိဿာလျှင် ယခင်အပတ်က ကျပ် ၂၀၀၀ ဈေးနှုန်းမှ ယခုအပတ်တွင် ကျပ် ၂၄၀၀ ဖြင့် ဈေးနှုန်းအနည်းငယ် မြင့်တက်သည်။

မြေပဲဆန် တစ်ပိဿာလျှင် ယခင်တစ်ပတ်က ကျပ် ၇၅၀၀ ဈေးနှုန်းဖြစ်ပြီး ယခုတစ်ပတ်တွင် ကျပ် ၇၉၀၀ နှုန်းဖြင့် ဈေးနှုန်းအနည်းငယ်မြင့်တက်သည်။ ကုလားပဲခြမ်း တစ်ပိဿာလျှင် ယခင်တစ်ပတ်က ကျပ် ၄၈၀၀ ဖြင့် ယခင်တစ်ပတ်ကအတိုင်း ဈေးနှုန်းပြောင်းလည်းမှုမရှိကြောင်း သိရသည်။

**သဲစုလွင်(တောင်ငူ)**



# ပြောင်းနှင့်ရော်ဘာ တင်ပို့မှုမှ အမေရိကန်ဒေါ်လာသန်း ၃၀ ကျော်ရရှိ

**ပြောင်း**

မတ်လ ၁၁ ရက်မှ ၁၇ ရက်ထိကာလအတွင်း ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ ပြောင်းတန်ချိန် ၅၂၁၀၀ တင်ပို့ပြီး အမေရိကန်ဒေါ်လာ ၁၆ ဒသမ ၆၁၀သန်း ရရှိခဲ့သည်။ တင်ပို့မှုအနေဖြင့် ထိုင်းနိုင်ငံသို့ ပြောင်းတန်ချိန် ၅၁၈၀၀ ခန့်၊ ဖိလစ်ပိုင်နိုင်ငံသို့ ပြောင်း ၁၇၅ တန်နှင့် တရုတ်နိုင်ငံသို့ ပြောင်း ၁၂၅ တန် တင်ပို့ခဲ့သည်။

ယခုတစ်ပတ် မြန်မာ-ထိုင်းနယ်စပ်ကုန်သွယ်မှုမှ ပြောင်းတန်ချိန် ၂၀၁၇၀ခန့်၊ မြန်မာ-တရုတ်နယ်စပ်ကုန်သွယ်မှုမှ ပြောင်း ၁၀၄၈ တန်တင်ပို့ခဲ့သဖြင့် စုစုပေါင်း ပြောင်း ၂၁၂၁၈ တန် တင်ပို့ပြီး အမေရိကန်ဒေါ်လာ ၆ ဒသမ ၇၁၁ သန်းရရှိသည်။ ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်မှုမှ ပြောင်း တန်ချိန် ၇၃၃၁၀ ကျော် တင်ပို့နိုင်ပြီး တန်ဖိုး အမေရိကန် ဒေါ်လာ ၂၃ ဒသမ ၃၂၁ သန်း ရရှိသည်။ ယခင်တစ်ပတ် တင်ပို့မှုနှင့်နှိုင်းယှဉ်ပါက ပြောင်းတန်ချိန် ၃၈၀၀၀ ကျော် ပိုမိုတင်ပို့ခဲ့ကြောင်း သိရသည်။

**ရော်ဘာ**

မတ် ၁၁ ရက်မှ ၁၇ ရက်ထိကာလအတွင်း ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ ရော်ဘာတန်ချိန် ၅၁၉၀ ခန့် တင်ပို့ပြီး အမေရိကန်ဒေါ်လာ ၆ ဒသမ ၃၇၆ သန်းရရှိသည်။ တင်ပို့မှုအနေဖြင့် တရုတ်နိုင်ငံသို့ ရော်ဘာတန်ချိန် ၄၆၃၀ ကျော်၊ မလေးရှားနိုင်ငံသို့ ရော်ဘာ ၂၃၇ တန်ကျော်၊ အိန္ဒိယနိုင်ငံသို့ ရော်ဘာတန်ချိန် ၁၂၀ ခန့်၊ ကိုရီးယားနိုင်ငံသို့ ရော်ဘာ တန်ချိန် ၁၀၀ နှင့် ဘင်္ဂလားဒေ့ရှ်သို့ ရော်ဘာတန်ချိန် ၁၀၀ခန့် တင်ပို့သည်။

ယခုတစ်ပတ် မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်မှုမှ ရော်ဘာ ၄၉၄ တန် တင်ပို့နိုင်သဖြင့် အမေရိကန်ဒေါ်လာ သုည ဒသမ ၅၈၀ သန်း ရရှိသည်။ ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်မှုမှ စုစုပေါင်း ရော်ဘာတန်ချိန် ၅၆၈၀ ကျော် တင်ပို့ပြီး အမေရိကန် ဒေါ်လာ ၆ ဒသမ ၉၅၆သန်း ရရှိသည်။ ယခင်တစ်ပတ် တင်ပို့မှုနှင့်နှိုင်းယှဉ်ပါက ရော်ဘာ တန်ချိန် ၁၃၀၀ ပိုမိုတင်ပို့ခဲ့သည်။ **အေးအေးသန့်**(DOT)

# မကွေး မြို့မဈေးအတွင်း ရောင်းချလျက်ရှိသော အခြေခံစားကုန်များ၏ ဈေးနှုန်းအခြေအနေ

မတ် ၁၃ ရက်မှ ၁၇ ရက်အတွင်း မကွေးမြို့ မြို့မဈေးတွင် အခြေခံ စားကုန်များဖြစ်သော ရွှေဘိုပေါ်ဆန်း တစ်ပြည်လျှင် ကျပ် ၅၀၀၀ ၊ မြောင်းမြပေါ်ဆန်း တစ်ပြည်လျှင် ကျပ် ၃၅၀၀၊ ကုန်းဇောင်း (ဧရာပဒေသာ) တစ်ပြည်လျှင် ကျပ် ၂၈၀၀၊ မြောင်းမြ(ဧရာပဒေသာ) တစ်ပြည်လျှင် ကျပ် ၃၀၀၀နှုန်းဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိသည်။

ကြက်သွန်နီလက်လီဈေးမှာ (ကြီး)တစ်ပိဿာလျှင် ကျပ် ၁၈၀၀ ၊ (လတ်) တစ်ပိဿာလျှင် ကျပ် ၁၅၀၀၊ (သေး)တစ်ပိဿာလျှင် ကျပ် ၁၀၀၀၊ ကြက်သွန်ဖြူလက်လီဈေးမှာ (ကြူကုတ်) တစ်ပိဿာလျှင် ကျပ် ၆၀၀၀၊ (ရှမ်း)တစ်ပိဿာလျှင် ကျပ် ၄၅၀၀၊ ငရုတ်သီးခြောက် (အရှည်) တစ်ပိဿာလျှင် ကျပ် ၁၈၀၀၀၊ မန်ကျည်းသီးမှည့် တစ်ပိဿာလျှင် ကျပ် ၃၅၀၀ မှ ၇၀၀၀အတွင်း၊ ဆားတစ်ပိဿာလျှင် ကျပ် ၅၀၀ မှ ၁၀၀၀ အတွင်း၊ အာလူးတစ်ပိဿာလျှင် ကျပ် ၂၀၀၀မှ ၂၂၀၀ အတွင်း၊ ခရမ်းချဉ်သီး တစ်ပိဿာလျှင် ကျပ်၁၂၀၀မှ ၁၅၀၀ နှင့် ကြက်ဥလက်လီဈေးမှာ တစ်လုံးလျှင် ကျပ်၂၂၀မှ ၂၆၀အထိဖြစ်သည်။

မြို့မဈေး၏ အသား/ငါးဈေးနှုန်းများမှာ ကြက်သား(CP)တစ်ပိဿာလျှင် ကျပ် ၈၀၀၀ မှ ၁၄၀၀၀ ထိ၊ ကြက်သား(ဗမာ) တစ်ပိဿာလျှင် ကျပ် ၁၄၀၀၀ မှ ၁၆၀၀၀ ထိ၊ အမဲသား တစ်ပိဿာလျှင် ကျပ် ၁၂၀၀၀မှ ၁၆၀၀၀ထိ၊ ဝက်သား တစ်ပိဿာလျှင် ကျပ် ၁၆၀၀၀ မှ ၁၈၀၀၀ထိ၊ ဆိတ်သားတစ်ပိဿာလျှင် ကျပ် ၁၈၀၀၀ မှ ၂၀၀၀၀ ထိ၊ ငါးကြင်းတစ်ပိဿာလျှင် ကျပ် ၈၀၀၀ မှ ၁၆၀၀၀ ထိ ရောင်းဝယ်နေကြောင်း သိရသည်။

စားသုံးဆီဈေးနှုန်းမှာ ပဲဆီတစ်ပိဿာလျှင် ကျပ် ၁၂၀၀၀၊ နှမ်းဆီ တစ်ပိဿာလျှင် ကျပ် ၁၁၅၀၀၊ စားအုန်းဆီတစ်ပိဿာလျှင် ကျပ် ၇၂၀၀ ဖြင့် အသီးသီး အရောင်းအဝယ်ဖြစ်နေကြောင်း မြို့မဈေးအတွင်းရှိ ဈေးသည်များထံမှ သိရှိရသည်။

**မိုးမိုးခိုင်**

# ညောင်တုန်းမြို့နယ်ဌ ငရုတ်စိုက်ပျိုးထုတ်လုပ်မှု အောင်မြင်ဖြစ်ထွန်းနေ

ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်၊ ညောင်တုန်းမြို့နယ်သည် ငရုတ်စိုက်ပျိုးထုတ်လုပ်မှု အောင်မြင်နေသော ဒေသတစ်ခု ဖြစ်သည်။ ထို့ပြင် ညောင်တုန်းမြို့နယ်နှင့် အနီးအနားမြို့များ ဖြစ်သည့် ပန်းတနော်၊ ဓနုဖြူ မအူပင်၊ ဝါးခယ်မ၊ ဇလွန်၊ ဟင်္သာတမြို့များထိ တိုးချဲ့စိုက်ပျိုးထုတ်လုပ်လျက်ရှိကြောင်း ငရုတ်စိုက်ပျိုးထုတ်လုပ်သူများအသင်း ဥက္ကဋ္ဌလည်းဖြစ် 'ခင်'ငရုတ်ရောင်းဝယ်ရေးပိုင်ရှင်လည်းဖြစ်သည့် ဦးငွေဝင်း၏ ပြောကြားချက်အရ သိရသည်။

စားသုံးသူရေးရာဦးစီးဌာနမှ ညောင်တုန်းမြို့နယ် ဦးအောင်လွင်နှင့် ဝန်ထမ်းများသည် ဒီဇင်ဘာလ တတိယပတ်တွင် ငရုတ်စိုက်ပျိုးထုတ်လုပ်မှုအား ကွင်းဆင်းလေ့လာစိစစ်ခဲ့သည်။ ငရုတ်စိုက်ပျိုးရောင်းဝယ်ရေးခြံတွင် စိုက်ပျိုးထုတ်လုပ်သော ငရုတ်မျိုးများမှာ မိုးထောင်နှင့် အောက်ဆွဲမျိုးများဖြစ်ပြီး ရောင်းချသော မျိုးစေ့ဖြင့် တွက်ချက်ပါက စိုက်ပျိုးမှု ခန့်မှန်းဧက ၃၀၀၀ နှင့် ၃၅၀၀ ဧကကြား စိုက်ပျိုးထုတ်လုပ်ကြောင်း သိရှိရသည်။

ငရုတ်မျိုးများကို မျိုးစေ့စတင်စိုက်ပျိုးသည်မှ ခူးဆွတ် ရိတ်သိမ်းနိုင်သည့်အချိန်အထိ တစ်ဧကလျှင် ကျပ် ၂၅ သိန်းခန့် ကုန်ကျနိုင်ပြီး ခူးဆွတ်ချိန်လေးလအတွင်း တစ်လ နှစ်ကြိမ်နှုန်းဖြင့် ရှစ်ကြိမ် ခူးဆွတ်နိုင်ကြောင်း သိရသည်။

ငရုတ်သီးများကို တစ်ကြိမ်ဆွတ်ခူးပြီးတိုင်း အပင်အားဆေး၊ အသီးအားဆေး၊ သွင်းအားစုများကို စနစ်တကျအသုံးပြု ဆောင်ရွက်ရပြီး ငရုတ်သီးခူးပြီးတိုင်း ဆောင်ရွက်ရသဖြင့် ခူးဆွတ်ပြီး သွင်းအားစု အသုံးပြုမှု ခန့်မှန်းကုန်ကျစရိတ်မှာ ၂၈ သိန်းခန့်ရှိကြောင်း ထပ်မံ ရှင်းပြသည်။

လေးလအတွင်း ခူးဆွတ်ပြီး ငရုတ်သီးအစိုပိဿာ ၄၀၀၀ခန့် ရရှိပြီး အစိုတစ်ပိဿာလျှင် ကျပ် ၂၀၀၀ နှုန်းဖြင့် ရောင်းချရပြီး ကျပ်သိန်း ၈၀ ခန့် ရရှိသဖြင့် တစ်ဧကကျပ်သိန်း၃၀ခန့်အကျိုးအမြတ် ရရှိကြောင်း ငရုတ်အသင်းဥက္ကဋ္ဌ ဦးငွေဝင်း၏ ပြောပြချက်အရ သိရသည်။ **CONSUMER(MT)**

# စစ်တွေ မြို့မဈေး၌ အရောင်းအဝယ်ဖြစ်ပေါ်နေသော ကုန်ဈေးနှုန်းအခြေအနေ

၂၀၂၃ ခုနှစ် မတ်လ စတုတ္ထပတ်အတွင်း ရခိုင်ပြည်နယ် စစ်တွေမြို့ မြို့မဈေး၌ ဆန်ဈေးနှုန်းမှာ ပထမပတ်ဈေးနှုန်းအတိုင်း အရောင်းအဝယ်ဖြစ်ပေါ်လျက်ရှိပြီး စားဖိုဆောင်သီးနှံဈေးနှုန်းများ အနည်းငယ် မြင့်တက်လာကြောင်း သိရသည်။

မတ်လ ပထမပတ်အတွင်း ပေါ်ဆန်း (အသစ်)ဆန် ၂၄ ပြည်ပါ တစ်အိတ်လျှင် ကျပ် ၇၀၀၀၀ မှ၇၂၀၀၀၊ ဧည့်မထ ၂၄ပြည်ပါ တစ်အိတ်လျှင် ကျပ် ၅၈၀၀၀ မှ ၆၀၀၀၀၊ ငစိန် ၂၄ ပြည်ပါ တစ်အိတ်လျှင် ကျပ် ၅၆၀၀၀ မှ ၅၈၀၀၀ အတွင်း စားဖိုဆောင် သီးနှံများဖြစ်သော ကြက်သွန်ဖြူ (ရှမ်း)၁၀ပိဿာ တစ်အိတ်ကျပ်၆၇၀၀၀မှ ၆၈၀၀၀ အတွင်း၊ ကြက်သွန်ဖြူ(ကြူကုတ်) ၁၀ ပိဿာ တစ်အိတ် ကျပ် ၄၃၀၀၀ မှ ၄၄၀၀၀ အတွင်း ချင်း တစ်ပိဿာ ကျပ် ၂၂၀၀ မှ ၂၃၀၀ အတွင်း၊ ငရုတ်သီးခြောက် (အိန္ဒိယ) တစ်ပိဿာ ကျပ် ၁၃၀၀၀ မှ ၁၄၀၀၀ အတွင်း၊ ငရုတ်သီးခြောက်(ဒေသထွက်) တစ်ပိဿာ ကျပ် ၂၀၀၀၀ မှ ၂၂၀၀၀ အတွင်း၊ ဂေါ်ဖီထုပ်(တစ်ထုပ်) ကျပ် ၆၀၀ မှ ၈၀၀ အတွင်း၊ ပန်းဂေါ်ဖီ (တစ်ပွင့်) ကျပ် ၅၀၀ မှ ၇၀၀ အတွင်း၊ ခရမ်းသီး (တစ်ပိဿာ) ကျပ် ၅၀၀ မှ ၇၀၀ အတွင်း၊ ခရမ်းချဉ်သီး(တစ်ပိဿာ)ကျပ် ၈၀၀ မှ ၁၀၀၀ အတွင်း လက်ကားဈေးတို့ဖြင့် အရောင်းအဝယ် ဖြစ်ပေါ်ခဲ့ကြောင်း ဆိုင်ခန်း ဈေးသည်များနှင့် ပွဲရုံ ဈေးသည်များထံမှ သိရှိရသည်။

မတ်လ စတုတ္ထပတ်အတွင်း ပေါ်ဆန်း (အသစ်)ဆန် ၂၄ ပြည်ပါ တစ်အိတ်လျှင် ကျပ် ၇၀၀၀၀ မှ ၇၂၀၀၀အတွင်း၊ ဧည့်မထ ၂၄ ပြည်ပါ တစ်အိတ်လျှင် ကျပ် ၅၈၀၀၀ မှ ၆၀၀၀၀ အတွင်း၊ ငစိန် ၂၄ ပြည်ပါ တစ်အိတ်လျှင် ကျပ် ၅၆၀၀၀ မှ ၅၈၀၀၀ အတွင်း ကြက်သွန်ဖြူအသစ် (ရှမ်း) ၁၀ ပိဿာတစ်အိတ် ကျပ်၄၃၀၀၀ မှ ၄၅၀၀၀ အတွင်း၊ ကြက်သွန်ဖြူ (ကြူကုတ်) ၁၀ ပိဿာ တစ်အိတ် ကျပ် ၄၁၀၀၀ မှ ၄၂၀၀၀ အတွင်း၊ ကြက်သွန်နီ ၁၀ပိဿာ တစ်အိတ် ကျပ် ၁၃၀၀၀ မှ ၁၃၅၀၀ အတွင်း၊ ချင်း တစ်ပိဿာ ကျပ် ၂၂၀၀ မှ ၂၃၀၀ အတွင်း၊ ငရုတ်သီးခြောက် (အိန္ဒိယ)တစ်ပိဿာ ကျပ် ၁၃၀၀၀ မှ ၁၄၀၀၀ အတွင်း၊ ငရုတ်သီးခြောက် (ဒေသထွက်) တစ်ပိဿာ ကျပ် ၁၇၀၀၀ မှ ၁၈၀၀၀ အတွင်း၊ ဂေါ်ဖီထုပ်(တစ်ထုပ်) ကျပ် ၇၀၀ မှ ၉၀၀ အတွင်း၊ ပန်းဂေါ်ဖီ (တစ်ပွင့်) ကျပ် ၈၀၀ မှ ၁၀၀၀ အတွင်း၊ ခရမ်းသီး (တစ်ပိဿာ) ကျပ် ၈၀၀ မှ ၁၀၀၀ အတွင်း၊ ခရမ်းချဉ်သီး တစ်ပိဿာကျပ် ၁၀၀၀ မှ ၁၂၀၀ အတွင်း၊ ငရုတ်သီးစိမ်း(ကျောက်စိမ်း) တစ်ပိဿာ ကျပ် ၃၃၀၀ မှ ၃၅၀၀ အတွင်း ငရုတ်သီးစိမ်း(ဒေသထွက်)တစ်ပိဿာကျပ်၁၆၀၀ မှ ၁၈၀၀ အတွင်း လက်ကားဈေးတို့ဖြင့် အရောင်းအဝယ်ဖြစ်ပေါ်လျက်ရှိသည်။

မတ်လ ပထမပတ်အတိုင်း ဆန်ဈေးနှုန်း ပုံမှန်အရောင်းအဝယ် ဖြစ်ပေါ်လျက်ရှိပြီး စားဖိုဆောင်သီးနှံဈေးနှုန်းများ အနည်းငယ် မြင့်တက်ကာ အရောင်းအဝယ် ဖြစ်ပေါ်လျက်ရှိကြောင်း ဈေးဆိုင်၊ ပွဲရုံများထံမှ သိရသည်။

**စားသုံးသူရေးရာဦးစီးဌာန**

# နောင်ချိုမြို့နယ်တွင် တရုတ်မျိုး အာလူးစိုက်ပျိုးမှု အောင်မြင်နေ

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ကျောက်မဲခရိုင် နောင်ချိုမြို့နယ်၊ ဘန့်ဘွေးကျေးရွာအုပ်စု၊ ကျောင်းကုန်းရွာတွင် တရုတ်မျိုးအာလူး စိုက်ပျိုးခြင်းအားဖြင့် မိသားစုစားဝတ်နေရေးအတွက် အထောက်အကူဖြစ်နေကြောင်း သိရှိရသည်။

ကျောင်းကုန်းရွာသည် မန္တလေး-လားရှိုး လမ်းမကြီးမှ သုံးမိုင်အကွာတွင် တည်ရှိ၍ တိုင်းရင်းသား လူမျိုးပေါင်းစုံနေထိုင်ရာ ရွာလေးဖြစ်ကြောင်း သိရှိရသည်။ အိမ်ခြေ ၁၅၀ ကျော်ရှိသည့်အနက် အိမ်ခြေ ၅၀ ဝန်းကျင်သည် အာလူးစိုက်တောင်သူများဖြစ်ကြောင်း သိရှိရသည်။

ယခင်က အောင်ပန်းအာလူးမျိုး စိုက်ပျိုးခဲ့သော်လည်း အာလူးအထွက်နှုန်း နည်းပါးခြင်းကြောင့် တောင်သူများက တရုတ်ပြည်မှ လာသည့် တရုတ်အာလူးမျိုးကို ပို၍စိတ်ဝင်စားပြီး အဓိကစိုက်ပျိုးလာကြကြောင်း၊ ၂၀၂၀ပြည့်နှစ်တွင် အိန္ဒိယကုမ္ပဏီတစ်ခုမှ အာလူးမျိုးတစ်မျိုး စိုက်ပျိုးခဲ့သော်လည်း သက်တမ်းတိုလွန်း၍ အာလူးအထွက်နှုန်း နည်းပါးလှသည့်အတွက် အရှုံးပေါ်ခဲ့ကြောင်း သိရှိရသည်။



ယခုအခါ ကျောင်းကုန်းရွာတွင် တရုတ်လူမျိုးအာလူးစိုက် တောင်သူ ၅၀ ခန့်သည် ဧက ၇၀ စိုက်ပျိုးလျက်ရှိပြီး ရေသွင်းစိုက်ပျိုးနည်းဖြင့် အများဆုံးစိုက်ပျိုးကြကြောင်း၊ နိုဝင်ဘာလနှင့် ဒီဇင်ဘာလမှ စတင်စိုက်ပျိုးပြီး မတ်လကုန်မှ အသီး ရိတ်သိမ်းကြကြောင်း၊ သွင်းအားစုအနေဖြင့် နွားချေး၊ ကြက်ချေး၊ ပုလဲမြေသြဇာများ ကျွေးရပြီး အားဆေးအနေဖြင့် ပိုးသတ်ဆေး၊ မှိုဆေးများ ပတ်ဖျန်းခြင်းဖြင့် အပင်များ ကြီးထွားလာပြီး အထွက်နှုန်း အားကောင်းစေကြောင်း၊ ပြောင်းရာသီချိန်ပြီးမှ အာလူးသီးသန့်စိုက်ပျိုးရကြောင်း၊ အာလူးစိုက်ပျိုးရာတွင် နှစ်ခြမ်းခွဲ၍ စိုက်ပျိုးရကြောင်း၊ တစ်ဧကလျှင် ပိဿာ ၇၀၀ မှ ၉၀၀ အထိ စိုက်ပျိုးကြကြောင်း သိရှိရသည်။

စိုက်ပျိုးထွက်ရှိမှုမှာ တစ်ဧကလျှင်ပိဿာ ၆၀၀၀ မှ ၉၀၀၀ အထိ ဖြစ်ထွန်းနိုင်သည်။ ဈေးနှုန်းအခြေအနေမှာ ရာသီပေါ်ခါစ တစ်ပိဿာလျှင် ကျပ် ၁၇၀၀မှ ကျပ် ၂၀၀၀ အထိရှိပြီး နောက်ပိုင်းတွင် တစ်ပိဿာလျှင် ကျပ် ၁၃၀၀မှ ကျပ် ၁၅၀၀ အထိ ဈေးနှုန်းကျဆင်းသွားနိုင်ကြောင်း၊ တင်ပို့ရောင်းချမှုအနေဖြင့် နောင်ချိုမြို့နယ်အတွင်းရှိ ကျေးရွာများနှင့် ရှမ်းပြည်နယ်နှင့် မန္တလေးတိုင်းဒေသကြီးမှ ပွဲစားများမှတစ်ဆင့် တင်ပို့ရောင်းချကြောင်း သိရှိရသည်။

ယခုနှစ်တွင် အာလူးဈေးကွက်တစ်ပိဿာလျှင် ကျပ် ၃၀၀ မှ ကျပ် ၄၀၀ အထိ ဈေးနှုန်းကျဆင်းလာကြောင်း၊ ယခင်နှစ်နှင့် ယခုနှစ် နှိုင်းယှဉ်ကြည့်ပါက အာလူးမျိုးစေ့ ဝယ်လိုအားကောင်း၍ ယခင်နှစ်များထက် တိုးချဲ့စိုက်ပျိုးလာနိုင်မည်ဟု အာလူးစိုက်တောင်သူကြီးတစ်ဦး၏ ပြောကြားချက်အရ သိရသည်။ **ပေါင်ခန့်လန့်(နောင်ချို)**

## နိုင်ငံတကာနှင့် ပြည်တွင်းကုန်သွယ်မှု လုပ်ငန်းများအတွက် အချက်အလက်များရရှိလိုပါက အောက်ပါဖုန်းနံပါတ်တို့ကို ဆက်သွယ်နိုင်ပါသည်

| | | |
|---|---|---|
| **မြန်မာအပြည်ပြည်ဆိုင်ရာကုန်သွယ်မှုဗဟိုဌာန** (Myanmar International Trade Center)၊ | ဖုန်း-၀၁ ၃၈၅၃၂၃ | **အီးမေးလ်**-mitcmyantrade@gmail.com |
| **အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန** | ဖုန်း-၀၁ ၉၆၆၉၉၅၉ | **အီးမေးလ်**-mhcyangon@gmail.com |

## ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ Consumer Information and Complaint Center (CICC) စားသုံးသူသတင်း ပြန်ကြားရေးနှင့် တိုင်ကြားမှု လက်ခံဆောင်ရွက်ရေးစင်တာများ၏ Contact Points များ

| | | |
|---|---|---|
| (၁) | ရန်ကုန်တိုင်းဒေသကြီး | ၂၂၈/၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။ Fax:01-254023, Ph:01-250270,254019 email: ygnmapt@gmail.com |
| (၂) | ပဲခူးတိုင်းဒေသကြီး(အနောက်) | ရတနာမာန်အောင်ဘုန်းကြီးကျောင်းအနီး၊ ပြည်မြို့။ Fax : 053-28220, Ph : 053-28032,28020 |
| (၃) | ပဲခူးတိုင်းဒေသကြီး(အရှေ့) | ဓမ္မစေတီလမ်း၊ အမှတ်(၅)ကျောင်းရှေ့ ပဲခူးမြို့။ Ph : 052-2221844, 2221108, 2221036 |
| (၄) | ဧရာဝတီတိုင်းဒေသကြီး | ပုသိမ်မြို့။ Fax : 042-21811, Ph: 042-24520,24522 email: yiyinaingwin@gmail.com |
| (၅) | မန္တလေးတိုင်းဒေသကြီး | မန္တလေးမြို့။ Fax : 02-36340, Ph: 02-36342,36339 email: mdymapt@gmail.com |
| (၆) | ရခိုင်ပြည်နယ် | စစ်တွေမြို့။ Fax:043-23426,Ph:043-23426 |
| (၇) | မကွေးတိုင်းဒေသကြီး | အစိုးရရပ်ကွက်၊အနော်ရထာလမ်း၊မကွေးမြို့။ Fax : 063-23199, Ph : 063-23196,23197 |
| (၈) | ရှမ်းပြည်နယ်(တောင်ပိုင်း) | အရှေ့မြို့ပတ်လမ်း၊ ရေအေးကွင်းရပ်ကွက်၊ အမှတ်(၅)ဈေးမြောက်ဘက်၊ တောင်ကြီးမြို့။ Ph:081-2121615, Fax:081-2121627, email:dtptaunggyi@gmail.com |
| (၉) | ရှမ်းပြည်နယ်(အရှေ့ပိုင်း) | ရပ်ကွက်(၁)၊ နောင်ရေး၊ ကျိုင်းတုံမြို့။ Fax:084-21034,Ph:084-21034 |
| (၁၀) | ရှမ်းပြည်နယ်(မြောက်ပိုင်း) | အမှတ်(၉)၊ လေယာဉ်ကွင်းလမ်း၊ ထပရတပ်ရင်း(၆၂၆)နှင့် မျက်နှာချင်းဆိုင်၊ လားရှိုးမြို့။ Fax:082-23493,Ph:082-23039 |
| (၁၁) | ကချင်ပြည်နယ် | ဘားအံမြို့။ Fax:058-21666,Ph:058-21041 |
| (၁၂) | တနင်္သာရီတိုင်းဒေသကြီး | ကမ်းနားလမ်း၊ ဆိပ်ငယ်ရပ်ကွက်၊ မြိတ်မြို့။ Fax:059-41012,Ph:059-41012 |
| (၁၃) | ကချင်ပြည်နယ် | အမှတ်(၁၉၉)၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့။ Fax:074-22459,Ph:074-22459 |
| (၁၄) | ကယားပြည်နယ် | (၈/၉)လမ်းကြား၊ ကန္တာရဝတီလမ်းနှင့် သီရိဒေါလမ်းကြား၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့။ Fax:083-2221005,Ph:083-2221005 email : docakayah@gmail.com |
| (၁၅) | မွန်ပြည်နယ် | အမှတ်(၇)၊ အောက်လမ်းမကြီး၊ ဘိုကုန်းရပ်၊ မော်လမြိုင်မြို့။ Fax:057-2024809, Ph:057-2024318 |
| (၁၆) | စစ်ကိုင်းတိုင်းဒေသကြီး | သာစည်လမ်း၊ ဒေါနဖြံ့ရပ်၊ မီးရထားသံလမ်းနှင့် ပိုလ်ချုပ်ကြေးရပ်ကြား၊ မုံရွာမြို့။ Fax : 071-23630, Ph:071-23630,22924 |

# ဒေသထွက်ကုန် သီးနှံများ



မန္တလေးတိုင်းဒေသကြီးအတွင်း စိုက်ပျိုးထွက်ရှိသော သီးနှံများကို စုစည်းဖော်ပြပေးလိုက်သည်။

## ပဲတီစိမ်း

ကျောက်ဆည်ခရိုင်တွင် ပဲတီစိမ်း(ဆောင်း)ကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ကျောက်ဆည်မြို့နယ်တွင် ၃၆၂၀ ဧကနှင့် မြစ်သားမြို့နယ်တွင် ၁၁၇၉ ဧက၊ စုစုပေါင်း ၄၇၉၉ ဧက စိုက်ပျိုးနိုင်ကြောင်း သက်ဆိုင်ရာဌာန၏စာရင်းများအရ သိရှိရသည်။ ပဲတီစိမ်းမျိုးအနေဖြင့် ကျောက်စိမ်းမျိုး၊ ရေဆင်း၁၁ မျိုးများကိုသာ အများဆုံးစိုက်ပျိုးကျပြီး တစ်ဧကလျှင် မျိုးစေ့ ၅-၆ ပြီ ခန့်ကုန်ကျကြောင်း၊ မျိုးဈေးနှုန်းအနေဖြင့် တစ်ပြီလျှင် ကျပ် ၅၀၀၀ နှုန်းဖြင့် ဝယ်ယူစိုက်ပျိုးရပြီး တစ်ဧကကုန်ကျစရိတ်အနေဖြင့် မျိုး၊ သွင်းအားစု၊ လုပ်သားခ၊ စုစုပေါင်း ကျပ် ၃၀၀၀၀၀ ဝန်းကျင် ကုန်ကျကြောင်း သိရှိရသည်။

ပဲတီစိမ်း(ဆောင်း)ကို အောက်တိုဘာနှင့် နိုဝင်ဘာလများတွင် စိုက်ပျိုးကြပြီး ယခုအချိန်တွင် ပဲတီစိမ်းများအားလုံးနီးပါး ရိတ်သိမ်းပြီးဖြစ်သည်။ အထွက်နှုန်းအနေဖြင့် တစ်ဧကလျှင် ၁၀-၁၂ တင်းခန့် ထွက်ရှိကြောင်း၊ ပဲတီစိမ်းဈေးနှုန်းအနေဖြင့် ကျောက်ဆည်ပွဲရုံများ၌ ပဲတီစိမ်းတစ်တင်းလျှင် ကျပ် ၅၂၀၀၀ ဈေးနှုန်းများဖြင့် အရောင်းအဝယ်ဖြစ်နေပြီး တစ်ဧကအကျိုးအမြတ်အနေဖြင့် ကျပ် ၂၂၀၀၀၀ ဝန်းကျင်ခန့်ရရှိကြောင်းသိရှိရသည်။

## နှမ်း

ကျောက်ဆည်ခရိုင်တွင် နွေနှမ်းများ စတင်စိုက်ပျိုးလျက်ရှိသည်။ ၂၀၂၃ ခုနှစ်အတွက် ကျောက်ဆည်ခရိုင်တွင် နွေနှမ်းလျာထားစိုက်ဧက ၃၉၇၀၃ ဧက စိုက်ပျိုးနိုင်ရန် လျာထားချက်ရှိကြောင်း သက်ဆိုင်ရာဌာန၏စာရင်းများအရ သိရှိရသည်။ ယခုမတ်လဆန်းမှစ၍ ဆည်ရေသောက် လယ်မြေဧကများတွင် နှမ်းကြဲရေများ လွှတ်ပေးသဖြင့် နွေနှမ်းများကို တောင်သူများ စတင်စိုက်ပျိုးလျက်ရှိသည်။ နွေနှမ်းစိုက်ပျိုးမှုအနေဖြင့် တစ်ဧကလျှင် မျိုး၊ သွင်းအားစု၊ လုပ်သားခ စုစုပေါင်း ကျပ် ၂၆၀၀၀၀ ဝန်းကျင်ခန့်ကုန်ကျကြောင်းသိရှိရသည်။ စိုက်ပျိုးသော နှမ်းအမျိုးအစားများမှာ နှမ်းဖြူ၊ နှမ်းညို၊ နှမ်းနက်မျိုးများကို အများဆုံးစိုက်ပျိုးကြသည်။ နှမ်းဈေးနှုန်းများအနေဖြင့် ယခုလက်ရှိပေါက်ဈေးမှာ နှမ်းဖြူတစ်တင်းလျှင် ကျပ် ၁၀၈၀၀၀၊ နှမ်းနက်ရိုးရိုးတစ်တင်းလျှင် ကျပ် ၈၁၀၀၀၊ နှမ်းနက်စမုံတစ်တင်းလျှင် ကျပ် ၈၀၀၀၀၊ နှမ်းညိုတစ်တင်းလျှင် ကျပ် ၈၁၀၀၀ ဈေးနှုန်းများဖြင့် အရောင်းအဝယ်ဖြစ်နေပြီး ယခုလက်ရှိ နှမ်းဆီတစ်ပိဿာလျှင် ကျပ် ၁၂၀၀၀ ဖြင့် ရောင်းဝယ်လျက်ရှိသည်။ နှမ်းဈေးနှုန်းများ ကောင်းမွန်သော ကြောင့် နှမ်းစိုက်ပျိုးသော တောင်သူများ ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးလာကြသည်ကို တွေ့ရှိရသည်။

## ကြက်သွန်နီ

မိတ္ထီလာဈေးကွက်တွင် ယခုမတ်လ ဒုတိယပတ်အတွင်း ကြက်သွန်နီဈေးနှုန်း မြင့်တက်လာသကဲ့သို့ နယ်ဝေးတင်ပို့မှုတွင်လည်း နယ်မြေ ကျယ်ပြန့် လာကြောင်း သိရသည်။ ယခင်က ရန်ကုန်၊ ပဲခူးသို့ ပုံမှန်တင်ပို့နေပြီး မော်လမြိုင်၊ မြဝတီတို့မှာ ဈေးကွက်အဝယ်ရှိမှသာ တင်ပို့ကြောင်း၊ ယခုအခါ တာချီလိတ်နယ်မှ အဝယ်လိုက်လာကြောင်း သိရသည်။

မတ်လ ဒုတိယပတ်အတွင်း မိတ္ထီလာမှ ရန်ကုန်သို့ ကုန်ချိန် တန် ၅၀ ခန့်၊ ပဲခူးသို့ တန် ၂၀ ခန့်၊ မော်လမြိုင်သို့ ၁၄ တန်ခန့်နှင့် ယခုတစ်ပတ်မှစ၍ တာချီလိတ်သို့ ကုန်ချိန် တန် ၅၀ ခန့် တင်ပို့နိုင်ခဲ့ကြောင်း သိရသည်။

နယ်လက်အဝယ်လိုက်သဖြင့် ကြက်သွန်နီဈေးမှာ လက်ကားဈေးတစ်ပိဿာလျှင် ယခင်အပတ် ကျပ် ၉၀၀ မှ ၉၂၅ ရှိခဲ့ပြီး ယခုတစ်ပတ် ကျပ် ၁၀၀၀ မှ ၁၁၀၀ သို့ ဈေးမြင့်လာကြောင်း သိရသည်။

## မန်ကျည်း

မန်ကျည်းပင်သည် အပူပိုင်းဆန်သော အညာဒေသတွင် အများအားဖြင့် အလေ့ကျပေါက်သော နှစ်ရှည်ပင်တစ်မျိုးဖြစ်သည်။ မန္တလေးတိုင်းဒသကြီး မိတ္ထီလာ၊ မလှိုင်၊ သာစည်၊ ဝမ်းတွင်းမြို့နယ်များရှိ ကျေးရွာများတွင် အလေ့ကျပေါက်လျက်ရှိသည်။ မန်ကျည်းပင်သည် ငါးနှစ်သားအရွယ်မှစသီးပြီး နိုဝင်ဘာလတွင် အသီးကင်းစတင်ပြီး ဖေဖော်ဝါရီလတွင် မန်ကျည်းမှည့်ပေါ်သည်။

မန်ကျည်းမှည့်သည် ဘက်စုံအသုံးဝင်၍ ဈေးကွက်ရှိသဖြင့် ကုန်သည်ပွဲစားများမှ အပင်ပြတ် ကြိုတင်ဝယ်ယူခြင်း၊ အစေ့ပါ (သို့မဟုတ်) အစေ့မပါ ဈေးနှုန်းများဖြင့် မိတ္ထီလာ၊ မလှိုင် ကုန်သည်များမှ ဝယ်ယူကြပြီး ပဲခူး၊ ရန်ကုန်မြို့များသို့ တင်ပို့ကြသည်။ ယခုမတ်လတွင် ဈေးကွက်အတွင်း ဖြစ်ပေါ်နေသော မန်ကျည်းမှည့်ဈေးနှုန်းမှာ အစေ့ပါတစ်ပိဿာလျှင် ကျပ် ၁၃၀၀ နှင့် အစေ့မပါ တစ်ပိဿာလျှင် ကျပ် ၄၀၀၀ ဈေးဖြင့် ရောင်းချလျက်ရှိကြောင်း ယခင်လနှင့် နှိုင်းယှဉ်လျှင် ဈေးနှုန်းအနည်းငယ် ပြန်လည်မြင့်တက်လာကြောင်း သိရှိရသည်။

## ခရမ်းချဉ်သီး

ကျောက်ဆည်မြို့နယ်အတွင်းရှိ တောင်သူများသည် စပါး၊ ပဲ၊ ပြောင်း၊ နှမ်း၊ ငရုတ်စသည့် သီးနှံများကို အဓိကထား စိုက်ပျိုးလျက်ရှိရာ ယခုအခါ ကုန်စိမ်းသီးနှံဖြစ်သောခရမ်းချဉ်သီးကိုလည်း တစ်နိုင်တစ်ပိုင်မှသည် စီးပွားဖြစ်စိုက်ပျိုးလာကြသည်ကို တွေ့ရသည်။ ခရမ်းချဉ်သီး စိုက်ပျိုးမည်ဆိုလျှင် မျိုးစေ့ကို မြေသားဘောင် ပြုလုပ်၍ ပျိုးထောင်ပြီး တစ်လကျော် တစ်လခွဲသားအချိန်တွင် စိုက်ပျိုးနိုင်ပြီး စတင်စိုက်ပျိုးသည်မှ နှစ်လကျော်အချိန်တွင် အသီးများ စတင်ခူးဆွတ်နိုင်၍ ၄-၅ ရက်ခြား တစ်ကြိမ်ခူးဆွတ်ရကြောင်း၊ စတင်ခူးဆွတ်ချိန်တွင် တစ်ဧကလျှင် ပိဿာချိန် ၃၀-၄၀ ဝန်းကျင်ထွက်ရှိပြီး တစ်ပတ်ထက်တစ်ပတ် အထွက်နှုန်း ပိုမိုလာကာ အများဆုံးထွက်ရှိသောအချိန်တွင် ပိဿာချိန် ၂၅၀-၃၀၀ ဝန်းကျင် ထွက်ရှိကြောင်း သိရှိရသည်။ ခရမ်းချဉ်သီး စိုက်ပျိုးရာတွင် တစ်ဧကကုန်ကျစရိတ်အနေဖြင့် ပျိုးထောင်ခြင်း၊ မြေပြင်ခြင်း၊ ရေတင်ခြင်း၊ သွင်းအားစု၊ လုပ်သားခ၊ စုစုပေါင်း ကျပ် ၈၀၀၀၀၀-၉၀၀၀၀၀ ခန့်ကုန်ကျကြောင်း၊ စတင်ခူးဆွတ်သည်မှ သုံးလကျော်အထိ ခူးဆွတ်နိုင်ကြောင်း၊ ကုန်စိမ်းသီးနှံဖြစ်သည့်အတွက် ဈေးနှုန်းအတက်အကျရှိကြောင်း၊ ထွက်ရှိလာသော ခရမ်းချဉ်သီးများကို လက်လီရောင်းချမှုရှိသလို အထွက်နှုန်းများပြားလာပါက ကုန်စိမ်းဒိုင်များသို့ သွားရောက်ရောင်းချကြောင်း သိရသည်။ ယခုအချိန်တွင် ခရမ်းချဉ်သီး တစ်ပိဿာလျှင် ကျပ် ၁၂၀၀-၁၃၀၀ အထိ ရောင်းချရသောကြောင့် ဈေးကောင်းရရှိနေပြီး ရာသီသိမ်းသည်အထိ တစ်ဧက အကျိုးအမြတ်အနေဖြင့် ကျပ် ၁၀-၁၃ သိန်းဝန်းကျင်ရရှိသောကြောင့် ခရမ်းချဉ်သီးစိုက် တောင်သူများ ပျော်ရွှင်ဝမ်းသာလျက်ရှိပြီး တိုးချဲ့စိုက်ပျိုးသင့်သော သီးနှံတစ်မျိုးဖြစ်ကြောင်း ခရမ်းချဉ်သီးစိုက်တောင်သူတစ်ဦး၏ ပြောပြချက်အရ သိရှိရသည်။

## ဝါသီးနှံ

ဝါသီးနှံကို မိုးကြိုရာသီ၊ မိုးရာသီနှင့် မိုးနှောင်းရာသီများတွင် စိုက်ပျိုးလေ့ရှိသည်။ မိုးကြိုရာသီတွင် ဖေဖော်ဝါရီလလယ်မှ ဇွန်လကုန်အတွင်း စိုက်ပျိုးကြပြီး မိုးရာသီတွင် မေလလယ်မှ ဇွန်လကုန်အတွင်း စိုက်ပျိုး၍ မိုးနှောင်းရာသီတွင် ဇူလိုင်လမှ ဩဂုတ်လလယ်အတွင်း စိုက်ပျိုးလေ့ရှိကြသည်။ အပင်သန်မာ ဖြစ်ထွန်းရန်နှင့် ဝါအထွက်နှုန်းကောင်းစေရန်အတွက် ထယ်ရေးနက်နက်နှင့် ထွန်ရေးညက်ညက်ကောင်းအောင် လုပ်ဆောင်ပေးရမည်ဖြစ်သည်။

ဝါစိုက်ပျိုးထားရှိမှုအနေဖြင့် မြင်းခြံခရိုင်ချုပ်တွင် ယခင်နှစ် (၂၀၂၁-၂၀၂၂)မှာ ဝါစိုက်ဧက ပေါင်း ၁၇၈၈၃ ဧက စိုက်ပျိုးခဲ့ပြီး ရာသီဥတုကောင်းမွန်သဖြင့် စိုက်ဧကအားလုံး ရိတ်သိမ်းနိုင်ခဲ့ပါသည်။ တစ်ဧကပျမ်းမျှအထွက်နှုန်းအနေဖြင့် ၃၃၂ ဒသမ ၈၇ ပိဿာဖြင့်ပိဿာပေါင်း ၅၉၅၂၆၉၂ ပိဿာထွက်ရှိခဲ့သည်။ ယခုနှစ် ၂၀၂၂-၂၀၂၃ တွင် ဝါစိုက်ဧကမှာ ၂၀၄၉၂ ဧကတွင် ဧကအားလုံး ရိတ်သိမ်းခဲ့ပြီး အထွက်နှုန်းမှာ ၃၅၈ ဒသမ ၇ ပိဿာနှုန်းဖြင့် အထွက်ပိဿာပေါင်း ၇၃၅၀၇၃၀ ပိဿာခန့် ထွက်ရှိခဲ့ကြောင်း သက်ဆိုင်ရာဌာန၏စာရင်းများအရသိရှိရသည်။

မြို့နယ်များအနေဖြင့် ဝါစိုက်ပျိုးထားရှိမှုမှာ မြင်းခြံမြို့နယ်တွင် စိုက်ဧက ၈၇၇၃ ဧကတွင် ဧကအားလုံးရိတ်သိမ်းခဲ့ပြီး တစ်ဧကပျမ်းမျှအထွက်နှုန်းမှာ ၄၈၄၈ ဒသမ ၅၀ ပိဿာဖြင့် အထွက်ပိဿာပေါင်း ၃၉၃၄၇၉၀ ပိဿာ၊ တောင်သာမြို့နယ်တွင် စိုက်ဧက ၅၀၇၄ ဧကတွင် ဧကအားလုံးရိတ်သိမ်းခဲ့ပြီး အထွက်နှုန်းမှာ ၂၆၃ ဒသမ ၈၂ ပိဿာဖြင့် ပိဿာပေါင်း ၁၃၃၈၆၁၁ ပိဿာ၊ နွားထိုးကြီးမြို့နယ်တွင် စိုက်ဧက ၆၆၄၅ ဧကတွင် ဧကအားလုံးရိတ်သိမ်းခဲ့ပြီး အထွက်နှုန်းမှာ ၃၁၂ ဒသမ ၆၂ ပိဿာဖြင့် ပိဿာပေါင်း ၂၀၇၇၃၉၂ ပိဿာထွက်ရှိခဲ့ကြောင်း သိရှိရပါသည်။ မြင်းခြံခရိုင်အနေဖြင့် ဝါစိုက်ပျိုးမှုတွင် ယခုနှစ်မှာ ယခင်နှစ်ထက် စိုက်ဧက ၂၆၀၉ ဧက ပိုမိုစိုက်ပျိုးနိုင်ခဲ့ပြီး အထွက်ပိဿာချိန်မှာလည်း ၁၃၉၈၀၃၈ ပိဿာ ပိုမိုထွက်ရှိခဲ့သည်။

မြင်းခြံခရိုင်အတွင်း ချည်မျှင်ရှည်ဝါအမျိုးအစားကို အများဆုံးစိုက်ပျိုးထုတ်လုပ်ရောင်းဝယ်ကြပြီး ယခင်နှစ် ဝါတစ်ပိဿာလျှင် ကျပ် ၁၅၂၅ မှ ၁၆၅၀ ဝန်းကျင်များဖြင့် ရောင်းဝယ်ခဲ့ကြောင်း သိရှိရသည်။ ယခုနှစ် ဝါတစ်ပိဿာလျှင် ကျပ် ၂၇၀၀ မှ ၃၀၀၀ ဝန်းကျင်ဖြင့် ရောင်းဝယ်လျက်ရှိကြောင်းနှင့် ဈေးကွက်အနေဖြင့် ထွက်ရှိသော ဝါဂွမ်းများကို မန္တလေး၊ မြစ်သား၊ မလှိုင် စသည့်မြို့များသို့ တင်ပို့ရောင်းချကြပြီး မြင်းခြံခရိုင်အတွင်းမှာလည်း လက်ရက်ကန်းလုပ်ငန်းများမှ ဝယ်ယူ၍ချည်ထည်များ ထုတ်လုပ်ရန်အတွက် ဝယ်ယူကြကြောင်း ဝါကုန်သည်တစ်ဦး၏ ပြောကြားမှုအရ သိရှိရသည်။

မိတ္ထီလာခရိုင်တွင် ၂၀၂၂-၂၀၂၃ခုနှစ်တွင် ဝါစိုက်ဧက ၃၂၈၆၇၄၊ ရိတ်သိမ်းဧက ၃၁၈၆၇၃ အထွက် ၁၂၄၀၈၄၇ ပိဿာ ထွက်ရှိကြောင်း၊ လက်ရှိ မတ်လအတွင်း ဖြစ်ပေါ်နေသော ဝါဈေးနှုန်းမှာ တစ်ပိဿာလျှင် ကျပ် ၃၀၀၀၊ ဝါဂွမ်းဈေးနှုန်းမှာ တစ်ပိဿာလျှင် ကျပ် ၇၃၀၀ ဈေးရှိပြီး ယခင် ဖေဖော်ဝါရီလအတွင်း ဝါဈေးနှုန်းမှာ တစ်ပိဿာလျှင် ကျပ် ၃၃၀၀၊ ဝါဂွမ်းတစ်ပိဿာလျှင် ကျပ် ၇၃၀၀ ဈေးရှိသည်။ ယခင်လနှင့်နှိုင်းယှဉ်လျှင် ဝါတစ်ပိဿာလျှင် ကျပ် ၃၀၀ ခန့် ဈေးအနည်းငယ် ကျဆင်းပြီး ဝါဂွမ်းဈေးနှုန်း တည်ငြိမ်လျက်ရှိသည်။လာမည့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင်လည်း မိုးကြိုဝါ စိုက်ပျိုးရာတွင် အထွက်နှုန်း ကောင်းမွန်သည့် အာမို B-31 စပ်မျိုးဝါများကို မိတ္ထီလာခရိုင်တွင် စိုက်ဧက ၈၀၀ စိုက်ပျိုးမည်ဖြစ်ရာ လိုအပ်သည့် မျိုးစေ့များကို အခမဲ့ပေးအပ်ထားကြောင်း စိုက်ပျိုးရေးဦးစီးဌာနမှ သိရှိရသည်။

**မြို့ရိုး၊ စိုးမင်းထွန်း၊ သူဇာမိုး၊**
**နှင်းလဲ့လဲ့၊ မော်မော်အောင်၊ သင်းသင်းမြတ်**

## မတ်လ ပဲတင်ပို့မှု

မတ် ၄ ရက်မှ ၁၇ ရက်အထိ ပင်လယ်ရေကြောင်းကုန်သွယ်မှုနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ ပဲတီစိမ်း၊ ပဲစင်းငုံနှင့် မတ်ပဲ စုစုပေါင်းတန်ချိန် ၁၀၆၉၂၀ ကျော် တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

### ပဲတီစိမ်း

ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ ပဲတီစိမ်းတင်ပို့မှုတန်ချိန် ၅၆၆၂၀ ကျော်မှ တန်ဖိုးအမေရိကန်ဒေါ်လာ ၃၇ ဒသမ ၇၆၅ သန်း၊ မြန်မာ-တရုတ်နယ်စပ်မှ တင်ပို့မှုတန်ချိန် ၁၁၅၇၀ ကျော်မှ တန်ဖိုးအမေရိကန်ဒေါ်လာ ၈ ဒသမ ၁၉၇ သန်းဖိုးရရှိခဲ့သည်။ ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ မလေးရှား၊ ထိုင်း၊ ဗီယက်နမ်၊ တရုတ်နှင့် စင်ကာပူနိုင်ငံများသို့ အများဆုံး တင်ပို့ခဲ့သည်။

### ပဲစင်းငုံ

ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ ပဲစင်းငုံတင်ပို့မှုတန်ချိန် ၁၇၂၀၀ ကျော်မှ တန်ဖိုး ၁၃ ဒသမ ၆၁၇ သန်း ဝင်ငွေရရှိခဲ့သည်။

### မတ်ပဲ

ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ မတ်ပဲတင်ပို့မှုတန်ချိန် ၂၁၂၀၀ ကျော်မှ တန်ဖိုး အမေရိကန်ဒေါ်လာ ၁၆ ဒသမ ၅၄၅ သန်း၊ မြန်မာ-ထိုင်းနှင့် မြန်မာ-တရုတ်နယ်စပ်ကုန်သွယ်မှုများမှ မတ်ပဲ တန်ချိန် ၃၀၀ ကျော် တင်ပို့မှုမှ တန်ဖိုးအမေရိကန်ဒေါ်လာ သုညဒသမ ၃၁၉သန်းရရှိခဲ့သည်။ မတ်လဆန်းမှ လတစ်ဝက်အတွင်း ပဲတီစိမ်း၊ ပဲစင်းငုံ နှင့် မတ်ပဲစုစုပေါင်း တင်ပို့မှုတန်ချိန် ၁၀၆၉၂၀ ကျော် ရှိကြောင်း သိရသည်။ CJ





# ဈေးကွက်ဝင် နာမည်ရ စစ်ကိုင်းဂစ်တာ

## သန်းသန်းတင်(မုံရွာ)

စစ်ကိုင်းဂစ်တာလုပ်ငန်းကို အိမ်တွင်းလက်မှု လုပ်ငန်းအဖြစ် ၁၉၇၄ ခုနှစ်မှစ၍ မိရိုးဖလာ လက်ဆင့်ကမ်းအမွေအဖြစ် ခံယူပြီး ဦးကျော်သိန်းက မောင်ကျော်သိန်း ဂစ်တာ နာမည် အမှတ်တံဆိပ်ဖြင့် တစ်ဦးတည်းစတင်ထုတ်လုပ်ခဲ့ရာ စစ်ကိုင်းအိုးဟု မြန်မာတစ်နိုင်ငံလုံးတွင် ထင်ပေါ်ကျော်ကြားခဲ့သည်။ မိရိုးဖလာအမွေအဖြစ် မျိုးဆက်သစ်များက ဆက်လက်ထိန်းသိမ်းခဲ့ပြီး လေ့လာသင်ကြား စူးစမ်းထုတ်လုပ်ခဲ့ကြသဖြင့် ၁၉၉၀ ပြည့်နှစ် နောက်ပိုင်းမှစ၍ ဆန်းသစ်တီထွင်မှုများနှင့်အတူ နိုင်ငံတကာအဆင့်မီ ကြိုးတပ်တူရိယာပစ္စည်းမျိုးစုံ ထုတ်လုပ်နိုင်ခဲ့ကြသည်။

ဈေးကွက်ကျယ်ကျယ်ပြန့်ပြန့်ချဲ့ထွင်နိုင်ခဲ့ရာ ဝယ်လိုအားပေါ် မူတည်၍ ထုတ်လုပ်မှုအား မြင့်တက်စေရန် စက်မှုလက်မှုတွဲဖက်ပြီး ထုတ်ကုန်တိုးတက်စေရန် အားထုတ်ပြုလုပ်ခဲ့သည်။ ၂၀၁၀ ပြည့်နှစ်နောက်ပိုင်းတွင် အရည်အသွေးမီ တူရိယာပစ္စည်းမျိုးစုံ ထုတ်လုပ်နိုင်ခဲ့သောကြောင့် ခိုင်မာသော ဈေးကွက်ရရှိသည်ဟု သိရှိရသည်။ စစ်ကိုင်းမြို့တွင် ဂစ်တာလုပ်ငန်း လုပ်ကိုင်သူ ၂၀ ခန့်ရှိသည်။ လုပ်ငန်းရှင် တစ်ဦးလျှင် လုပ်သားအင်အားသုံးဦးမှ ၁၂ ဦးထိ အလုပ်အကိုင် အခွင့်အလမ်းများ ပေးနိုင်ပြီး လုပ်သားတစ်ဦးလျှင် တစ်ရက်လုပ်အားခ ကျပ် ၅၀၀၀ မှ ၁၀၀၀၀ ကြားရရှိကြောင်း သိရသည်။

ဂစ်တာထုတ်လုပ်ရန်အတွက် အသုံးပြုသည့် ကုန်ကြမ်းများမှာ အထပ်သား၊ သစ်သား (ကျွန်း၊ အခြားအသား)၊ ကီး၊ ကြိုး၊ ဘားနှင့် ဆက်စပ်အသုံးပြုသည့် ကုန်ကြမ်းများမှာ သံထည်၊ အသားထည်များကို လိုအပ်သော ဂစ်တာပုံစံ(မို)၊ ကော်မျိုးစုံဖြစ်သည့် စူပါကော်၊ အမြှုပ်ကော်၊ အသားကပ်ကော်တို့ဖြစ်သည်။ ကုန်ကြမ်းပစ္စည်းများကို မန္တလေး အထပ်သားစက်ရုံမှ ဝယ်ယူပြီး၊ ကီး၊ ကြိုး၊ ဘားနှင့် ရှေ့၊ နောက်တုံးများအား တရုတ်နိုင်ငံမှထွက်ရှိသည့် ပစ္စည်းများကို ဝယ်ယူအသုံးပြုကြောင်း သိရှိရသည်။

### ဂစ်တာထုတ်လုပ်ပုံအဆင့်ဆင့်

ဂစ်တာထုတ်လုပ်ရာတွင် အသုံးပြုပစ္စည်းများဖြစ်သော သံထည်၊ အသားထည်များဖြင့် လိုအပ်သော ဂစ်တာပုံစံ(မိုပုံစံ)များကို ဦးစွာထုတ်လုပ်သည်။ သုံးထပ်သားကို တစ်ထပ်ခွာ၍ မိုထဲတွင် ထည့်ပြီး ဂစ်တာပုံစံပြုလုပ်သည်။ ခွဲထားသော သုံးထပ်သားကို ဂစ်တာပုံစံ (မို) ထဲတွင် ထည့်၍ ကော်ဖြင့်ပြန်ကပ်ပြီး သုံးထပ်သား ဂစ်တာပုံဖြစ်အောင် ပြုလုပ်ရသည်။ ဂစ်တာရှေ့ဖုံး၊ နောက်ဖုံး ဖုံးနိုင်ရန်အတွက် တန်းများထည့်၍ (မို)မှ ထုတ်ယူရသည်။ မိုဖြင့် ပြုလုပ်သော အထပ်သား ဂစ်တာပုံများကို လက်တံတပ်ဆင်ခြင်း၊ လက်ဖတ်(ခေါ်)ဖလက်ပြား(Finger board)ကပ်ခြင်း၊ အဝိုင်းဖောက်ခြင်း၊ ကီးဖောက်ခြင်း၊ ကော်ဖတ်စားခြင်း၊ ဖလက်ပြား လက်ကွက်များချခြင်း၊ စိတ်ခြင်း၊ ဆေးသုတ်ခြင်း၊ ဆေးမှုတ်ခြင်း၊ လိုင်းဆွဲခြင်း၊ အရောင်တင်ခြင်း၊ ဘရိတ်ခုံတပ်ဆင်ခြင်း၊ ကီးကြိုးတပ်ဆင်ခြင်း၊ နောက်ဆုံး ထုပ်ပိုးခြင်းအထိ အဆင့်ဆင့် ပြုလုပ်ရသည်။

### ထုတ်လုပ်မှုပမာဏ

ဂစ်တာထုတ်လုပ်ခြင်းကို လုပ်ငန်းရှင်များသည် ကုန်ကြမ်းများ ဝယ်ယူစုဆောင်းထားပြီး တစ်နှစ်ပတ်လုံး ထုတ်လုပ်ကြသည်။ တစ်လထုတ်လုပ်နိုင်မှုမှာ လုပ်ငန်းရှင်တစ်ဦးလျှင် ပျမ်းမျှ ဂစ်တာ အလုံး ၈၀၀ ခန့်ထုတ်လုပ်နိုင်ပြီး အော်ဒါမှာယူမှုရှိပါက ဂစ်တာသာမက တယော၊ မယ်ဒလင်၊ ဘင်ဂျို၊ လျှပ်စစ်ဂစ်တာ အမျိုးမျိုးတို့ကို ထွင်းအိုး၊ ကော်ကပ်၊ All solid အထူးပြုလုပ်ထားသော ဂစ်တာ၊ အဆင့်မြင့် ထင်းရှူးဂစ်တာများ ပြုလုပ်ပေးနိုင်ကြောင်း သိရသည်။

### ဈေးကွက်နှင့် ဈေးနှုန်း

ဒေသတွင်း ဈေးကွက်နှင့် မန္တလေး၊ ရန်ကုန်၊ ကချင်၊ ကရင်၊ ရှမ်း မြန်မာပြည်အနှံ့အပြားသို့ တင်ပို့ရောင်းချကြသည်။ ပြည်ပဈေးကွက်အနေဖြင့် အိန္ဒိယ၊ တရုတ်၊ ထိုင်းနိုင်ငံများသို့ တင်ပို့ ရောင်းချရကြောင်း သိရသည်။ လက်လီ/ လက်ကား ဈေးနှုန်းများမှာ ဂစ်တာတစ်လုံးလျှင် အနိမ့်ဆုံး ကျပ် ၃၅၀၀၀ မှ ကျပ်နှစ်သိန်းထိရှိပြီး ထွင်းအိုးမှာ ကျပ် သုံးသိန်းထိ ပေါက်ဈေးရှိကြောင်း သိရှိရသည်။

### ဂစ်တာသင်တန်း

ဂစ်တာလုပ်ငန်းရှင်အချို့သည် ဂစ်တာထုတ်လုပ်သည့် လုပ်ငန်းအပြင် ဂစ်တာတီးခတ်သည့် သင်တန်းများဖွင့်လှစ်၍ ဝါသနာရှင် လူငယ်လေးများကို အတတ်သင် သုံးလပြတ် သင်တန်းကြေး ကျပ်ကိုးသောင်းဖြင့် သင်ကြားပေးလျက်ရှိသည်။

### အကြံပြုတင်ပြချက်

ဂစ်တာရောင်းဝယ်မှုဈေးကွက်သည် ပြည်တွင်းဈေးကွက် သာမက ပြည်ပနိုင်ငံများသို့လည်း ကျယ်ကျယ်ပြန့်ပြန့် တင်ပို့ရောင်းချနိုင်ရေးအတွက် နည်းပညာအကူအညီများရရှိပြီး နိုင်ငံတကာဈေးကွက်ဝေစုရရှိရန် လိုအပ်သည်။ လုပ်ငန်းရှင်များအနေဖြင့် ကုန်ကြမ်းများကို ဝယ်ယူစုဆောင်းရ၍ အရင်းအနှီးငွေကြေးများ လိုအပ်သဖြင့် နိုင်ငံတော်မှ အတိုးနှုန်းသက်သာသော ချေးငွေများပံ့ပိုးပေးခြင်းဖြင့် လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ပြီး အလုပ်အကိုင် အခွင့်အလမ်းများ ပိုမိုတိုးတက်လာမည် ဖြစ်ပါကြောင်း လုပ်ငန်းရှင်များ ကိုယ်စားတင်ပြလိုက်ရပါသည်။



## ပြည်ပဆန်ဈေးနှုန်းများ

၂၂-၃-၂၃ မှ ၂၈-၃-၂၀၂၃ ထိ ပြည်ပဆန်ဈေးနှုန်း FOB-YGN

| စဉ် | အမျိုးအမည် | ဈေးနှုန်း | မှတ်ချက် |
|---|---|---|---|
| 1 | Myanmar Long Grain White Rice 5% Broken (Well Milled Double Polished Sortexed) | 470 - 485 | |
| 2 | Myanmar Long Grain White Rice 10% Broken (Well Milled Double Polished Sortexed) | 470 - 475 | |
| 3 | Myanmar Long Grain White Rice 15% Broken (Well Milled Double Polished Sortexed) | 465 - 470 | |
| 4 | Myanmar Long Grain White Rice 20% Broken (Well Milled Double Polished Sortexed) | 460 - 465 | |
| 5 | Myanmar Long Grain White Rice 25% Broken (Well Milled Double Polished Sortexed) | 455 - 460 | |
| 6 | Myanmar Long Grain White Rice 5% Broken (Reasonable Well Milled) | 465 - 470 | |
| 7 | Myanmar Long Grain White Rice 10% Broken (Reasonable Well Milled) | 460 - 465 | |
| 8 | Myanmar Long Grain White Rice 15% Broken (Reasonable Well Milled) | 455 - 460 | |
| 9 | Myanmar Long Grain White Rice 25% Broken (Reasonable Well Milled) | 450 - 455 | |
| 10 | Myanmar Long Grain White Rice (Kayinma) 5% Broken(Well Milled Double Polished Sortexed) | 500 - 510 | |
| 11 | Myanmar Long Grain White Rice (Kayinma) 10% Broken(Well Milled Double Polished Sortexed) | 490 - 500 | |
| 12 | Myanmar Long Grain White Rice (Kayinma) 15% Broken(Well Milled Double Polished Sortexed) | 480 - 490 | |
| 13 | Myanmar Long Grain White Rice (Kayinma) 25% Broken(Well Milled Double Polished Sortexed) | 470 - 480 | |
| 14 | Myanmar White Rice (Sin Thu Kha) 5% Broken (Well Milled Double Polished Sortexed) | 480 - 490 | |
| 15 | Myanmar White Rice (Sin Thu Kha) 10% Broken (Well Milled Double Polished Sortexed) | 475 - 480 | |
| 16 | Myanmar White Rice (Sin Thu Kha) 15% Broken (Well Milled Double Polished Sortexed) | 470 - 480 | |
| 17 | Myanmar White Rice (Sin Thu Kha) 25% Broken (Well Milled Double Polished Sortexed) | 455 - 460 | |
| 18 | Myanmar White Rice Nga Sein Yarkyaw 5% Broken (Well Milled Double Polished Softexed) | 500 - 510 | |
| 19 | Myanmar White Rice Nga Sein Yarkyaw 10% Broken (Well Milled Double Polished Softexed) | 490 - 500 | |
| 20 | Myanmar White Rice Nga Sein Yarkyaw 15% Broken (Well Milled Double Polished Softexed) | 480 - 490 | |
| 21 | Myanmar White Rice Nga Sein Yarkyaw 25% Broken (Well Milled Double Polished Softexed) | 460 - 465 | |
| 22 | Myanmar White Rice Tun Pu(or)Bike Phyu 5% Broken (Well Milled Double Polished Sortexed) | 500 - 510 | |
| 23 | Myanmar White Rice Tun Pu(or)Bike Phyu 10% Broken (Well Milled Double Polished Sortexed) | 490 - 500 | |
| 24 | Myanmar White Rice Tun Pu(or)Bike Phyu 15% Broken (Well Milled Double Polished Sortexed) | 480 - 490 | |
| 25 | Myanmar White Rice Tun Pu(or)Bike Phyu 25% Broken (Well Milled Double Polished Sortexed) | 470 - 480 | |
| 26 | Myanmar Parboiled Rice (Kayinma) 5% Broken (Well Milled Double Polished Sortexed) | 540 - 550 | |
| 27 | Myanmar Parboiled Rice (Kayinma) 10% Broken (Well Milled Double Polished Sortexed) | 530 - 540 | |
| 28 | Myanmar Long Grain Parboiled Brown Rice 5% Broken | 460 - 470 | |
| 29 | Myanmar Long Grain Parboiled Rice 5% Broken (Well Milled Double Polished Sortexed) | 540 - 550 | |
| 30 | A-1 , 2 (Sortexed) | 420 - 425 | |
| 31 | B-1 , 2 (Sortexed) | 410 - 420 | |
| 32 | B-1,2 (Non-Sortexed) | 395 - 405 | |

Source : မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်

### ရန်ကုန်သီရိမင်္ဂလာဈေးရှိ သစ်သီးဝလံဈေးနှုန်းများ

| စဉ် | သစ်သီးအမျိုးအမည် | ၁၇-၃-၂၀၂၃ ဈေးနှုန်း(လုံး/ကျပ်) | ၂၄-၃-၂၀၂၃ ဈေးနှုန်း(လုံး/ကျပ်) | မှတ်ချက် |
|---|---|---|---|---|
| ၁ | ဖရဲသီး | ၃၅၀၀-၆၀၀၀ | ၄၀၀၀-၇၀၀၀ | ၂၄-၃-၂၀၂၃ နေ့တွင် ရန်ကုန်သီရိမင်္ဂလာဈေးသို့ ဝင်ရောက်သည့် သစ်သီးဝလံ ဟင်းသီးဟင်းရွက် ကုန်ဝိသာချိန် ခန့်မှန်း ၂၇၅၀၀၀ ဝင်ရောက်ကြောင်း သိရှိရသည်။ ကုန်ဈေးနှုန်းများ အနေနှင့် နယ်စုံမှ ဝင်ရောက် လာသော ကုန်ပစ္စည်း အနည်း အများပေါ် မူတည်၍ ဈေးနှုန်း အနည်းငယ် အတက်အကျ ရှိနိုင်ကြောင်း ဈေးများဌာနမှ သိရှိရသည်။ |
| ၂ | ကျွဲကောသီး | ၁၆၀၀-၃၀၀၀ | ၁၅၀၀-၃၀၀၀ | |
| ၃ | ထောပတ်သီး | ၅၀၀-၈၀၀ | ၅၀၀-၈၀၀ | |
| ၄ | လိမ္မော်သီး | ၂၅၀-၃၅၀ | ၂၅၀-၃၅၀ | |
| ၅ | သရက်သီး | ၄၀၀-၁၈၀၀ | ၃၀၀-၁၆၀၀ | |
| ၆ | သဘော်သီး | ၁၀၀၀-၂၅၀၀ | ၁၃၀၀-၂၅၀၀ | |
| ၇ | နာနတ်သီး | ၄၀၀-၆၀၀ | ၄၀၀-၆၀၀ | |

# ပို့ကုန်လိုင်စင်များကို အလိုအလျောက်စစ်ဆေးထုတ်ပေးသွားမည့် Tradenet 2.0 စနစ်

**ရည်ရည်မွန် (နည်းပညာ)**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာနမှ ကုန်သွယ်မှုလုပ်ငန်းများ လွယ်ကူလျင်မြန်စေရေးကို အထောက်အကူပြုစေရန် ပို့ကုန်သွင်းကုန်လိုင်စင် ပါမစ်လုပ်ငန်းများ အပါအဝင် ကုန်သွယ်မှုဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများ အားလုံးကို အင်တာနက်ရရှိသည့် မည်သည့်နေရာမှမဆို အွန်လိုင်းမှလျှောက်ထားထုတ်ယူနိုင်သော Myanmar Tradenet 2.0 စနစ်အား ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာ ၁ ရက်နေ့မှ စတင်ဆောင်ရွက်ခဲ့သည်။

Tradenet 2.0 စနစ်မှ ပို့ကုန်သွင်းကုန်လိုင်စင် ပါမစ်များနှင့် ဆက်စပ်လုပ်ငန်းများကို ခွင့်ပြုထုတ်ပေးရာတွင် အွန်လိုင်းစနစ်ဖြင့် လျှောက်ထားခြင်း၊ ထုတ်ပေးခြင်း၊ ငွေပေးချေခြင်း၊ ဆက်စပ်ဌာနများသို့ အချက်အလက်များ ချိတ်ဆက်ပေးပို့ခြင်း/ရယူခြင်းများကို ဆောင်ရွက်နိုင်ပြီဖြစ်သော်လည်း စနစ်အတွင်း ရောက်ရှိလာသည့် လိုင်စင်အချက်အလက်များကို စစ်ဆေးခြင်း၊ အတည်ပြုခြင်း လုပ်ငန်းစဉ်များစနစ်မှ အလိုအလျောက် စစ်ဆေးထုတ်ပေးနိုင်မည့် စနစ်သို့ မကြာမီကာလအတွင်း အဆင့်မြှင့်တင်ဆောင်ရွက်သွားမည်ဖြစ်သည်။

အဆင့်မြှင့်တင်ခြင်း၏ ပထမအဆင့်အနေဖြင့် Automatic HS သတ်မှတ်ထားသော ပို့ကုန်ပစ္စည်းများအား စနစ်မှ အလိုအလျောက် စိစစ်ထုတ်ပေးသွားမည်ဖြစ်ပြီး သွင်းကုန်အပိုင်းကိုပါ အဆင့်လိုက်ခွင့်ပြု ထုတ်ပေးသွားမှာဖြစ်သည်။ စနစ်မှအလိုအလျောက် စိစစ်ထုတ်ပေးရာတွင် အရေးပါသည့် ကုန်ပစ္စည်း အမျိုးအမည် (Description)၊ ကုန်ပစ္စည်းအမျိုးအမည် အသေးစိတ် (Additional Description)၊ ဈေးနှုန်း (Price) စသည်တို့ကို သတ်မှတ် Criteria နှင့် ကိုက်ညီမှု ရှိ/မရှိစိစစ်၍ လိုင်စင်ခွင့်ပြုပေးသွားမည်ဖြစ်သည်။

ဒုတိယအဆင့်အနေဖြင့် သွင်းကုန်ပစ္စည်းများအတွက် ခွဲတမ်း (Quota) လျှောက်ထားခြင်း လုပ်ငန်းများကို ရုံးသို့ လူကိုယ်တိုင်လာရောက်ရန်မလိုဘဲ Tradenet 2.0 စနစ်မှ လျှောက်ထားနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်သည်။ သက်ဆိုင်ရာကုမ္ပဏီအလိုက် ခွင့်ပြုချက်ရရှိသည့် Quota အရေအတွက်နှင့် လိုင်စင်လျှောက်ထားမှုကို စနစ်မှ အလိုအလျောက်စစ်ဆေးပြီး ခွင့်ပြုလက်ကျန် စိစစ်ထုတ်ပေးနိုင်သည့်အဆင့်ထိ ဆောင်ရွက်ပေးသွားမှာဖြစ်သည်။

ယခုလိုဆောင်ရွက်ရာမှ စနစ်မှ အလိုအလျောက် စိစစ်ထုတ်ပေးမည့် ကုန်ပစ္စည်းများ (Automatic လိုင်စင်လျှောက်ထားမှု)နှင့် ဌာနမှ စိစစ်ထုတ်ပေးမည့်ကုန်ပစ္စည်းများ(Non-Automatics လိုင်စင်လျှောက်ထားမှု)များအဖြစ် ခွဲခြားခွင့်ပြုပေးမည် ဖြစ်ပါသည်။ ကုန်ပစ္စည်း HS Code များကိုလည်း လက်ရှိအသုံးပြုနေသည့် AHTN (ASEAN Harmonized Tariff Nomenclature) 2017 Version မှ AHTN 2022 Version သို့ ၂၀၂၃ ခုနှစ် ဧပြီ ၁ ရက်မှစ၍ ပြောင်းလဲအသုံးပြုသွားမည်ဖြစ်သည်။

Automatic လိုင်စင်လျှောက်ထားမှုအပိုင်းကို စတင်ဆောင်ရွက်ရာမှာ ပို့ကုန်လိုင်စင်ကုန်ပစ္စည်းများနှင့် စတင်ခွင့်ပြုပေးမှာဖြစ်ပြီး လုပ်ငန်းရှင်များဘက်က လျှောက်ထားရာမှာ အောက်ပါအတိုင်း အဆင့်ငါးဆင့်ဖြင့် ဆောင်ရွက်ရပါမည်-

(၁) ပို့ကုန်သွင်းကုန်လုပ်ငန်းရှင် မှတ်ပုံတင်၏ အချက်အလက်များ မှန်ကန်မှု ရှိ/မရှိ စစ်ဆေးရမည်၊

(၂) လျှောက်ထားမည့်ကုန်ပစ္စည်း (HS 10 Digit)သည် Automatic (or) Non-Automatic ရွေးချယ်ရပါမည်၊ (Automatic, Non-Automatic HS သတ်မှတ်မှုများကို စနစ်၏ Search HS Code တွင် ကြိုတင်ကြည့်ရှုနိုင်သည်)

(၃) လျှောက်ထားလိုသည့် HS Code(10 Digits)ရွေးချယ်သည် နှင့် ၎င်း HS Code နှင့် သက်ဆိုင်သည့် Description ကို တွေ့ရှိရမည်ဖြစ်သည်။ ကုန်ပစ္စည်းအမျိုးအမည် အသေးစိတ် ထည့်သွင်းရန်အတွက် Additional Description တွင် လျှောက်ထားမည့် ကုန်ပစ္စည်းအမျိုးအမည်များကို ရွေးချယ်ရမှာဖြစ်ပါသည်။ (အကယ်၍ လျှောက်ထားလိုသော ကုန်ပစ္စည်း အမျိုးအမည်များ ပါဝင်ခြင်းမရှိပါက Request HS Additional Description ဖြင့် ဌာနသို့ ပေးပို့ရမည်။ ဌာနမှ အဆိုပါ ကုန်ပစ္စည်းအား စိစစ်၍ စနစ်အတွင်း ထပ်မံထည့်သွင်းပေးမည်ဖြစ်သည်)။ Unit နှင့် ပတ်သက်၍ လျှောက်ထားသူသည် Unit ကိုရွေးချယ်ရန်မလိုဘဲ လျှောက်ထားသည့် HS 10 Digits တွင် သတ်မှတ်ထားသော Unit ဖြင့်သာ လျှောက်ထားရပါမည်။ ဈေးနှုန်းထည့်သွင်းရာတွင်လည်း စနစ်မှသတ်မှတ်ထားသည့် ဈေးနှုန်းအောက်သို့ လျှော့၍ လျှောက်ထားပါက စနစ်မှသတိပေးချက် (Alert)ဖော်ပြမည်ဖြစ်ပြီး ကျန်ရှိသည့် Step များကို ဆက်လက်သွား၍ ရမည်မဟုတ်ပါ။

(၄) ဌာနသို့တင်ပြရသော အထောက်အထား စာရွက်စာတမ်းများ အနက် Automaitc License များအတွက် ကုန်ပို့လွှာ (Proforma Invoice) တစ်ခုသာလျှင် ထည့်သွင်းရမည်။ (သက်ဆိုင်ရာဌာနများ၏ လိုင်စင်ဆိုင်ရာထောက်ခံချက် (OGA Reference No) ထည့်သွင်းပေးရန် မလိုပါ)

(၅) လိုင်စင်အကြမ်းအဆင့်သို့ ရောက်ရှိပြီး အချက်အလက်များကို ထပ်မံစစ်ဆေးကာ (Re-Check) ပြည့်စုံပါက တင်ပြခြင်း (Submit) ပြုလုပ်ရမည်ဖြစ်ပါသည်။ အဆိုပါ လိုင်စင်အချက်အလက်များအား စနစ်မှ အလိုအလျောက်စိစစ်ပြီး ခွင့်ပြုချက် (Approve)ရရှိမည်ဖြစ်ကာ Online Payment စနစ်ဖြင့် ငွေပေးချေ၍ လိုင်စင်ထုတ်ယူနိုင်မည်ဖြစ်ပါသည်။ (ကျန်လုပ်ငန်းစဉ်များမှာ ယခင်အတိုင်း ဆက်လက်ဆောင်ရွက်ရမည်ဖြစ်ပါသည်)

Automatic စနစ်ဖြင့် ဆောင်ရွက်ထားသော လိုင်စင်နှင့် ပတ်သက်၍ ပြင်ဆင်(Amendment)ခြင်း၊ ပြင်ဆင်ပိတ်သိမ်း သို့မဟုတ် အမှန်တင်ပြင်ဆင် (Actual Amendment)ခြင်းနှင့် အပ်နှံ/ပိတ်သိမ်း (Cancel) ခြင်းတို့ကိုလည်း စနစ်မှအလိုအလျောက် (Auto) ခွင့်ပြုပါမည်။ Automatic စနစ်ဖြင့် ခွင့်ပြုထားသည့် လိုင်စင်များ၏ သက်တမ်းကို သုံးလသတ်မှတ်ထားသည်။

Tradenet 2.0 စနစ်မှ Automatic စနစ်ဖြင့် ရရှိထားသော ပင်လယ်ရေကြောင်း/နယ်စပ်ပို့ကုန် လိုင်စင်များအနက် နယ်စပ်ပို့ကုန်လိုင်စင်ပါမစ်များနှင့်ပတ်သက်၍ Vehicle Monitoring System ၌ QR Code ပါဝင်သည့် ကုန်ပစ္စည်း သယ်ဆောင်ခွင့်လက်မှတ်အား Online မှ လျှောက်ထားထုတ်ယူနိုင်ပါသည်။ နယ်စပ်ကုန်သွယ်မှု လမ်းကြောင်းတစ်လျှောက်ရှိ သက်ဆိုင်ရာဂိတ်အသီးသီးသို့ ရောက်ရှိပါက မိမိ၏ကုန်ပစ္စည်းသယ်ဆောင်ခွင့် လက်မှတ်အား စစ်ဆေးရေးတာဝန်ခံ(Inspector)ထံသို့ တင်ပြရမည်ဖြစ်သည်။ စစ်ဆေးရေးတာဝန်ခံအနေဖြင့် QR Code ပါဝင်သည့် ကုန်ပစ္စည်းသယ်ဆောင်ခွင့်လက်မှတ်ကို Tracking Mobile App အသုံးပြု၍ အချက်အလက်များကို တိုက်ဆိုင်စစ်ဆေး၍ ပို့ကုန်ယာဉ်များအား ဖြတ်သန်းခွင့်ပြုသွားမည်ဖြစ်သည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကုန်သည်လုပ်ငန်းရှင်များအတွက် ကုန်သွယ်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပိုမိုလွယ်ကူ မြန်ဆန်စွာ ဆောင်ရွက်နိုင်စေရေးအတွက် ယခုလို ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ပြီး အွန်လိုင်းမှ လုပ်ငန်းစဉ်များ အပြည့်အဝ ဆောင်ရွက်နိုင်ခြင်း၊ ဌာနမှစိစစ်ရသည့် ကိစ္စရပ်များကိုလည်း ဝန်ထမ်းမှစိစစ်ရန်မလိုဘဲ စနစ်မှအလို အလျောက်စိစစ်ပေးနိုင်မှာဖြစ်သဖြင့် ကုန်သွယ်မှုလုပ်ငန်းစဉ်များ ပိုမိုလျင်မြန်ချောမွေ့စေမည်ဖြစ်သည်။

ကုန်သည်လုပ်ငန်းရှင်များဘက်ကလည်း သတိပြုလိုက်နာဆောင်ရွက်ရမည့် စည်းကမ်းချက်များကို အပြည့်အဝ လိုက်နာဆောင်ရွက်ဖို့လည်း လိုအပ်မည်ဖြစ်သည်။ ဥပမာအားဖြင့် ယခင်က ကုန်သည်လုပ်ငန်းရှင်များ ဖြည့်သွင်းထားသည့် အချက်အလက်များတွင် လိုအပ်ချက်၊ မှားယွင်းမှုများရှိပါက ဌာနဝန်ထမ်းများဘက်က စိစစ်ပြီး ပြန်လည်ပြင်ဆင်တင်ပြနိုင်သော်လည်း ယခုအခါတွင် စနစ်မှ စစ်ဆေးခြင်းဖြစ်သည့်အတွက် လုပ်ငန်းရှင်များဘက်က အချက်အလက် ပြည့်စုံမှန်ကန်အောင် ဖြည့်သွင်းဆောင်ရွက်ရန် လိုအပ်မည်ဖြစ်သည်။

ထို့ပြင် ခွင့်ပြုသည့် လိုင်စင်များကိုလည်း စနစ်အတွင်းမှ အချိန်မီ ထုတ်ယူရန်လည်း လိုအပ်မည်ဖြစ်သည်။ ပို့ကုန်သွင်းကုန်လိုင်စင်/ပါမစ် လျှောက်ထားမှုများနှင့်ပတ်သက်၍ သတ်မှတ်ရက်အတွင်း (ဌာနမှခွင့်ပြုပြီး ခုနစ်ရက်အတွင်း) ထုတ်ယူခြင်းမပြုပါက အောက်ပါအတိုင်း ဒဏ်ကြေးကောက်ခံသွားမည်ဖြစ်ပြီး ပို့ကုန်သွင်းကုန်နှင့်ပတ်သက်သည့် သတင်းလွှာအမှတ်စဉ် (၅/၂၀၂၃)ဖြင့်လည်း ထုတ်ပြန်အသိပေးခဲ့ပြီးဖြစ်သည်-

(က) ၇ ရက်မှ ၁၄ ရက်အတွင်း - ၄၅၀၀၀ ကျပ်

(ခ) ၁၅ ရက်မှ ၃၀ ရက်အတွင်း - ၉၀၀၀၀ ကျပ်

(ဂ) ဒုတိယ(၁)လအတွက် (ရက် ၃၀) - ၁၈၀၀၀၀ ကျပ်

(ဃ) တတိယ(၁)လအတွက် (ရက် ၃၀) - ၃၆၀၀၀၀ ကျပ်

ရက် ၉၀ ကျော်လွန်သည့် လိုင်စင်/ပါမစ်များကို စနစ်မှ အလိုအလျောက်ပယ်ဖျက်(Auto Cancel) ဆောင်ရွက်သွားပါမည်။ ထိုသို့ Auto Cancel ဖြစ်စဉ်ကို သုံးလအတွင်း ငါးကြိမ်ဖြစ်ပါက ယင်းကုမ္ပဏီ၏ ပို့ကုန်သွင်းကုန် လုပ်ငန်းရှင်မှတ်ပုံတင် လက်မှတ်အား ခြောက်လ ယာယီရပ်ဆိုင်းသွားမည်ဖြစ်သည်။

သွင်းကုန်ပိုင်းတွင် ပလတ်စတစ်စေ့/ကော်စေ့၊ ပလတ်စတစ်ကုန်ကြမ်း၊ စားသောက်ကုန်နှင့် သံ/သံမဏိ စသည့် ကုန်ပစ္စည်းအုပ်စုများအား ခွဲတမ်း (Quota)သတ်မှတ်ခြင်းလုပ်ငန်းများကို ၂၀၂၃ ခုနှစ်၊ မေလအတွင်း Tradenet 2.0 စနစ်တွင် ဆောင်ရွက်သွားမှာဖြစ်သည့်အတွက် အဆိုပါလုပ်ငန်းများနှင့်ပတ်သက်၍ ကုန်သည်လုပ်ငန်းရှင်များ သိသင့်သိထိုက်သော အချက်အလက်များကို ဆက်လက်ဖော်ပြပါမည်။

# မူဆယ်မြို့နယ် နမ့်အွမ်သကြားစက်ရုံ သကြားထုတ်လုပ်မှု အခြေအနေ

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့နယ် နမ့်အွမ်သကြားစက်ရုံ၏ စက်လည်ပတ်မှုအခြေအနေမှာ ကိုဗစ်ကာလအတွင်း စက်လည်ပတ်မှု ယာယီပိတ်ထားပြီး ၂၀၂၃ ခုနှစ်တွင် ကိုဗစ်ဖြစ်ပွားမှု လျော့နည်းလာသောကြောင့် သကြားစက်ပြန်လည် လည်ပတ်ခဲ့ကြောင်းသိရသည်။ ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် စက်စတင်လည်ပတ်ခဲ့ပြီး ၂၀၂၃ ခုနှစ် ဇန်နဝါရီလတွင် တန်ချိန် ၃၂၀၀၀၊ သကြားအထွက်နှုန်း ၁၀ ဒသမ ၂ ရာခိုင်နှုန်း၊ သကြားအထွက်တန်ပေါင်း ၃၂၆၄ ဒသမ ၁၅ တန်ထွက်ရှိကြောင်း၊ ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလ ကြံတန်ချိန် ၅၃၆၀၀ တန်၊ သကြား အထွက်နှုန်း ၁၀ ဒသမ ၄ ရာခိုင်နှုန်း ထွက်ရှိကြောင်း၊ ဇန်နဝါရီလမှ ဖေဖော်ဝါရီလထိ သကြားအထွက် ၅၅၇၄၄ တန် ထွက်ရှိကြောင်း၊ ၂၀၂၃ခုနှစ် မတ်၁၆ ရက်ထိသာ စက်လည်ပတ်ခဲ့ကြောင်း သိရှိရသည်။

နမ့်အွမ်သကြားစက်ရုံသည် ကုန်ကြမ်းကြံ တစ်ရက်လျှင် တန် ၁၄၀၀ ကြိတ်ဝါးနိုင်ကြောင်း၊ တစ်လအတွင်းမှာ ကြံတန် ၁၅၀၀၀၀ အထိ ကြိတ်ဝါးနိုင်ကြောင်း၊ နမ့်အွမ်သကြားစက်ရုံသည် ကြံစိုက်တောင်သူများအပေါ်တွင် မြေသြဇာ၊ ပိုးသတ်ဆေး အကြွေးစနစ်ဖြင့် ပံ့ပိုးပေးပြီး ကြံပေါ်ချိန် ကြံဖိုးမှ ပြန်လည်ဖြတ်တောက်ကြောင်း၊ ကြံခင်းအသစ်စိုက်ပျိုးသည့် တောင်သူများကို တစ်ဧကလျှင် မြန်မာငွေကျပ် ၁၀၅၀၀၀၀ ပေးပြီး အကြွေးစနစ်ဖြင့် ပံ့ပိုးပေးပြီး ကြံပေါ်ချိန် ကြံဖိုးမှ ပြန်လည်ဖြတ်တောက်ကြောင်း၊ ကြံစက်ရုံရှိသည့်အတွက် ကြံတောင်သူများလည်း အားကိုးအားထားရာ နေရာဖြစ်ကြောင်း ကြံစိုက်တောင်သူများ ပြောကြားချက်အရ သိရှိရသည်။

မူဆယ်မြို့နယ်အတွင်းရှိ နမ့်အွမ်ကျေးရွာတစ်ဝိုက်၌ ယခင်နှစ်တွင် ကြံဧက ၁၀၀၀၀ စိုက်ပျိုးခဲ့ကြောင်း၊ ယခုနှစ်တွင် အကြောင်းအမျိုးမျိုးကြောင့် ကြံဧက ၇၀၀၀ ခန့်သာ စိုက်ပျိုးခဲ့ကြောင်း ယခုနှစ်တွင် ကြံဧက အနည်းငယ် လျော့နည်းကြောင်း သိရှိရသည်။

နမ့်အွမ်သကြားစက်ရုံသည် တရုတ်ပြည်ဘက်သို့သကြားတင်ပို့ရာတွင် လက်ရှိအခြေအနေသည် တရုတ်နိုင်ငံဘက်မှ သကြား ဝယ်လက်နည်းနေသောကြောင့် လာမည့်နှစ်တွင် ရှမ်းပြည်နယ် (တောင်ပိုင်း) ဟိုပုန်းမြို့သို့ စက်ရုံပြောင်းရွှေ့မည့် အခြေအနေရှိသည်ဟု နမ့်အွမ်သကြားစက်ရုံမှူး၏ ပြောပြချက်အရသိရသည်။

**မိုင်းငိုမြင့်ဝန်း(Doca muse)**

# ဆီလီကွန်ဗယ်လီဘဏ် ပြိုကွဲမှုနှင့် ဆိုးသွမ်းသံသရာ

ထွန်းသက်ထွန်း




အမေရိကန်၏ အဆင့် (၁၆) ရှိ Silicon Valley ဘဏ်နှင့် အဆင့်(၃၂) ရှိ Signatura ဘဏ်တို့၏ ပြိုကွဲမှုသည် တစ်ကမ္ဘာလုံးဆိုင်ရာ စတော့ဈေးကွက်နှင့် ငွေကြေးဈေးကွက်တို့ကို သွယ်ဝိုက်၍ ထိခိုက်စေခဲ့သည်။ အချို့က ဤကိစ္စသည် စနစ်ကြီးတစ်ခုလုံးကို ထိခိုက်စေနိုင်လောက်သည်အထိ ပျံ့နှံ့နိုင်ခြင်း ၊ ၂၀၀၈ ခုနှစ်ကမ္ဘာ့ စီးပွားရေးအကျပ်အတည်းကဲ့သို့ ဖြစ်ပေါ်နိုင်ခြင်း မရှိဟု သုံးသပ်ကြသည်။

Lehman Brothers ဘဏ် ဒေဝါလီခံယူမှုအတွက် အကာအကွယ်ပေးရေးအစီအစဉ်များ ကြေညာသည့်အချိန်တွင် ယင်းဘဏ်၏ ကြွေးမြီမှာ အမေရိကန်ဒေါ်လာ ၆၁၃ ဘီလီယံအထိ မြင့်မားခဲ့ပြီး အမေရိကန် Treasury နှင့် အမေရိကဘဏ်တို့မှ ဝယ်ယူမှုအစီအစဉ်များကို ရုတ်ခြည်းစွန့်လွှတ်ခဲ့ရသည်။ နောက်ဆက်တွဲ တုံ့ပြန်မှုများအဖြစ် တစ်ကမ္ဘာလုံးဆိုင်ရာ ဘဏ္ဍာရေးအကျပ်အတည်းကို စတင်ဖြစ်ပေါ်ခဲ့သည်။ နှိုင်းယှဉ်ကြည့်လျှင် Silicon Valley ဘဏ်၏ ကြွေးမြီသည် Lehman Brothers နှင့် နှိုင်းယှဉ်ပါက လွန်စွာနည်းပါးပါသည်။

Lehman Brothers ဒေဝါလီခံယူခဲ့စဉ်က S&P500 အညွှန်းကိန်းမှာ တစ်လအတွင်းတွင်ပင် ၂၃ ရာခိုင်နှုန်းအထိ နိမ့်ကျသွားခဲ့ကာ ၂၀၀၇ ခုနှစ် အောက်တိုဘာလမှ ၂၀၀၉ ခုနှစ် မတ်လအတွင်း ၅၆ ရာခိုင်နှုန်းအထိ ကျဆင်းခဲ့ရသည်။ ရုရှား၊ တရုတ်၊ စင်ကာပူ၊ ဟောင်ကောင်နှင့် ထိုင်ဝမ်အစရှိသည့် တစ်ဒါဇင်မျှသော နိုင်ငံများ၏ စတော့ဈေးကွက်များတွင် အဆိုပါကာလအတွင်း ၄၀ ရာခိုင်နှုန်းမှ ၇၂ ရာခိုင်နှုန်းအထိ ကျဆင်းသွားခဲ့ရသည်။ ၂၀၀၉ ခုနှစ်တွင် ဖွံ့ဖြိုးတိုးတက်ပြီးနိုင်ငံများ၏ GDP တိုးတက်မှုနှုန်းမှာ ပျမ်းမျှအားဖြင့် ၃ ဒသမ ၃ ရာခိုင်နှုန်း ကျဆင်းခဲ့သည်။

Silicon Valley ဘဏ်သည် ၁၉၈၃ ခုနှစ်တွင် စတင်ထူထောင်ခဲ့ပြီး အမေရိကန်ဘဏ်လောကတွင် အရေးပါသည့်နေရာမှ ရပ်တည်ခဲ့သည်။ ၎င်း၏အဓိကဖောက်သည်များမှာ စွန့်စားရင်းနှီးငွေ venture capital ရှာဖွေလိုသူများနှင့် တည်ထောင်စ အိုင်စီတီ နည်းပညာကုမ္ပဏီများဖြစ်ပြီး ဘဏ်မပြိုလဲမီအချိန်အထိ သင့်တင့်မျှတသည့် ကြွေးမြီအဆင့်အတန်း credit rating ရှိသည့် ဘဏ်တစ်ခုဖြစ်သည်။ ၂၀၂၂ ခုနှစ်အကုန်တွင် ဆီလီကွန်ဘဏ်၏ စုစုပေါင်းအပ်နှံငွေမှာ ဒေါ်လာ ၁၇၀ ဘီလီယံကျော်အထိ ရှိလာပြီး ၂၀၂၀ ခုနှစ် start up ချေးငွေများမစတင်မီ သုံးနှစ်အတွင်း ဘဏ်အပ်နှံငွေများ ဆက်တိုက်မြင့်တက်လာခဲ့ခြင်းဖြစ်သည်။

ဆီလီကွန်ဘဏ်၏ ချေးငွေနှုန်းထားသည် တိုးတက်လာသည့် ဘဏ်အပ်နှံငွေ အတိုးနှုန်းအောက်တွင်သာ ရှိနေသည့်အတွက် ဘဏ်အတွက်လိုအပ်သည့် ရင်းနှီးငွေအပေါ် ပြန်ရနှုန်း Return on investment (ROI) မရရှိနိုင်ပါ။ သို့အတွက် ဘဏ်စီမံခန့်ခွဲမှုအဖွဲ့အနေဖြင့် ပိုလျှံအပ်နှံငွေ ဒေါ်လာ ၈၀ ဘီလီယံကို အပေါင်ပစ္စည်း ကျောထောက်နောက်ခံပြု ငွေချေးသက်သေခံလက်မှတ် mortgage-backed-securities (MBS) များဝယ်ယူခဲ့သည်။ သို့ရာတွင် ယင်းဝယ်ယူရင်းနှီးမြှုပ်နှံမှု၏ တစ်နှစ် ပျမ်းမျှပြန်ရနှုန်းမှာ ၁ ဒသမ ၅၆ ရာခိုင်နှုန်းသာရှိပါသည်။

အမေရိကန်ဗဟိုဘဏ်၏ စံအတိုးနှုန်း သတ်မှတ်ချက် သုည ဒသမ ၂၅ မှ သုည ဒသမ ၅ ရာခိုင်နှုန်းရှိစဉ်က ဤ ၁ ဒသမ ၅၆ ရာခိုင်နှုန်း အတိုးနှုန်းမှာ လက်တွေ့ကျသော်လည်း ကံအကြောင်းမလှစွာ ရုရှား-ယူကရိန်း စစ်ပွဲကြောင့် ဖြစ်ပေါ်လာသည့် ငွေဖောင်းပွမှုနှုန်းကို ကုစားရန် အမေရိကန်ဗဟိုဘဏ်က အတိုးနှုန်းကို ၄ ဒသမ ၇၅ ရာခိုင်နှုန်းသို့ မြှင့်တင်ခဲ့သည်။ ယင်းကြောင့် MBS ကို ရေရှည်ကိုင်ဆောင်ထားသူများသည် အနည်းဆုံး ၃ ရာခိုင်နှုန်း အရှုံးနှင့်ရင်ဆိုင်ရမည်ဖြစ်ပြီး ယင်းမှာ ဘဏ္ဍာရေးလုပ်ငန်းအတွက် ကြီးမားသော ထိုးနှက်ချက်တစ်ခုဖြစ်သည်။

ဗဟိုဘဏ် Fed ၏ ပြင်းထန်သောမူဝါဒသည် ချေးယူစရိတ်များ တစ်ဟုန်ထိုးတက်လာပြီး ဆီလီကွန်ဘဏ်၏ ကော်ပိုရိတ်ဖောက်သည် အများအပြားမှာ ဆိုးရွားစွာ ထိခိုက်ခံခဲ့ရသည်။ လွန်ခဲ့သည် လနည်းငယ်အတွင်းက Amazon, Google, Meta နှင့် Microsoft ကုမ္ပဏီများတွင် စုစုပေါင်း ဝန်ထမ်း ၅၁၀၀၀ အလုပ်ဖြုတ်ခဲ့ပြီး venture fund များနှင့် start-up ကုမ္ပဏီများ၏ လုပ်ငန်းများအနေဖြင့် များစွာရုန်းကန်ခဲ့ရသည်။

ဆီလီကွန်ဘဏ်၏ ဖောက်သည်များအနေဖြင့် ပြင်းထန်သည့် ရန်ပုံငွေအကျပ်အတည်းကို စတင်ကြုံတွေ့ရပြီး လက်တွေ့မဆန်သော ငွေချေးစာချုပ်အများအပြား ရင်းနှီးမြှုပ်နှံထားသည့် ဘဏ်တွင်အပ်နှံထားသည့် ငွေများကို အလျင်အမြန်ထုတ်ယူရန် အတင်းအကျပ် ဖိအားပေးခံခဲ့ရသည်။ အဆိုပါအကျပ်အတည်းကို ရင်ဆိုင်ဖြေရှင်းရန် ဆီလီကွန်ဘဏ်သည် ၎င်း၏ရင်းနှီးမြှုပ်နှံမှုအစုစုမှ ဒေါ်လာ ၂၁ ဘီလီယံတန်ဖိုးရှိ ငွေတိုက်စာချုပ်များကို သက်တမ်းမစေ့မီ ရောင်းချခဲ့သည်။ သို့သော် ၎င်းသည် ပထမသုံးလပတ်တွင် အခွန်ဆောင်ပြီးနောက် ဒေါ်လာ ၁ ဒသမ ၈ ဘီလီယံ ဆုံးရှုံးမှုဖြစ်ပေါ်ခဲ့သည်။

ဆီလီကွန်ဘဏ်၏ လုပ်ရပ်သည် ချက်ချင်းဆိုသလို ထိတ်လန့်မှုဆီသို့ ဦးတည်သွားခဲ့သည်။ အဆိုပါဆုံးရှုံးမှုသတင်း ကြေညာပြီးပြီးချင်းပင် venture capital အဖွဲ့များဖြစ်သည့် Founders Fund, Coatue Management နှင့် Union Square Ventures တို့သည် ၎င်းတို့၏ ရင်းနှီးမြှုပ်နှံသူများအား ဘဏ်မှ ရင်းနှီးမြှုပ်နှံမှု ပြန်လည်ထုတ်ယူရန် အကြံပေးခဲ့သည်။ ဘဏ်မှ ပြန်လည်ထုတ်ယူရန်တောင်းဆိုသည့် ပမာဏမှာ ဒေါ်လာ ၄၂ ဘီလီယံအထိရှိပြီး ဘဏ်၏ရှယ်ယာဈေးမှာလည်း ၆၀ ရာခိုင်နှုန်း ထိုးကျသွားခဲ့သည်။ ယင်းက အခြားအမေရိကန်ဘဏ်များကိုပါ ထိခိုက်စေခဲ့ပြီး တစ်ကမ္ဘာလုံးဆိုင်ရာ စတော့ဈေးနှုန်းနှင့် အညွှန်းကိန်းများ ဆက်တိုက်ကျဆင်းခဲ့သည်။

မတ်လ ၉ ရက်နေ့တွင် ကယ်လီဖိုးနီးယား ဘဏ္ဍာရေးကာကွယ်မှုနှင့် တီထွင်မှုဆိုင်ရာဌာနမှ ဆီလီကွန်ဘဏ်အား ငွေကြေးလုံလောက်မှု မရှိခြင်းနှင့် ကြွေးမြီပမာဏက ပိုင်ဆိုင်မှု assets ထက်ကျော်လွန်မှုများဖြင့် ပိတ်သိမ်းရန်နှင့် ပြည်ထောင်စုအပ်နှံငွေများ အာမခံကော်ပိုရေးရှင်း Federal Deposit Insurance Corporation (FDIC)အား ဘဏ်ကို လွှဲပြောင်းရယူရန် တာဝန်ပေးခဲ့သည်။

မတ်လ ၁၂ ရက်နေ့တွင် အမေရိကန်သမ္မတ Biden အုပ်ချုပ်ရေးအဖွဲ့က ဆီလီကွန်ဘဏ်တွင် အပ်နှံသူအားလုံးသည် ၎င်းတို့၏ အပ်ငွေအပြည့်အစုံကို နောက်နေ့နံနက်တွင် ထုတ်ယူနိုင်ကြောင်း ကြေညာခဲ့သည်။ အမေရိကန်ဘဏ္ဍာရေးဝန်ကြီး Janet Yellen က အမေရိကန်အစိုးရက ဤအကျပ်အတည်းကို အခြားဘဏ်များသို့ မပြန့်ပွားစေရန်နှင့် အခြေအနေကို ထိန်းချုပ်နိုင်ရန် အစွမ်းကုန်လုပ်ဆောင်မည်ဖြစ်ကြောင်း အင်တာဗျူးတစ်ခုတွင် ပြောကြားခဲ့သည်။

လက်ရှိတွင် အမေရိကန်ပြည်ထောင်စုတွင် ဘဏ်ပေါင်း ၅၁၀၀ ကျော်ရှိပြီး အားလုံးမှ ကောင်းမွန်သော အခြေအနေရှိသည်ဟု ပြော၍မရပေ။ အဆိုပါ အဆင့် ၁၆ ဘဏ် ရုတ်ခြည်းကျဆင်းသွားသောအခါတွင် ဈေးကွက်ထဲတွင် မြေမြှုပ်မိုင်းမည်မျှရှိနေနိုင်သည်ကို မည်သူမျှ မသိနိုင်ပေ။ ယုံကြည်မှု အကျပ်အတည်းနှင့် အစိုးရအပေါ် မယုံကြည်မှုသည် ရှောင်လွှဲ၍ မရနိုင်ပေ။

ဘဏ်အပေါ် ယုံကြည်မှုပျောက်ဆုံးသွားသည့် ဖောက်သည်များအနေဖြင့် ၎င်းတို့၏အပ်နှံငွေများကို ပြန်လည်ထုတ်ဖွယ်ရှိနေသည်။ သို့အတွက် ဘဏ်တွင် ငွေကြေးလုံလောက်မှုမရှိပဲ ကြွေးမြီအချိုးအစား များပြားနေသည့် ဘဏ်များအတွက် ဘဏ်အကျပ်အတည်း လှိုင်းအသစ် ဖြစ်ပေါ်နိုင်သည်ဆိုခြင်းမှာ ချဲ့ကားပြောဆိုခြင်း မဟုတ်ပါ။

အမေရိကန်ရှိ ဥပဒေထိန်းကျောင်းသူများအနေဖြင့် ဆီလီကွန်ဘဏ်ကိစ္စအား ဆောလျင်စွာ ကိုင်တွယ်ခဲ့သော်လည်း ရင်းနှီးမြှုပ်နှံသူများအနေဖြင့် domino effect ဟုခေါ်သည့် ဆင့်ကဲဖြစ်စဉ် ဖြစ်ပေါ်မည်ကို စိုးရိမ်နေကြသည်။ အကျိုးဆက်အနေဖြင့် အာရှစတော့ရှယ်ယာများသည် ပြီးခဲ့သည့် သီတင်းပတ်တွင် ၂ ရာခိုင်နှုန်း နိမ့်ကျခဲ့ပြီး အကျပ်အတည်း၏ ရွေ့ပြေးလက္ခဏာများ မြင်တွေ့ခဲ့ရသည်။

ဆီလီကွန်ဘဏ် အကျပ်အတည်းက ရေခဲတောင်၏ အစွန်အဖျားတစ်ခုသာဖြစ်သည်။ အမေရိကန်ဘဏ်များ၏ အဓိကတရားခံမှာ အချိန်တိုအတွင်း အတိုးနှုန်း သုည ဒသမ ၂၅ ရာခိုင်နှုန်းမှ ၄ ဒသမ ၇၅ အထိ မြှင့်တင်ခဲ့သော Federal Reserve မှလွဲ၍ အခြားမဟုတ်ပေ။ အကယ်၍ ဘဏ်တစ်ခုသည် အတိုး ၁ ဒသမ ၅ ရာခိုင်နှုန်းရှိသော အမေရိကန်အစိုးရ ငွေချေးစာချုပ်များကို ကိုင်ဆောင်ထားပြီး အရှုံးကိုရပ်တန့်ရန် မရောင်းချပါက ၎င်းသည် မကြာမီတွင် ဆီလီကွန်ဘဏ်၏ ခြေရာနင်းသွားနိုင်သည်။ အများစုက စတော့ဈေးနှုန်း ၆၀ ရာခိုင်နှုန်းမှ ၇၀ ရာခိုင်နှုန်းအထိ ကျဆင်းသွားခဲ့သည့် First Republic Bank နှင့် Western Alliance Bank တို့အား အဓိကထား စောင့်ကြည့်နေကြသည်။

စင်စစ် အမေရိကန်ဘဏ္ဍာရေး လုပ်ငန်းတစ်ခုတည်းသာ အကျပ်အတည်းများနှင့် ရင်ဆိုင်နေရသည် မဟုတ်ပါ။ နိုင်ငံ၏ ပြည်သူ့ကြွေးမြီပမာဏသည် ဒေါ်လာ ၃၁ ဒသမ ၄ ထရီလီယံ (အမေရိကန် GDP ၏ ၁ ဒသမ ၃၅ ဆခန့်) တက်လာခဲ့ပြီး ယင်းအနက် ၂၅ ရာခိုင်နှုန်းကို နိုင်ငံခြားတိုင်းပြည်များက ရင်းနှီးမြှုပ်နှံထားခြင်းဖြစ်သည်။ ယမန်နှစ်က အမေရိကန်ငွေတိုက်စာချုပ် အဓိကဝယ်ယူကိုင်ဆောင်ထားသည့် ဂျပန်နှင့် တရုတ်တို့သည် ၎င်းတို့ကိုင်ဆောင်ထားသည့် ပမာဏအချို့ကို ရောင်းထုတ်ကာ ကိုင်ဆောင်မှုအချိုးကို လျှော့ချခဲ့သည်။

တရုတ်အနေဖြင့် ၎င်း၏ ပိုင်ဆိုင်မှုကို ၂၀ ရာခိုင်နှုန်း (ဒေါ်လာ ၂၀၁ ဒသမ ၈ ဘီလီယံ) နှင့် ဂျပန်က ၁၉ ရာခိုင်နှုန်း (ဒေါ်လာ ၂၂၂ ဒသမ ၇ ဘီလီယံ) လျှော့ချခဲ့ပြီး ထိုင်ဝမ်နှင့် ဟောင်ကောင်တို့က ၎င်းတို့၏ပိုင်ဆိုင်မှုကို ၁၀ ရာခိုင်နှုန်းနှင့် ၁၄ ရာခိုင်နှုန်း အသီးသီးလျှော့ချခဲ့သည်။ US Treasury Bonds များ၏ ငွေဖြစ်လွယ်မှုသည် သမိုင်းတွင် အနိမ့်ဆုံးသို့ ရောက်ရှိခဲ့သည်။ အတိုးနှုန်းများ ဆက်လက်မြင့်တက်နေပါက ကြွေးမြီပြဿနာသည် ပိုမိုဆိုးရွားလာမည်ဖြစ်ပြီး ကမ္ဘာ့ဘဏ္ဍာရေးအကျပ်အတည်းအသစ်ကို ဖြစ်ပေါ်စေနိုင်မည်ဖြစ်သည်။

https://asianews.network/

# Paing Family International Co., Ltd


**Export & Import Trading Company**
**(Beans and Pulses, Sesame Seeds, Sugar)**



No. BSH 1, Hematite Shop House, Baho Road, Homi Lane Station Quarter, Sanchaung Township, Yangon, Myanmar.
Tel : +95-9-955188885, +95-9-955188886, +95-9-955188887

## မြန်မာကောင်းသုခ ကုမ္ပဏီလီမိတက်

သီးနှံစိုက်ပျိုးသောတောင်သူဦးကြီးများအတွက် အရည်အသွေးအာမခံ ပိုးသတ်ဆေး၊ မြို့သတ်ဆေး၊ ပေါင်းသတ်ဆေး၊
ရွက်ဖျန်းမြေဩဇာနှင့် ဓါတ်မြေဩဇာများကို နိုင်ငံတကာမှ တင်သွင်းဖြန့်ချိပါသည်။



**အရည်အသွေးပထမ မြန်မာကောင်းသုခ**

အမှတ် - (၉၅/အေ)၊ ကျိုက်ဝိုင်းဘုရားလမ်း၊ ရှစ်မိုင်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - ၀၁ - ၆၆၃၁၀၆၊ ၆၆၃၀၂၁



GMP Wholesale Mall
@ ကန်တော်ကလေး၊ မင်္ဂလာတောင်ညွန့်
LOCATION
SHOP AREA
FACILITIES
SUPERMARKET & SUPPORTING
PAYMENT
LOCATION
ရန်ကုန်မြို့၊ မြို့တွင်း Downtown မြို့နယ်များ၊ ဆိပ်ကမ်းများ၊ မင်္ဂလာဈေး၊ ယုဇနပလာဇာတို့နှင့် အနီးဆုံး၊ ၅မိနစ်ခန့် ကားမောင်းရသော အကွာအဝေး သာရှိသည့်အချက်အခြာကျသော နေရာ။
SHOP AREA
ကြမ်းခင်းဧရိယာ (၂၀၀)စတုရန်းပေမှ (၈၀၀)စတုရန်းပေ အထိရွေးချယ်နိုင်သည်။
လေဝင်လေထွက် ကောင်းစေရန် နှင့် မီးဘေးအန္တရာယ်ကာကွယ်ရန် ဆိုင်ခန်းအမြင့်(၂၀)ပေခန့် မြင့်ပြီး (၁၄)ပေမှ (၁၇)ပေထိ ကျယ်ဝန်းသော လျှောက်လမ်း များဖြင့်ဖွဲ့စည်းတည်ဆောက်ထားပါသည်။
ဆိုင်ခန်းတိုင်းအတွက် Hitachi အမှတ်တံဆိပ် Water-cooled chiller စံနစ်သုံး လေပေးပေးစက်စံနစ်ကိုတပ်ဆင်ပေးထားပြီး ၊ မီးဘေးအန္တရာယ် ကာကွယ်ရေးအတွက် နိုင်ငံတကာအဆင့်မီ ၊ မီးဘေးကာကွယ်ရေး စံနစ်များ၊ မီးငြိမ်းသတ်စံနစ်များ တပ်ဆင်ထားပါသည်။
လျှပ်စစ်ဓါတ်အားအတွက် ကိုယ်ပိုင်ဓါတ်အားခွဲရုံနှင့် ထရမ်စဖော်မာများ၊ အရေးပေါ်မီးစက်များ ပြည့်စုံစွာ တည်ဆောက် တပ်ဆင်ထားပါသည်။
ကုန်တင် / လူစီး ဓါတ်လှေကား (၁၃) စီးနှင့် စက်လှေကား (၂၀)စီး တပ်ဆင်ထားပါသည်။
ဈေးဝယ်သူများအတွက် မော်တော်ယာဉ် အစီး (၆၀၀) ကျော်ရပ်နားနိုင်သည့် ကားပါကင်ပါရှိပြီး မော်တော်ယာဉ်ကြီးများအတွက် ကုန်တင်ကုန်ချပြုလုပ်ရန်သီးခြားနေရာရှိပါသည်။
မြေအောက်ထပ်တွင် Supermarket ၊ စားသောက်ဆိုင်များ၊ မုန့်ဆိုင်များ၊ Beauty Salon နှင့် Pharmacy ကိုဖွင့်လှစ် သွားမည်ဖြစ်ပြီး ဆိုင်ခန်းပိုင်ရှင်များအနေဖြင့် ကုန်ပစ္စည်းများ သိုလှောင်နိုင်ရန် ပဉ္စမထပ်နှင့် ဆဋ္ဌမထပ်တွင် warehouse များကို သက်သာသောနှုန်းထားဖြင့် ငှားရမ်းပေးသွားပါမည်။
အရစ်ကျ (၂)နှစ်အထိ ပေးချေဝယ်ယူနိုင်ပြီး၊ လက်ငင်းပေးချေသူများအတွက်လည်းအထူးဈေးနှုန်းများဖြင့်ရောင်းချပေးနေပါသည်။ ဝယ်ယူပြီးတာနဲ့ အချိန်စောင့်စရာမလို အသင့်ပြင်ဆင်နိုင်ပြီ
OPENING SOON!
Contact us-
09-777 117 664 , 09-777 117 665 , 01- 653 653 Ext: 8105,8106,8125




seventyeight
UMG
ညစ်ညမ်းနေတဲ့ကြမ်းပြင်တွေကို
အမေရိကန်နိုင်ငံထုတ်
TENNANT
ကြမ်းပြင်သန့်ရှင်းရေးစက်များနဲ့ ဖြေရှင်းလိုက်ပါ
HOT LINE - 09 5057182 ,09 977 835438 ,09 977 835230
အမှတ် 592၊ ဗိုလ်အောင်ကျော်လမ်း၊ ရန်ကုန် - ပုသိမ်အဝေးပြေးလမ်းမကြီးဘေး၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့။

# COMMERCE INTERNATIONAL

# ကမ္ဘာ့ဘဏ်ကြီးအချို့ အတိုးနှုန်းများ မြှင့်တင်

အမေရိကန် Fedဗဟိုဘဏ်သည် မတ်လ တတိယပတ်က အတိုးနှုန်းကို အခြေခံပွိုင့် ၂၅ ပွိုင့် (၀. ၂၅%)အထိ မြှင့်တင်ခဲ့ကြောင်း သိရသည်။

၎င်းဘဏ်အနေဖြင့် ကိုဗစ်(၁၉)ရောဂါ ဖြစ်ပွားနေချိန်က Quantitative easing (QE) ပေါ်လစီကို ကျင့်သုံးခဲ့ပြီး ကိုဗစ်(၁၉)ရောဂါ သိသိသာသာ လျော့ကျလာသည့် ၂၀၂၂ ခုနှစ်အရောက်တွင် အတိုးနှုန်းကို မကြာခဏ ဆိုသလိုပင် မြှင့်တင်ခဲ့သည်။ ထိုသို့ မြှင့်တင်ရာတွင် ၂၀၂၂ ခုနှစ် တစ်နှစ်တည်း၌ပင် အတိုးနှုန်းကို ခုနစ်ကြိမ်အထိ တိုးခဲ့ပြီး Quantitative tightening (QT) ပေါ်လစီကို ကျင့်သုံးသည့် လမ်းကြောင်းသို့ ရောက်လာခဲ့သည်။



အမေရိကန် Fed ဗဟိုဘဏ်၏ အတိုးနှုန်း မြှင့်တင်မှုများကြောင့် ငွေကြေးဈေးကွက်တွင် ဂရက်ထခဲ့ပြီး အမေရိကန်ပြည်ထောင်စုရှိ ဘဏ်ကြီးနှစ်ဘဏ် ပြိုလဲသည်အထိ ဖြစ်ခဲ့ရသည်။

အမေရိကန် Fed ဗဟိုဘဏ်၏ အတိုးနှုန်း မြှင့်တင်မှုများနှင့်အတူ ကမ္ဘာ့နိုင်ငံအချို့ရှိ ဗဟိုဘဏ်များကလည်း အတိုးနှုန်းကို လိုက်ပါမြှင့်တင်ခဲ့ကြသည်။ ထိုသို့ အတိုးနှုန်းမြှင့်တင်ခဲ့သည့် ဘဏ်များတွင် ဆွစ်ဇာလန် ဗဟိုဘဏ်၊ ထိုင်ဝမ် ဗဟိုဘဏ်၊ နော်ဝေဗဟိုဘဏ်၊ အင်္ဂလန် ဗဟိုဘဏ်နှင့် ဖိလစ်ပိုင်ဗဟိုဘဏ်တို့ ပါဝင်လာခဲ့သည်။

ဆွစ်ဇာလန် ဗဟိုဘဏ်က အတိုးနှုန်းကို အခြေခံပွိုင့် ၅၀ အထိ တိုးမြှင့်လိုက်ပြီး ၎င်းတို့အနေဖြင့် လေးကြိမ်မြောက် အတိုးနှုန်း တိုးမြှင့်သတ်မှတ်လိုက်ခြင်းဖြစ်ကြောင်း သိရသည်။ ထို့ကြောင့် ဆွစ်ဇာလန် ဗဟိုဘဏ်၏ လက်ရှိအတိုးနှုန်းမှာ ၁ ဒသမ ၅ ရာခိုင်နှုန်းဖြစ်သည်။


ထိုင်ဝမ်ဗဟိုဘဏ်က အတိုးနှုန်းကို အခြေခံပွိုင့် ၁၂ ဒသမ ၅ ပွိုင့်အထိ တိုးမြှင့်လိုက်ပြီး ၎င်းတို့အနေဖြင့် ငါးကြိမ်မြောက် အတိုးနှုန်းတိုးမြှင့် သတ်မှတ်လိုက်ခြင်းဖြစ်ကြောင်း သိရသည်။ ထို့ကြောင့် ထိုင်ဝမ်ဗဟိုဘဏ်၏ လက်ရှိအတိုးနှုန်းမှာ ၁ ဒသမ ၈၇၅ ရာခိုင်နှုန်းဖြစ်သည်။

နော်ဝေဗဟိုဘဏ်က အတိုးနှုန်းကို အခြေခံပွိုင့် ၂၅ ပွိုင့်အထိ တိုးမြှင့်လိုက်ပြီး ၎င်းတို့အနေဖြင့် ကိုးကြိမ်မြောက် အတိုးနှုန်း တိုးမြှင့်သတ်မှတ်လိုက်ခြင်းဖြစ်ကြောင်း သိရသည်။ ထို့ကြောင့် နော်ဝေဗဟိုဘဏ်၏ လက်ရှိအတိုးနှုန်းမှာ ၃ ရာခိုင်နှုန်းသို့ပင် ရောက်ရှိနေပြီဖြစ်သည်။

အင်္ဂလန်ဗဟိုဘဏ်က အတိုးနှုန်းကို အခြေခံပွိုင့် ၅၀အထိ တိုးမြှင့်လိုက်ပြီး ၎င်းတို့အနေဖြင့် (၁၁)ကြိမ်မြောက် အတိုးနှုန်း တိုးမြှင့်သတ်မှတ်လိုက်ခြင်းဖြစ်ကြောင်း သိရသည်။ ထို့ကြောင့် အင်္ဂလန် ဗဟိုဘဏ်၏ လက်ရှိအတိုးနှုန်းမှာ ၄ ဒသမ ၂၅ ရာခိုင်နှုန်းသို့ ရောက်ရှိနေပြီ ဖြစ်သည်။ ယင်းမှာ အင်္ဂလန်တွင် ၂၀၀၈ ခုနှစ်နောက်ပိုင်း အမြင့်မားဆုံးသော အတိုးနှုန်းဖြစ်သည်။

ဖိလစ်ပိုင်ဗဟိုဘဏ်က အတိုးနှုန်းကို အခြေခံပွိုင့် ၂၅ ပွိုင့်အထိ တိုးမြှင့်လိုက်ပြီး ၎င်းတို့အနေဖြင့် ကိုးကြိမ်မြောက် အတိုးနှုန်း တိုးမြှင့်သတ်မှတ်လိုက်ခြင်းဖြစ်ကြောင်း သိရသည်။ ထို့ကြောင့် ဖိလစ်ပိုင် ဗဟိုဘဏ်၏ လက်ရှိအတိုးနှုန်းမှာ ၆ ဒသမ ၂၅ ရာခိုင်နှုန်းဖြင့် အမြင့်ဆုံးဖြစ်ကြောင်း သိရသည်။

Source; BBC



## ရွှေသိုက်ကြီးတစ်ခု တရုတ်နိုင်ငံတွင် တွေ့ရှိ

ကြီးမားသည့် ရွှေသိုက်ကြီးတစ်ခုကို မကြာမီ ရက်ပိုင်းအတွင်းက တရုတ်နိုင်ငံ၌ တွေ့ရှိခဲ့ကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ရေးသားဖော်ပြထားသည်။

တရုတ်နိုင်ငံတွင် တွေ့ရှိခဲ့သည့် အဆိုပါ ရွှေသိုက်ကြီးမှာ တန်ချိန် ၅၀ ခန့်ရှိမည်ဖြစ်ကြောင်း သိရသည်။ ယင်းရွှေသိုက်ကြီးမှာ လက်ရှိကာလ ပေါက်ဈေးအရ အမေရိကန်ဒေါ်လာ ၃ ဘီလီယံနှင့်ညီမျှကြောင်း ကျွမ်းကျင်သူများက ခန့်မှန်းထားကြသည်ဟု ဆိုသည်။

အဆိုပါ ရွှေသိုက်ကြီးကို တရုတ်နိုင်ငံအရှေ့ပိုင်း ရှန်ဒေါင်းပြည်နယ်ရှိ ရှုရှန်းကျေးလက်ဒေသတွင် တွေ့ရှိခဲ့ကြခြင်းဖြစ်သည်။ ယင်းဒေသသည် ယခင်ကတည်းကပင် တရုတ်နိုင်ငံတစ်ဝန်း၌ ရွှေအရင်းအမြစ် ပေါကြွယ်ဝလှသည့် ဒေသတစ်ခုဖြစ်ကြောင်း သိရသည်။

တရုတ်နိုင်ငံတွင် ယခုတွေ့ရှိခဲ့သည့် ရွှေသိုက်ကြီးမှာ မီတာ ၁၄၀၀ အနက်ရှိသည့် တွင်းပေါင်း ၂၅၀ ခန့်ကို တူးဖော်ခဲ့ပြီးမှ တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း၊ ယင်းရွှေသိုက်ကြီးသည် နှစ်ပေါင်း ၂၀ အတွင်း ရွှေသတ္တုရိုင်း တန်ချိန် ၂၀၀၀ ခန့် ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း တာဝန်ရှိသူများက ထုတ်ဖော်ပြောကြားထားသည်ဟု ဆင်ဟွာသတင်းတွင် ဆက်လက်ဖော်ပြထားသည်။

Source; Xinhua

စိုင်းဗညား - စုစည်းသည်

## စားအုန်းဆီဝယ်လိုအား တိုးလာရန် မလေးရှားနိုင်ငံ မျှော်မှန်းထား

လက်ရှိအချိန်တွင် မလေးရှားနိုင်ငံ၌ စားအုန်းဆီ ပြည်တွင်းစားသုံးမှု မြင့်တက်လျက်ရှိနေသော်လည်း ပြည်ပသို့ ပိုမိုတင်ပို့နိုင်ရန် မျှော်မှန်းထားကြောင်း သိရသည်။

ပြီးခဲ့သည့် ၂၀၂၂ ခုနှစ်တွင် မလေးရှားနိုင်ငံ၏ ပြည်တွင်းစားအုန်းဆီ သုံးစွဲမှုမှာ တန်ချိန် ၁၉ ဒသမ ၀၁ သန်းရှိခဲ့သည်။ သို့သော် ယခု ၂၀၂၃ ခုနှစ်တွင် မလေးရှားနိုင်ငံ၏ ပြည်တွင်း စားအုန်းဆီသုံးစွဲမှုမှာ တန်ချိန် ၁၉ ဒသမ ၈၅ သန်းအထိ မြင့်တက်လာမည်ဟု ခန့်မှန်းထားသည်။

ထို့ပြင် ပြည်ပနိုင်ငံများသို့ မလေးရှားနိုင်ငံ၏ ပြည်ပသို့ စားအုန်းဆီတင်ပို့မှုမှာ ၁၅ ဒသမ ၇၃ သန်းရှိခဲ့ရာမှ ၁၆ ဒသမ ၄၄ သန်းအထိ တိုးမြှင့်တင်ပို့နိုင်ရန် ရည်မှန်းထားကြောင်း သိရသည်။

အိန္ဒိယနိုင်ငံသည် ပြည်တွင်းစားသုံးမှုအတွက် စားအုန်းဆီကို အင်ဒိုနီးရှားနိုင်ငံနှင့် မလေးရှားနိုင်ငံတို့မှ အဓိက တင်သွင်းနေခြင်း ဖြစ်သည်။ နှစ်စဉ် ထိုကဲ့သို့ တင်သွင်းရာတွင် အိန္ဒိယနိုင်ငံသည် အင်ဒိုနီးရှားနိုင်ငံမှ စားအုန်းဆီကို အဓိက တင်သွင်းနေခြင်းဖြစ်သည်။

ယခု ၂၀၂၃ ခုနှစ်တွင် အင်ဒိုနီးရှားနိုင်ငံ၏ ပို့ကုန်ကန့်သတ်ချက်များကြောင့် စားအုန်းဆီ ဝယ်လိုအား အပြောင်းအလဲဖြစ်ခဲ့ပြီး အင်ဒိုနီးရှားနိုင်ငံမှ စားအုန်းဆီကို လိုသလောက် မရရှိခြင်းကြောင့် အိန္ဒိယနိုင်ငံသည် မလေးရှားနိုင်ငံမှ စားအုန်းဆီကို ပိုမိုဝယ်ယူရန် ကမ်းလှမ်းထားခြင်းဖြစ်သည်။ ထို့ကြောင့် မလေးရှားနိုင်ငံတွင် စားအုန်းဆီသိုလှောင်ထားသည့် လက်ကျန်များကုန်သွားသည်အထိ ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

မလေးရှားနိုင်ငံ၏ စားအုန်းဆီ သိုလှောင်မှုမှာ ပြီးခဲ့သည့် ၂၀၂၂ ခုနှစ်က တန်ချိန် ၄ ဒသမ ၂၂သန်းသာ ရှိခဲ့ရာမှ ယခု ၂၀၂၃ ခုနှစ်တွင် တန်ချိန် ၄ ဒသမ ၃၃ သန်း ရှိလာနိုင်ကြောင်းနှင့် ယခင်နှစ်များကထက် ၂ ဒသမ ၆ ရာခိုင်နှုန်းအထိ တိုးတက် ထုတ်လုပ်နိုင်မည်ဟုလည်း ရည်မှန်းထားကြောင်း သိရသည်။

လက်ရှိတွင် အင်ဒိုနီးရှားနိုင်ငံသည် ကမ္ဘာပေါ်တွင် စားအုန်းဆီထုတ်လုပ်သည့် အကြီးဆုံးနိုင်ငံဖြစ်ပြီး ၎င်း၏ နောက်တွင် မလေးရှားနိုင်ငံက ဒုတိယနှင့် ထိုင်းနိုင်ငံက တတိယ စသည်ဖြင့် အသီးသီးရှိနေသည်။

Source; bloomberg.com

